# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်　　၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၆ ရက်၊ တနင်္ဂနွေနေ့　　အတွဲ (၅၉)၊ အမှတ် (၃၃၉)


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မင်းတပ်နှင့် မတူပီမြို့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေးပြီး မတူပီမြို့ မြို့မိမြို့ဖများနှင့် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၅

**ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေးရန် ချင်းပြည်နယ် (တောင်ပိုင်း)၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မင်းတပ်မြို့ ပြည်ထောင်စုအဆင့် ဆေးရုံသုံးသာတည်ဆောက်နေမှု၊ မင်းတပ်ကောလိပ်စာသင်ဆောင် ဆောက်လုပ်နေမှု၊ လည်မျိုချောင်းတံတား တည်ဆောက်နေမှု၊ မတူပီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး သုံးထပ်ဆောင် ဆောက်လုပ်နေမှုနှင့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မတူပီမြို့ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။**

ဒုတိယသမ္မတသည် နံနက်ပိုင်းတွင် မင်းတပ်မြို့၌ ပြည်ထောင်စုအဆင့် ဆေးရုံသုံးသာ တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးရာ ချင်းပြည်နယ် လမ်းဦးစီးဌာနမှူး ဦးဆန်းလွင်က ရှင်းလင်းပြသသည်။ အဆိုပါ ပြည်ထောင်စုအဆင့် ဆေးရုံသုံးသာသည် အလျား ပေ ၁၂၀၊ အနံ ပေ ၅၀ ရှိပြီး သံကူကွန်ကရစ် နှစ်ထပ်အဆောက်အဦဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် မင်းတပ်ကောလိပ် ပေါင်းစုတည်ဆောက်ခြင်းလုပ်ငန်း ယာယီရှင်းလင်း ဆောင်သို့ရောက်ရှိရာ အဆောက်အဦဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးကျော်မင်းအေး က မင်းတပ်မြို့နှင့် မတူပီမြို့တို့တွင် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းအခြေအနေများ၊ မင်းတပ် ဝိဇ္ဇာသိပ္ပံကောလိပ်၊ ပညာရေးကောလိပ်နှင့် အစိုးရနည်းပညာနှင့် သက်မွေးပညာသိပ္ပံတည်ဆောက်ခြင်းလုပ်ငန်းများ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေခွဲဝေရရှိမှု၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တည်ဆောက်မည့် အဆောက်အဦများ၊ မင်းတပ်ကောလိပ်ပေါင်းစုအတွက် အမြဲတမ်းသုံးရေ ရရှိရေးဆောင်ရွက်မည့် လုပ်ငန်းစီမံချက်၊ ကျောင်းဝင်းပြင်ပ လျှပ်စစ်လုပ်ငန်းများနှင့် မင်းတပ်ကောလိပ် ပေါင်းစုတည်ဆောက်ခြင်းလုပ်ငန်း ၂၀၂၀-၂၀၂၁ အဆိုပြုရန်ပုံငွေဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ကောလိပ်ပေါင်းစုဝင်းအတွင်း သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေထွက်မှ ရေသွယ်ယူဖြန့်ဝေခြင်းကို အချိန်မီဆောင်ရွက်သွားရေး၊ လမ်း၊ အဆောက်အဦများ


*စာမျက်နှာ ၃ ကော်လံ ၁*




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မတူပီမြို့ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်



- ချင်းပြည်နယ်အတွင်း ရေအားလျှပ်စစ်ဓာတ်အားထုတ်ယူနိုင်သည့် အခြေအနေကောင်းများရှိသည့်အတွက် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀၀၀ အထိ ထုတ်လုပ်နိုင်သည်ဟု လေ့လာဆန်းစစ်ချက်များအရ သိရှိရ
- အဆိုပါ လျှပ်စစ်ဓာတ်အားထုတ်လုပ် ရရှိနိုင်မည်ဆိုပါက ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ဖြည့်ပေးနိုင်မည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချသွားနိုင်မည်


ကာကွယ်ဆေးမှာ အလားအလာကောင်းသည်ဟု ရုရှားသုတေသနပညာရှင်များပြော စာ ၁၂

ကိုဗစ် - ၁၉ ကာကွယ်ဆေး တရားဝင်အသုံးပြုချိန်တွင် နိုင်ငံအသီးသီး၏ အထူးသတ်မှတ်ထားသူများကို ဦးစားပေး ထောက်ပံ့ပေးမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြော စာ ၁၃

ကိုဗစ် - ၁၉ ကြောင့် ဖြစ်ပေါ်လာရသော ကလေးများ၏ စိတ်ဖိစီးမှု စာ ၁၄

## ဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းစွာဖြစ်ရန်မှာ

မြန်မာနိုင်ငံ၌ ပြည်သူလူထုအကြား အပြောအဆို အများဆုံးသော ခေါင်းစဉ်တစ်ခုမှာ ဥပဒေစိုးမိုးရေးဟုဆိုသော် မှားအံ့မထင်။

မြန်မာပြည်သူတို့သည် ရှုံးရောက် ဂတ်ရောက်ဆိုသည့် ကိစ္စကို အလွန်အင်မတန် စိုးရိမ်ကြောင့်ကြတတ်ကြသည်။ ငွေများတရားနိုင်ဟူသည့် အစဉ်အလာစကားမှာ အမှန်တရား သဖွယ် ဖြစ်ခဲ့သည်။ သြဇာအာဏာကြီးသူ၊ ငွေရှိသူတို့က ဥပဒေကို နည်းနည်းလေးမှ ကြောက်လေ့မရှိ။ ထို့ကြောင့်ပင် သာမန်လူထုအတွင်းတွင် တရားတပေါင် ဖြစ်ရမည်ကို အကြောက်ကြီးကြောက်ကာ ရှောင်ကြလေသည်။ စိတ်ထား ဆိုးညစ်မမှန်ကန်သူတို့က ထိုအလေ့အထကို အလွဲသုံးကာ ရိုးသားသည့် လူထုအပေါ် အနိုင်ကျင့်လေ့ရှိသည်။ ထိုသူတို့သည် မသိနားမလည်သူတို့ကို ဥပဒေနှင့် တရားရုံးနှင့် ရဲစခန်းနှင့် ခြိမ်းခြောက်လေ့ရှိပြီး သာမန်လူတန်းစားတို့မှာ ခံမပြောဝံ့ ပြန်စောဒက မတက်ဝံ့ဖြင့် အရှုံးပေး နှလုံးအေး နေကြရလေသည်။

ရဲ၊ တရားရုံး၊ ဥပဒေဆိုသည်တို့မှာ လူအများကို ကာကွယ်စောင့်ရှောက်ဖို့ ဖြစ်၏။ အမှန်တော့ ဥပဒေဟူသည် လူ့အသိုက်အမြုံတစ်ခု အေးချမ်းလုံခြုံစွာ တည်တည်ငြိမ်ငြိမ် နေထိုင်အသက်ရှင်နိုင်ရေးအတွက် တည်ရှိနေခြင်းသာ။ ဥပဒေဟူသည် တရားမျှတမှု၊ ပြည်သူလူထုကို စောင့်ရှောက်ကာကွယ်ပေးမှု၊ လူအချင်းချင်း မတရားမပြုနိုင်အောင် တားဆီးပေးနိုင်မှုတို့ကို အာမခံနိုင်ရမည်သာ။ သို့သော်လည်း မြန်မာနိုင်ငံ၌ ထွန်းကားခဲ့သော နိုင်ငံရေး၊ အုပ်ချုပ်ရေးစနစ်တို့သည် အာဏာရှိသူ၊ ငွေရှိသူတို့ကို အထူးအလေးထားသည့် စနစ်မျိုးဖြစ်ရာ လူထုမှာ ထိုသို့ အကာအကွယ် အစောင့်အရှောက်ကို ခံရဖို့ ဝေးလှပေ၏။ အာဏာရှိသူ အသိုင်းအဝိုင်းက ဥပဒေကို လိုသလို ဆွဲယူကာ ဖိနှိပ်ချုပ်ချယ်ကြသည်များကို ပြည်သူလူထုမှာ ခံပြီးရင်း ခံခဲ့ကြရပေသည်။ ထိုသို့ ခံရသည်မှာ များလွန်းလာသည့်အခါ လူထုကိုယ်တိုင်သည်လည်း ဥပဒေနှင့် လက်တစ်လုံးခြား နေတတ်ထိုင်တတ်ဖြစ်လာခဲ့ကြပေသည်။

ထို့အတွက်ကြောင့် နိုင်ငံတော်အတွက် ကြီးကျယ်သော နစ်နာဆုံးရှုံးမှုတစ်ရပ်မှာ ရဲ၊ တရားရုံး၊ ဥပဒေအစရှိသည့် ယန္တရား အစိတ်အပိုင်းအသီးသီးတို့ကို လူတို့က အားကိုးအားထားပြုရာဟု မသတ်မှတ်ကြတော့၊ သဘောမထားကြတော့သကဲ့သို့ ဖြစ်လာခြင်းပင်။

ဤသို့ဖြင့် အာဏာရှိ၊ ငွေရှိသူများသည် တရားဝင် ထင်ရာလုပ်ခွင့် ရှိသူများသဖွယ် ဖြစ်ခဲ့၏။ ယင်းနှင့် တစ်ပြိုင်နက် တည်းတွင် လက်ရဲ ဇက်ရဲသမားများ၊ လူဆိုးလူမိုက်များလက်ထဲ၌ ဥပဒေဟူသည်က အရေးမပါသလို ဖြစ်ခဲ့သည်။

ယနေ့ကာလ ပြည်သူ့အစိုးရခေတ်အထိ ထို အတွေးအယူများ၊ အလေ့အထများက နေရာများစွာတွင် ဆက်ခံရယူမိလျက်သား ဖြစ်နေသည့်အလျောက် ပြည်သူလူထုမှာ ဥပဒေဟူသည် မိမိကို အကာအကွယ်ပေးမည့်၊ စောင့်ရှောက်ပေးမည့်၊ အားကိုးရမည့် အရာဟု မမှတ်ယူသေးဘဲရှိနေသည်ကို နေရာများစွာ၌ တွေ့နေရဆဲဖြစ်ပါ၏။

ယခု ကိုဗစ်ရောဂါဘေး ကျရောက်ချိန်တွင် အခါအားလျော်စွာ လိုအပ်သလို ထုတ်ပြန်သော ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများသည် မိမိတို့ ပြည်သူလူထုကို ကပ်ရောဂါ ဘေးအန္တရာယ် အလွယ်တကူ မကျရောက်အောင် ကာကွယ်ပေးရန် ထုတ်ပြန်ခြင်း ဖြစ်သည်ဟု အမြင်မှန်မရောက်ကြခြင်းများပင် ရှိနေသည်ကို သတိပြုမိပါသည်။

ခေတ်သစ် စနစ်သစ်ဆီသို့ ကူးပြောင်းဖို့ အားထုတ်နေကြသည့် ပြည်သူ့အစိုးရခေတ်တွင် အချို့သော အတွေးအယူဟောင်းများ အလေ့အထဟောင်းများကို ပြုပြင်ကြရန် လိုအပ်ပါမည်။ ပြည်သူလူထုအနေဖြင့် ဥပဒေဟူသည် မိမိကို အကာအကွယ်ပေးမည့်၊ စောင့်ရှောက်ပေးမည့်၊ အားကိုးအားထားပြုရမည့်အရာဟု မှတ်ယူကြရန် လိုအပ်ပါမည်။

ထို့ထက်ပို၍ အထူးဂရုပြုကြရန်မှာ ဥပဒေစိုးမိုးရေးကို စောင့်ရှောက်ပေးနိုင်မည့် နယ်ပယ်အသီးသီး၊ ယန္တရားအသီးသီးမှ တာဝန်ရှိသူများက တရားမျှတမှုရှိရေးကို ဦးစားပေးခြင်း၊ ဥပဒေစိုးမိုးမှုကို ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်ခြင်း၊ ကိုယ်တိုင်လည်း ဥပဒေနှင့် မျှတမှုကို လေးစားလိုက်နာခြင်း၊ ဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းမြှင့်တင်ထူထောင်ပေးကြခြင်း စသည်တို့အားဖြင့် ပြည်သူလူထုက တရားဥပဒေကို ပိုမိုယုံကြည် ကိုးစားကြမည်၊ ဥပဒေများကို လိုက်နာကြမည်၊ ဥပဒေဘောင်တွင်း နေထိုင်ခြင်းကို အလေးထား မြတ်နိုး နှစ်သက်ကြမည်ဟု ယုံကြည်ရပါကြောင်း။ ။

## နေပြည်တော်သို့ လာရောက်သည့် အများပြည်သူများအား COVID-19 ဓာတ်ခွဲစမ်းသပ်ခ ကောက်ခံသည့်နှုန်းထား သတ်မှတ်ခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ ဓာတ်ခွဲခန်းများတွင် COVID–19 ဓာတ်ခွဲစမ်းသပ်ပေးရာ၌ ပြည်ပသို့ Relief Flight ဖြင့် လိုက်ပါမည့် မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် Home Quarantine နေထိုင်မည့် နိုင်ငံခြားသားများအတွက် (၁)ကြိမ်လျှင် ဓာတ်ခွဲစမ်းသပ်ခငွေ(၂)သိန်းကျပ်နှင့် ပြည်ပသို့ ထွက်ခွာမည့် သင်္ဘောသားများအတွက် (ဓာတ်ခွဲပစ္စည်း–Reagent များ သင်္ဘောကုမ္ပဏီမှ ဝယ်ယူပေးပြီး) ဓာတ်ခွဲစမ်းသပ်ခ (၁)ကြိမ်လျှင် ငွေ(၁)သိန်းကျပ် ကောက်ခံလျက်ရှိပါသည်။

ယခုအခါ နေပြည်တော်သို့ တိုင်းဒေသကြီး/ပြည်နယ်များမှ လာရောက်သော ပြည်သူများအား ဓာတ်ခွဲနမူနာ ရယူစစ်ဆေးမှုများ စတင်ပြုလုပ်လျက်ရှိရာ ဓာတ်ခွဲစမ်းသပ်ခ အခကြေးငွေ သတ်မှတ်ရာ၌–

- အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အခမဲ့
- နေပြည်တော်အတွင်း နေထိုင်သော ပြည်သူများအတွက် တစ်ကြိမ်လျှင် (၃၀,၀၀၀) ကျပ်
- အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် နေထိုင်သော ပြည်သူများအတွက် တစ်ကြိမ်လျှင် (၅၀,၀၀၀) ကျပ်
- နေပြည်တော်သို့ လာကြသည့် UN ဝန်ထမ်းများနှင့် INGO အဖွဲ့အစည်းများမှ နိုင်ငံခြားသားများအား တစ်ကြိမ်လျှင် (၂၀၀,၀၀၀) ကျပ်
- မည်သူမဆို ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ တရားဝင်ဖိတ်ကြားစာ ပါပါက အခမဲ့အဖြစ် သတ်မှတ်သည်။

ထို့အပြင် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးနှင့် အထူးကုဆေးရုံများသည် အနီးပတ်ဝန်းကျင်ဒေသများမှ ပြည်သူများ ဆေးကုသမှုခံယူရာ လွှဲပြောင်းဆေးရုံကြီး (Referral Center)များအဖြစ် လက်ခံကုသမှုပေးနေရသည်ဖြစ်ရာ ဆေးပညာကျင့်ဝတ်အရ လည်းကောင်း၊ လူသားချင်းစာနာသောရှုထောင့်မှ လည်းကောင်း၊ နယ်ဆေးရုံများမှ ဆရာဝန်များ၏ လွှဲပြောင်းစာ(Referral Letter) ဖြင့် ရောက်ရှိလာသော လူနာများနှင့် အရေးပေါ် ဆေးကုသမှုခံယူရန် နေပြည်တော်သို့ လာရောက်သော လူနာများအား နေပြည်တော်အဝင်ဂိတ်များတွင် ခွင့်ချက်ဖြင့် လူနာနှင့် လူနာစောင့် (၂)ဦးမှ (၃)ဦးအထိ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပြီး ဆေးရုံများရှိ သီးခြားဆောင် (Isolation room) တွင် ထားရှိ၍ COVID–19 ဓာတ်ခွဲနမူနာ အခမဲ့စစ်ဆေးပေးခြင်း၊ လိုအပ်သော ဆေးကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် ရွှေ့လျားကိုယ်အပူချိန်တိုင်းစက်ခြောက်လုံး အပါအဝင် လိုအပ်သောပစ္စည်းများ လာရောက်လှူဒါန်း




ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကမ္ဘောဇဘဏ်မှ ငွေကျပ် သိန်း ၁၂၀၀ ခန့်တန်ဖိုးရှိ ရွှေ့လျားကိုယ်အပူချိန်တိုင်းစက်ခြောက်လုံး အပါအဝင် အလှူရှင် ၁၆ ဦးက ငွေကျပ် ၂၃၀၄၇၂၀၀၀ တန်ဖိုးရှိ လိုအပ်သောပစ္စည်းများ လာရောက်ပေးအပ်လှူဒါန်းပွဲကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ စက်တင်ဘာ ၄ ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်–၁၉ ရောဂါ မဖြစ်ပွားမီ ဖေဖော်ဝါရီ ၂၆ ရက်မှ ယနေ့အချိန်ထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၆၁၆၄၂ သိန်း လှူဒါန်းခဲ့ပြီး နိုင်ငံတော်အတွက် ကဏ္ဍအသီးသီးတွင်လည်း အလှူငွေ စုစုပေါင်း ၁၆၆ ဘီလီယံကျော် လှူဒါန်းခဲ့သည့်အပြင် လိုအပ်သည့်အချိန်၊ လိုအပ်သည့် နေရာများတွင်လည်း အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် လှူဒါန်းသွားရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိုးနဲမြို့တွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအဖြစ် ငါးသားပေါက်ထောက်ပံ့

လင်းခေး စက်တင်ဘာ ၅

ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကိုဗစ်–၁၉ ကပ်ရောဂါကာလ စီးပွားရေးကုစားမှု အစီအစဉ်တစ်ခုဖြစ်သော ငါးမွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်လာစေရေးအတွက် မိုးနဲမြို့အတွင်းရှိ ငါးမွေးတောင်သူများအား နိုင်ငံတော်မှ ငါးသားပေါက်များ ထောက်ပံ့ခြင်း အခမ်းအနားကို မိုးနဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ကမ္ဘောဇခန်းမတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ယမန်နေ့က ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် လင်းခေးခရိုင် အုပ်ချုပ်ရေးမှူး ဦးနိုးဝေနှင့် ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ခေတ္တဦးစီးမှူး ဦးကျော်သီဟထွေးက ငါးသားပေါက်များ ထောက်ပံ့ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ခေတ္တ ဦးစီးဌာနမှူး၊ လင်းခေးခရိုင် အုပ်ချုပ်ရေးမှူး ဦးနိုးဝေနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မိုးနဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးထွဋ်၊ လင်းခေးခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သက်ဆုရည်ဝင်းနှင့် တာဝန်ရှိသူများက ငါးမွေးတောင်သူ ၂၁ ဦး၏ ၄၀ ဒသမ ၉၅၈ ဧကအတွက် ညောင်ရွှေငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်းနှင့် ငါးခုံးမကြီး ငါးသားပေါက် ကောင်ရေ ၈၁၉၁၆ ကောင်ကို အခမဲ့ထောက်ပံ့ပေးကြောင်း သိရသည်။ **သတင်းစဉ်**

## ညောင်လေးပင်မြို့နယ်၌ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်



ညောင်လေးပင် စက်တင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) ညောင်လေးပင်မြို့နယ်၌ ကျေးလက်နေ တိုင်းရင်းသား ပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနက သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ယနေ့ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောနိုင် ဦးဆောင်ကာ ဝန်ထမ်းများနှင့်အတူ ညောင်လေးပင်မြို့နယ်အတွင်းရှိ မက္ခမူကျေးရွာအုပ်စု၊ ချောင်းရင်းကျေးရွာအုပ်စုနှင့် ထော်နွတ်ကျေးရွာအုပ်စုအတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများ၊ ပျောက်ဆုံး၊ ပျက်စီးသူများအား စာရင်းကောက်ယူခြင်း၊ စစ်ဆေးခြင်းများပြုလုပ်ပြီး အမျိုးသား ၁၀၀ နှင့် အမျိုးသမီး ၁၅၆ ဦး စုစုပေါင်း ၂၅၆ ဦးတို့အတွက် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးကြောင်း သိရသည်။

**ပိန်းဇလုပ်–သိန်းညွန့်**

# ပြည်သူသာလျှင် အဓိက



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မင်းတပ်ကောလိပ် စာသင်ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

■ *ရှေ့ဖုံးမှ*

ဆောက်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး၊ အစိုးရနည်းပညာနှင့် သက်မွေးပညာ သိပ္ပံအတွင်းစာသင်ဆောင် ဆောက်လုပ်နိုင်ရေး အဝင်လမ်း ဖောက်လုပ်နိုင်ရန် ဦးစားပေးဆောင်ရွက်ရေးနှင့် ကောလိပ် ပေါင်းစုဝင်းအတွင်းရှိ တည်ဆောက်မှုများနှင့် စပ်လျဉ်း၍ အများပြည်သူသိရှိနိုင်ရန် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယသမ္မတသည် မင်းတပ်ကောလိပ် စာသင်ဆောင် ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ စာသင်ဆောင်သည် အလျား ၂၀၈ ပေ၊ အနံ ၃၈ ပေရှိပြီး သံကူကွန်ကရစ် နှစ်ထပ်အဆောက်အဦဖြစ်ကာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ၆၃၂ ဒသမ ၃၂ သန်းဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မတူပီမြို့နယ်ရှိ လည်မျိုတံတား ယာယီ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်နယ်ဝန်ကြီးများ ဖြစ်ကြသည့် ဦးစိုးထက်၊ ဦးဝီကောနှင့် အင်ဂျင်နီယာချုပ် ဦးမျိုးဝင်းတို့က တည်ဆောက်မှုအခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

အဆိုပါ တံတားသည် မင်းတပ် - မတူပီ လမ်းပေါ်တွင် တည်ရှိပြီး တံတားအရှည် ပေ ၂၄၀၊ အကျယ် ပေ ၃၀ နှင့် ၆ လက်မရှိကာ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ကြောင်း သိရသည်။

### စီမံကိန်းလုပ်ငန်းများ တင်ပြ

ထို့နောက် ဒုတိယသမ္မတသည် မတူပီမြို့ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံသို့ ရောက်ရှိရာ အင်ဂျင်နီယာချုပ် ဦးစိုးမင်းထွန်းက ချင်းပြည်နယ်အတွင်း တည်ဆောက်ပြီးစီးခဲ့သည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ အခြေအနေများ၊ တည်ဆောက်လျက်ရှိသည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံအခြေအနေများ၊ ချင်းပြည်နယ်အတွင်းဆောင်ရွက်ပြီး စီမံကိန်းလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရန်လျာထားသည့် စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် မတူပီမြို့ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ဓာတ်အားခွဲရုံဖွင့်လှစ်နိုင်ခဲ့သဖြင့် မတူပီမြို့သို့ မဟာဓာတ်အားလိုင်းစနစ်မှ ၂၀၂၀ ပြည့်နှစ် ဇွန် ၂၁ ရက်တွင် လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဖြူး ပေးနိုင်ခဲ့မှု အပေါ် ဒေသခံပြည်သူများအနေဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြကြောင်း သိရသည်။

### မြို့မိမြို့ဖများနှင့် တွေ့ဆုံ

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် မတူပီမြို့ ဘုံတလာခန်းမ၌ မတူပီမြို့ မြို့မိမြို့ဖများ နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတက မိမိတို့ အစိုးရသက်တမ်း ကာလအတွင်း မတူပီမြို့သို့လေးကြိမ်မြောက်လာရောက်ခြင်း ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပြီးစီး မှုများကို လက်တွေ့ကျကျမြင်တွေ့နိုင်ရန် လာရောက်ရခြင်း ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များနှင့် ဒေသခံပြည်သူ တို့၏ အသံများကို ကြားသိနိုင်ရန် လာရောက်ရခြင်းလည်း ဖြစ်ပါကြောင်း၊ မတူပီမြို့၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုကို မြင်တွေ့ရသည့်အတွက် များစွာဂုဏ်ယူ မိပါကြောင်း၊ လေကြောင်းဆက်သွယ်ရေး အနေဖြင့် လိုင်လင်းပီလေယာဉ်ကွင်း တည်ဆောက်မှုသည် ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါကြောင်း၊ မတူပီမြို့ လျှပ်စစ် ဓာတ်အားလိုအပ်ချက်အတွက် မဟာဓာတ်အားလိုင်းမှ ဖြည့်ဆည်းပေးနိုင်ပြီဖြစ်ပါကြောင်း၊ မတူပီမြို့နယ်အတွင်း ကျန်ရှိနေသေးသည့် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မတူပီမြို့ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ကိုဗစ် - ၁၉ ကပ်ရောဂါကို တစ်ကမ္ဘာလုံးအတိုင်းအတာ ဖြင့် ဆိုးရွားစွာကြုံတွေ့နေကြရပါကြောင်း၊ ကပ်ရောဂါ၏ စိန်ခေါ်မှုမှာ ကြီးမားပါကြောင်း၊ ကိုဗစ် - ၁၉ ကပ်ရောဂါနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက် များ၊ စည်းမျဉ်းစည်းကမ်းများကို သေချာစွာ လိုက်နာ ကျင့်သုံးဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ စိုးရိမ်မှု လွန်ကဲရန် မလိုအပ်ပါကြောင်း၊ အဆိုပါရောဂါကို အစိုးရ နှင့် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုများ၊ ကိုယ်စီ အသိတရားများဖြင့် ကျော်လွှားသွားနိုင်မည် ဖြစ်ပါကြောင်း။

အသက် ၁၈ နှစ်ပြည့်ပြီး ၅ နှစ်လျှင် တစ်ကြိမ်သာ ပါဝင်ခွင့်ရသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကြီးတွင် မိမိတို့ရရှိသည့် ဆန္ဒမဲပေးခြင်းအခွင့်အရေးကို လက်လွှတ်ဆုံးရှုံးမခံကြစေလိုပါကြောင်း၊ မဲစာရင်းများ မှန်ကန်ရေးအတွက် ပူးပေါင်း ဆောင်ရွက်ကြစေလိုပါ ကြောင်း။

### နည်းလမ်းများရှာဖွေဆောင်ရွက်

နိုင်ငံတော်အစိုးရက ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူ များအနေဖြင့် နိုင်ငံတော်အစိုးရအား တတ်အားသရွေ့ ပြန်လည်အထောက်အကူပေးနိုင်ရန် ကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ချင်းပြည်နယ်အတွင်း နယ်မြေ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သည့် ဈေးကွက်ဝင် "ဂ" ဥ၊ ကော်ဖီနှင့် ထောပတ် စသည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ စီးပွားဖြစ် ဖြစ်ထွန်းအောင်မြင်အောင် တစိုက် မတ်မတ် အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ချင်းပြည်နယ် အတွင်း ရေအားလျှပ်စစ် ဓာတ်အားထုတ်ယူနိုင်သည့် အခြေအနေကောင်းများရှိ သည့်အတွက် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀၀၀ အထိ ထုတ်လုပ်နိုင်သည်ဟု လေ့လာဆန်းစစ်ချက်များအရ သိရှိ ရပါကြောင်း၊ အဆိုပါလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရရှိနိုင် မည်ဆိုပါက ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားလိုအပ် ချက်ဖြည့်ပေးနိုင်မည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချ သွားနိုင်မည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေများ ရရှိ နိုင်ရန်နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ မတူပီမြို့၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ စေတနာမေတ္တာများကို မြင်တွေ့ နိုင်ပါကြောင်း၊ နိုင်ငံအတွက် ဒေသဖွံ့ဖြိုးရေးအတွက် မိမိ အနေဖြင့် မည်သည်တို့ကို ဆောင်ရွက်ပေးနိုင်မည်နည်း ဆိုသည်ကို ထည့်သွင်းစဉ်းစားပြီး နိုင်ငံတော်အစိုးရနှင့် ပြည်သူ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရ မည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ပြန်လည်ရှင်းလင်း ဖြေကြား

ထို့နောက် မြို့မိမြို့ဖ ဦးထန်ကျင်း က ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များဖြစ်သည့် မတူပီမြို့နယ်အတွင်း စက်မှု လက်မှုသိပ္ပံကျောင်းဖွင့်လှစ်ပေးနိုင်ရေး၊ မတူပီပြည်သူ့ ဆေးရုံကို ခုတင် (၁၀၀) ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးနိုင် ရေး၊ ခရိုင်အဆင့်မြို့ဖြစ်သည်နှင့်အညီ ဌာနဆိုင်ရာရုံးများ နှင့် ဝန်ထမ်းများဖြည့်ဆည်းပေးနိုင်ရေး၊ ရေဇွာတိုက်နယ် ဆေးရုံကို (၂၅) ခုတင်ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ပေးနိုင်ရေး၊ ရေဇွာမြို့အတွက် မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ် ဓာတ်အားရရှိရေး၊ လိုင်လင်းပီမြို့၌ မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ပေးနိုင်ရေးနှင့် လုံငိုးတိုက်နယ်ဆေးရုံတွင် ဆရာဝန်

> “ နိုင်ငံတော်အစိုးရက ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံ ပြည်သူများအနေဖြင့် နိုင်ငံတော် အစိုးရအား တတ်အားသရွေ့ ပြန်လည် အထောက်အကူပေးနိုင်ရန် ကြိုးပမ်း ကြရမည်ဖြစ် ”

နှင့် ဝန်ထမ်းများ ခန့်ထားပေးနိုင်ရေးတို့ကို လည်းကောင်း၊ မြို့မိမြို့ဖ ဦးတိတ်မင်းက ပလက်ဝမြို့နယ်ရှိ ဝန်ထမ်းများ အား မူရင်းလစာ၏ နှစ်ဆ ခံစားခွင့် ပြုပေးနိုင်ရေး၊ Multi-Purpose Shelter နှစ်ထပ်ဆောင် ဆောက်လုပ်ပေးနိုင်ရေး၊ ပလက်ဝမြို့ ဆေးရုံအား ခုတင်(၁၀၀) ဆေးရုံအဖြစ် အဆင့် တိုးမြှင့်ပေးနိုင်ရေးနှင့် တိုက်ပွဲရှောင်ပြည်သူများအား နေရာ ချထားပေးနိုင်ရေးတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများ ဖြစ်ကြ သည့် ဦးတင်မြင့်နှင့် ဗိုလ်ချုပ်စိုးတင့်နိုင်၊ ပြည်နယ်ဝန်ကြီး ဦးစိုးထက်၊ ဦးရွှေထီးအိုး၊ ဦးပေါင်လွှန်းမင်ထန်နှင့် ညွှန်ကြား ရေးမှူးချုပ် ဒေါက်တာစိုးဦးတို့က ပြန်လည် ရှင်းလင်း ဖြေကြားကြသည်။

### ထောက်ပံ့ငွေများ ပေးအပ်

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကိုဗစ် - ၁၉ ကာလအတွင်း မတူပီမြို့နယ်တွင် စေတနာ့ဝန်ထမ်း Volunteer ထမ်းဆောင် ခဲ့သူများအား ထောက်ပံ့ငွေများပေးအပ်ပြီး ဒုတိယဝန်ကြီး ဦးတင်မြင့်က မတူပီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတသည် မတူပီခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးအဆောက်အဦ ဆောက်လုပ်ခြင်း လုပ်ငန်းသို့ရောက်ရှိရာ အင်ဂျင်နီယာချုပ် ဦးကျော်မင်းအေး က အဆောက်အဦဆိုင်ရာအချက်အလက်များ၊ ဆောက်လုပ် လျက်ရှိသည့် လုပ်ငန်းအခြေအနေများနှင့် ထပ်မံလိုအပ် သည့် ရန်ပုံငွေဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် မတူပီခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံးအဆောက်အဦ ဆောက်လုပ်ခြင်း လုပ်ငန်းအား ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဆောက်အဦသည် အလျားပေ ၁၂၀၊ အနံ ၁၃၆ ပေ၊ အမြင့် ပေ ၄၀ ရှိပြီး သံကူကွန်ကရစ် သုံးထပ် အဆောက်အဦဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ အား မင်းတပ်မြို့ လမ်းဦးစီးဌာန ဧည့်ရိပ်သာ၌ တွေ့ဆုံ သည်။

**သတင်းစဉ်**

❑ကျော်ဖုံးမှ

ထိုသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ အခြေခံမူဖြစ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အတိုင်း ခိုင်ခိုင်မာမာလျှောက်လှမ်းရေး၊ တပ်မတော်အနေဖြင့် NCA လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ပြီး ငြိမ်းချမ်းရေးအပေါ်တွင် ထားရှိသည့် တပ်မတော်၏ သဘောထားသည် ပြောင်းလဲသွားမည်မဟုတ်ကြောင်းနှင့် ထာဝရငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် KNU/ KNLA (PC) အဖွဲ့အနေဖြင့် စံနမူနာပြအဖြစ်ဖြင့် ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

### လိုအပ်ချက်များကို တင်ပြ

KNU/ KNLA (PC) အဖွဲ့မှ ဥက္ကဋ္ဌ စောထော်လေးနှင့် အဖွဲ့ဝင်များက ပြန်လည်ပြောကြားရာတွင် ငြိမ်းချမ်းရေးလမ်းစဉ်အတိုင်း ဆက်လက်လျှောက်လှမ်းရန်မှာ မိမိတို့အဖွဲ့၏ ဆုံးဖြတ်ချက်ဖြစ်မှု၊ KNU/ KNLA (PC) အဖွဲ့အနေဖြင့် NCA လမ်းကြောင်းမှတစ်ဆင့် ဖော်ဆောင်နေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ပန်းတိုင်ရောက်သည်အထိ တပ်မတော်နှင့် လက်တွဲပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံလိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

### မည်သူ့ကိုမျှ ချန်လှပ်မထား

ဆွေးနွေးတင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းရင်းသားအရေးနှင့် ပတ်သက်လာပါက မြန်မာနိုင်ငံ၌ တိုင်းရင်းသားလူမျိုးစု ၁၃၀ ကျော်ရှိသည့်အတွက် မည်သူ့ကိုမျှ ချန်လှပ်မထားရေး၊ အားလုံးပါဝင်နိုင်မည့် အခြေအနေဖြစ်စေရေးနှင့် အားလုံး၏ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသကို ပြန်လည်အကျိုးပြုနိုင်မည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေး ပညာရေးကို အားပေးရန် လိုအပ်သကဲ့သို့ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးကိုလည်း မြှင့်တင်ကြရမည်ဖြစ်ကြောင်း၊ ယခုတင်ပြခဲ့သည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား တပ်မတော်မှ ဆောင်ရွက်နိုင်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်လည်း ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ပေးသွားမည်ဟု ပြန်လည်ပြောကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

---

# ဂျပန်နိုင်ငံ JICA မှ ချေးငွေဖြင့် ဇူလိုင်လကုန်အထိ အိမ်ရာဝယ်ယူလိုသူ ၁၈၆၈ ဦးအပါအဝင် စုစုပေါင်းအိမ်ရာဝယ်ယူလိုသူ ၅၀၄၁ ဦးကို ငွေချေးပေးနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၅**

ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ် (အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်) အထူးအထွေထွေအစည်းအဝေးနှင့် သတ္တမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် နဝဒေးလမ်းရှိ CHID Bank (ရုံးချုပ်)၌ ကျင်းပသည်။



အစည်းအဝေးသို့ နေပြည်တော်မှ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ အမြဲတမ်းအတွင်းဝန် ဦးရွှေလေး၊ CHID Bank ဥက္ကဋ္ဌ ဦးမင်းထိန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များတက်ရောက်ကြပြီး ရန်ကုန်မှ CHID Bank ဒုတိယဥက္ကဋ္ဌ၊ စာရင်းစစ်အဖွဲ့၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များ၊ တာဝန်ရှိသူများက Zoom Application ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်နာယက၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ အိမ်ရာပိုင်ဆိုင်မှုရရှိစေရန်အတွက် တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အိမ်ရာဘဏ္ဍာငွေကြေးစနစ်တစ်ရပ်ကို တာဝန်ယူဆောင်ရွက်ပေးမည့် ဘဏ်တစ်ခု လိုအပ်လာသည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ အစိုးရနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းပါဝင်သော ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်ကို ၂၀၁၃ ခုနှစ်မှ စတင်တည်ထောင်ခဲ့ရာ ယခုအခါ တိုင်းဒေသကြီး / ပြည်နယ်များတွင် ဘဏ်ခွဲပေါင်း ၁၇ ခုအထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒထဲ၌ပါဝင်သည့် စနစ်ကျသော မြို့ပြများဖွံ့ဖြိုးပေါ်ထွက်လာရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် ငွေကြေးလက်လှမ်းမီလာစေရေးနှင့် အိမ်ရာဘဏ္ဍာငွေကြေးစနစ်အားကောင်းခိုင်မာစေရေး၊ နိုင်ငံသားတိုင်း လုံခြုံစိတ်ချရသော အိမ်ရာများကို ပိုင်ဆိုင်ရေးအတွက် ငွေကြေးဝန်ဆောင်မှုတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များမှ ပုဂ္ဂလိက အိမ်ရာထုတ်လုပ်ရေးအတွက် လိုအပ်သော အိမ်ရာချေးငွေများ ချေးပေးနိုင်ရေးတို့ကိုလည်း ဆောင်ရွက်ပေးနေပါကြောင်း။

ဝင်ငွေနည်းပြည်သူအား အိမ်ရာဝယ်ယူနိုင်စွမ်းရှိစေရန် ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်ရှည်အိမ်ရာ ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အိမ်ရာချေးငွေကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဂျပန်နိုင်ငံ JICA မှ နှစ်ရှည်အတိုးနှုန်းသက်သာသော ODA Two Step Loan ဖြင့် ကာလရှည်ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ODA Two Step Loan ဖြင့် ဇူလိုင်လကုန်အထိ အိမ်ရာဝယ်ယူလိုသူ ၁၈၆၈ ဦးအပါအဝင် စုစုပေါင်း အိမ်ရာဝယ်ယူလိုသူ ၅၀၄၁ ဦးကို ငွေချေးပေးနိုင်ခဲ့ပါကြောင်း။

ကိုဗစ်-၁၉ အကျပ်အတည်းကာလအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်နှင့်အညီ ချေးငွေအတိုးနှုန်းသက်သာခွင့်များပေးခဲ့ရာ ဘဏ်၏ငွေရင်းနှင့် ထုတ်ချေးသူများ၏ အတိုးနှုန်းကို ၁၃ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိလည်းကောင်း၊ JICA နှစ်ဆင့်ချေးငွေနှင့် ထုတ်ချေးသူများ၏ အတိုးနှုန်းကို ၈ ဒသမ ၅ ရာခိုင်နှုန်းမှ ၅ ဒသမ ၅ ရာခိုင်နှုန်းသို့ လည်းကောင်း လျှော့ချပေးခဲ့ပါကြောင်း။

CHID ဘဏ်အနေဖြင့် ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် ဝင်ငွေထိခိုက်မှုရှိခဲ့သည့် အိမ်ရာချေးငွေရယူထားသူများအား လစဉ်ပေးသွင်းရမည့် အရစ်ကျငွေ (အရင်း+အတိုး) အနက် အရင်းငွေကို ဆိုင်းငံ့၍ အတိုးငွေကိုသာ ပေးသွင်းရမည့် အစီအစဉ်ကိုလည်း ၂၀၂၀ ပြည့်နှစ် ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်နှင့် စက်တင်ဘာလများအတွက်စိစစ်၍ ခွင့်ပြုပေးခြင်းနှင့် လစဉ်ပေးဆပ်ငွေ သတ်မှတ်နောက်ဆုံးရက်ကို ၅ ရက်မှ ၁၅ ရက်သို့ နောက်ကျကြေးကောက်ခံခြင်း မပြုဘဲ ရွှေ့ဆိုင်းလက်ခံခြင်းတို့ကို ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေလျှော့ပေးသည့်အနေဖြင့် Commercial Loan၊ Construction Loan များကို ချေးငွေပမာဏတိုးမြှင့်ထုတ်ချေးပေးခြင်း၊ ချေးငွေအသစ် ခွင့်ပြုပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ဘဏ်လုပ်ငန်းဆောင်ရွက်ရာတွင် International Financial Reporting Standard (IFRS) နှင့်အညီ တီထွင်ဆန်းသစ်မှုရှိသည့် ငွေကြေးဝန်ဆောင်မှုပုံစံများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူလူထု၏ လိုအပ်ချက်များကို ထိရောက်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် ဦးဆောင်ဘဏ်ကြီး တစ်ခုအဖြစ် ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ ဦးမင်းထိန်က ဘဏ်ဖွင့်လှစ်ခဲ့သည့် ရည်ရွယ်ချက်၊ ဘဏ်၏တိုးတက်မှု အခြေအနေနှင့် ပြည်သူများအတွက် အနာဂတ်အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်ထားရှိမှုနှင့် ဘဏ်၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌဦးသာငွေးက ဘဏ်၏ လုပ်ငန်းပိုင်းဆိုင်ရာနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် Chief Policy Officer ဦးဝင်းဇော် က ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်၏ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း (Constitution) ကို တင်ပြအတည်ပြုချက်ရယူသည်။

ဆက်လက်၍ ဒုတိယပိုင်း သတ္တမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အစီအစဉ်အတိုင်း ကျင်းပရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ နှစ်ချုပ် စာရင်းများနှင့် အမြတ်ဝေစုခွဲဝေမှုများကို တင်ပြအတည်ပြုချက်ရယူခြင်း၊ စာရင်းစစ် အစီအရင်ခံစာ တင်ပြအတည်ပြုချက်ရယူခြင်း၊ လက်ရှိအစုရှယ်ယာရှင်များသို့ အစုရှယ်ယာများ ရောင်းချခြင်း၊ ပြန်လည်ဝယ်ယူခြင်းကိစ္စရပ်များကို တင်ပြအတည်ပြုချက်ရယူခြင်း၊ ဒါရိုက်တာအဖွဲ့ဝင်သုံးပုံတစ်ပုံ နုတ်ထွက်ခြင်း၊ ၂၀၁၉-၂၀၂၀ သက်တမ်းအတွက် လစ်လပ်သည့် နေရာတွင် ဒါရိုက်တာများ ရွေးချယ်ခြင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်ခန့်ထားခြင်းနှင့် အခကြေးငွေ သတ်မှတ်ခြင်း၊ Chief Policy Officer က အစုရှယ်ယာရှင်များမှ ကြိုတင်ပေးပို့ထားသော မေးခွန်းများ ဖြေကြားခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားရာဒေသများမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်မည့်သူများ မိမိစရိတ်ဖြင့် ကန့်သတ်စောင့်ကြည့်မှုခံယူရမည်

**မန္တလေး စက်တင်ဘာ ၅**

လက်ရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားရာဒေသများမှတစ်ဆင့် မန္တလေးမြို့သို့ လာရောက်ကြမည့်သူများအနေဖြင့် မိမိတို့စရိတ်ဖြင့် အသွားအလာကန့်သတ်စောင့်ကြည့်ခြင်းခံယူရမည်ဖြစ်ပြီး ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း နေထိုင်ကြရမည်ဖြစ်ကြောင်း စက်တင်ဘာ ၄ ရက်က ပြုလုပ်သည့် တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့သည်။

တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က "ကိုဗစ်-၁၉ ကတော့ တစ်ကျော့ပြန်လာပြီလို့ သတိပေးနေပြီ၊ လောလောဆယ် ဖြစ်ပွားမှုနှုန်းက ဦးရေတစ်ထောင် ကျော်သွားပြီ၊ ပိုးတွေ့လူနာနဲ့ ထိတွေ့သူတွေလည်း ဆက်ပြီး ကူးနေတာ တွေ့ရတယ်၊ ရန်ကုန်တိုင်းကတော့ မြို့နယ်အတော်များများဖြစ်နေပြီ၊ နေပြည်တော်က ကန့်သတ်ထားပြီ၊ မန္တလေးအနေနဲ့လည်း အသွားအလာများတဲ့ မြို့ဖြစ်နေတယ်၊ ဆေးရုံတွေလည်း ပြင်ဆင်ထားကြဖို့ လိုတယ်၊ ကုန်စည်စီးဆင်းမှုကိုလည်း မထိခိုက်စေချင်သေးဘူး၊ စီးပွားရေးလုပ်ငန်းတွေ၊ ဈေး၊ လက်ဖက်ရည်ဆိုင်နဲ့ စားသောက်ဆိုင်တွေကိုလည်း ပြင်းပြင်းထန်ထန် မထိခိုက်စေချင်သေးဘူး၊ အဲဒီအပေါ်မှာမူတည်ပြီး စဉ်းစားကြရမယ်"ဟု ပြောကြားသည်။

ပြည်တွင်းကူးစက်မှု ဖြစ်ပွားမှုများသော ဒေသဖြစ်သည့် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ မန္တလေးသို့ လာရောက်ကြမည့်သူများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် နေထိုင်ကြောင်း ထောက်ခံချက်နှင့် ကျန်းမာရေးဌာနမှထောက်ခံချက် ယူဆောင်လာရမည့်အပြင် ယင်းထောက်ခံချက်၌ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်သည့် အကြောင်းရင်းကိုလည်း ဖော်ပြရမည်ဖြစ်ကြောင်း၊ အသွားအလာကန့်သတ်စောင့်ကြည့်မှုခံယူခြင်းနှင့် တို့ဖတ်နမူနာယူ ဓာတ်ခွဲစစ်ဆေးခြင်းများအတွက်လည်း မိမိစရိတ်ဖြင့်သာ အကုန်အကျခံကြရမည်ဖြစ်ကြောင်း အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် ကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက မန္တလေး မြို့ဝင်မြို့ထွက်နေရာများတွင် ကျန်းမာရေးစစ်ဆေးမှုအခြေအနေများ၊ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်မှုနှင့် ကန့်သတ်မှုများ ပိုမိုပြုလုပ်သွားရေးကိုလည်းကောင်း၊ ကော်မတီဝင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ သန်းသန်းမြင့်က တိုင်းဒေသကြီးအတွင်း ပိုးတွေ့လူနာအခြေအနေနှင့် အသွားအလာကန့်သတ်စောင့်ကြည့်ခြင်းပြုလုပ်ထားမှုများ၊ ကာကွယ်ထိန်းချုပ်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ခရိုင်/မြို့နယ်ဆေးရုံများတွင် ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးအတွက် ပြင်ဆင်ထားရှိမှုအခြေအနေများ၊ အာခေါင်တို့ဖတ်နမူနာရယူပြီး အချိန်နှင့်တစ်ပြေးညီ ပေးပို့သွားနိုင်ရေး ဆောင်ရွက်ထားမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနမှ တာဝန်ရှိသူက ပေးပို့လာသည့် အာခေါင်တို့ဖတ်နမူနာများကို နေ့စဉ်ဓာတ်ခွဲနေမှု အခြေအနေများ၊ ဓာတ်ခွဲမှုဆိုင်ရာပညာရှင်နှင့် ဝန်ထမ်းအင်အား အခြေအနေများ၊ အာခေါင်တို့ဖတ်နမူနာများ ဆောလျင်စွာ ရောက်ရှိလာပါက ယခုထက် ပိုမိုဓာတ်ခွဲ စမ်းသပ်ပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီးနောက် ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များအလိုက် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များစာရင်း ပြည့်စုံမှန်ကန်စွာကြေညာနိုင်ရေး ဒုတိယအကြိမ် ကွင်းဆင်းစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၅**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ် ရှစ်မြို့နယ် (ပုဗ္ဗသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်နှင့် လယ်ဝေးမြို့နယ်) ရှိ သက်ဆိုင်ရာ မြို့နယ်/ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအလိုက် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများအပေါ် ကူညီပံ့ပိုးဆောင်ရွက်ပေးရမည့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဒုတိယအကြိမ် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရမည့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအတွက် ကွင်းဆင်းဆောင်ရွက် ညှိနှိုင်းပေးစဉ်။

ပြည်ထောင်စုဝန်ကြီးက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း မှန်ကန်ပြည့်စုံစေရန် ဆောင်ရွက်ပေးရမည့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို သိရှိဖြည့်ဆည်းပေးနိုင်ရေးအတွက် လာရောက်ခြင်းဖြစ်ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ပင်မလုပ်ငန်းတာဝန် များပြားသော်လည်း ရွေးကောက်ပွဲကျင်းပနိုင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းစဉ်များတွင် အလေးထား ဆောင်ရွက်နေကြသည်ကို ကျေးဇူးတင်ပါကြောင်း၊ ထောက်ပံ့ငွေများ ပေးအပ်ရာတွင် အလွဲသုံးစားမှုများ မရှိစေရေး အဆင့်ဆင့်ကြပ်မတ်သွားရန် လိုအပ်ကြောင်း၊ ထို့အပြင် မဲစာရင်းများ မှန်ကန်စွာ အချိန်မီ ပြုစုပြီးစီးနိုင်ရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ပြင်ပကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူ နှစ်ဦးစီအား တစ်လ သီးသန့်တာဝန်ပေးအပ်နိုင်ရေးအတွက်ကိုလည်း နိုင်ငံတော်အစိုးရက မြို့နယ်ပေါင်း ၃၃၀ အတွက် စီစဉ် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ကိုဗစ် – ၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP)အရ အခြေခံလူတန်းစား အိမ်ထောင်စုများကို တတိယအကြိမ် ကျပ် နှစ်သောင်း ထပ်မံပေးအပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပေးအပ်ရာတွင် အောက်ခြေအဆင့်ဆင့်၌ အလွဲသုံးစားမှု မရှိစေရေး အထူးဂရုစိုက် ကြပ်မတ်သွားစေလိုကြောင်း၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများကို မဲရုံများတွင် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ ကူညီပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညှိနှိုင်းမေတ္တာရပ်ခံလာမှုနှင့် စပ်လျဉ်း၍ မိမိတို့ဌာန၏ ဝန်ထမ်းအင်အား မလုံလောက်မှုကြောင့် အခြားဌာနဆိုင်ရာ/စေတနာ့ဝန်ထမ်းများဖြင့် ကျန်းမာရေး အထောက်အကူပြု အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပြီး ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ရေးကြိုတင်စီမံဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သောကြောင့် “နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ (၂၆) ပုဒ်မခွဲ (က) တွင် “နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်” ဟုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း ဥပဒေ ပုဒ်မ (၁၀)၊ ပုဒ်မခွဲ (ဆ)တွင် ဝန်ထမ်းများ လိုက်နာရမည့် တာဝန်များတွင် “ပါတီနိုင်ငံရေး ကင်းရှင်းခြင်း” ဟုလည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ ဝန်ထမ်းကျင့်ဝတ်၊ အခန်း (၁)အပိုဒ် (၁)၊ အပိုဒ်ခွဲ(ဆ) တွင် “ ပါတီနိုင်ငံရေး ကင်းရှင်းခြင်း” ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ရာ နိုင်ငံရေးပါတီ/ အဖွဲ့အစည်းများ၏ လှုပ်ရှားဆောင်ရွက်မှု စည်းရုံးရေး ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လှုပ်ရှားဆောင်ရွက်မှုများ၊ စည်းရုံးရေးလုပ်ငန်းများနှင့် အခမ်းအနားများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရန် ညွှန်ကြားထားပြီး ဖြစ်သောကြောင့် ယခု ကာလတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် အထူးအလေးထား မှာကြားလိုကြောင်း။

နိုင်ငံသားတိုင်း၏ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် ကိုယ်စီ မဲပေးနိုင်ရန်အတွက်လည်း နှိုးဆော်ပေးစေလိုကြောင်း ပြောကြားပြီး ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် လက်ရှိဆောင်ရွက်ပြီးစီးနေသည့် အခြေအနေနှင့် ကြုံတွေ့နေရသည့် အခက်အခဲများ၊ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လုပ်ငန်းစဉ်တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားစေရေးနှင့် ကာကွယ်ရေး နေပြည်တော်အတွင်း ဝင်ရောက်လာသူများအား စစ်ဆေးလျက်ရှိ

**တပ်ကုန်း စက်တင်ဘာ ၅**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ကိုဗစ်–၁၉ ရောဂါ မဖြစ်ပွားစေရေးနှင့် ကာကွယ်ရေးအတွက် နေပြည်တော်အတွင်း ဝင်ရောက်လာသူများအား ပူးပေါင်းစစ်ဆေးရေးဂိတ်များဖွင့်လှစ်၍ စစ်ဆေးလျက်ရှိသည်။

ရန်ကုန်–မန္တလေးလမ်းဟောင်းမှ ဝင်လာသူများအား ကြို့ပင်သာစစ်ဆေးရေးဂိတ်၊ အမြန်လမ်းမှ ဝင်ရောက်လာသူများအား ဆည်မြောင်းရုံးရှေ့ စစ်ဆေးရေးဂိတ်၊ ရှမ်းပြည်နယ်နှင့် ပင်လောင်းဘက်မှ ဝင်ရောက်လာသူများအား ကင်းသာဂိတ်တို့မှ ကျန်းမာရေးစစ်ဆေး၍ နေပြည်တော်ရွာတော် စောင့်ကြည့်ရေးစင်တာနှင့် စည်ပင်ဧည့်ရိပ်သာ စောင့်ကြည့်ရေးစင်တာများသို့ ပို့ဆောင်လျက်ရှိသည်။



မြို့တွင်းအသွားအလာများသည့်နေရာများ၊ မြို့မဈေးနှင့် ကိုဗစ် ယာယီဟင်းသီးဟင်းရွက်ဈေး၊ လမ်းမ၊ လမ်းဆုံများတွင် ယနေ့ နံနက်ပိုင်းက ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ခရီးသွားပြည်သူများ၊ ဈေးသည် ဈေးဝယ်များအား နှာခေါင်းစည်းများ အခမဲ့ဝေငှ တပ်ဆင်ပေးခြင်း၊ ကျန်းမာရေး အသိပညာပေး စာစောင်များ ဝေငှခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **တင်ထွန်းတာ(တပ်ကုန်း)**

## ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၅**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အခက်အခဲကြုံတွေ့နေရသည့် ကမ္ဘာအရပ်ရပ်မှ မြန်မာသင်္ဘောသားများအား မြန်မာသံရုံး၊ ဆိုးလ်မြို့နှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာ့အမျိုးသားလေကြောင်းလိုင်း (MNA) စင်းလုံးငှား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ ကယ်ဆယ်ရေး လေယာဉ်တွင် ပနားမားနိုင်ငံမှ ၂၇ ဦး၊ အီဂျစ်မှ လေးဦး၊ ဘရာဇီးမှ ၂၄ ဦး၊ အင်ဒိုနီးရှားမှ ကိုးဦး၊ ဂါနာမှ ကိုးဦး၊ တူရကီမှ ၁၁ ဦး၊ မလေးရှားမှ တစ်ဦး၊ နယ်သာလန်မှ ငါးဦး၊ မက္ကဆီကိုမှ တစ်ဦး၊ ကိုရီးယားမှ ၄၅ ဦး စုစုပေါင်း မြန်မာသင်္ဘောသား ၁၃၆ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## နမ့်ဆန်မြို့နယ် ဇယ်တုန်းဟုန်းကျေးရွာ၌ အော်ဂဲနစ် ချင်းစိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်း

**နမ့်ဆန် စက်တင်ဘာ ၅**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ဘုရားကြီးကျေးရွာအုပ်စု ဇယ်တုန်းဟုန်းကျေးရွာ၌ တစ်ပိုင်တစ်နိုင် စိုက်ပျိုးလျက်ရှိသော အော်ဂဲနစ် ချင်း(ဂျင်း) စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဇယ်တုန်းဟုန်းကျေးရွာရှိ ချင်းစိုက်တောင်သူများထံမှ သိရသည်။

လက်ဖက်ထုတ်ကုန် တစ်မျိုးတည်းကိုသာ အဓိကထုတ်ကုန်အဖြစ် အားကိုးနေရသော နမ့်ဆန်မြို့နယ်အတွင်းရှိ လက်ဖက်တောင်သူများအား အခြားအပိုဝင်ငွေ ရရှိနိုင်သည့် စိုက်ပျိုးရေး သီးနှံများကို စိုက်ပျိုးနိုင်အောင် ဒေသအာဏာပိုင်များနှင့် လက်ဖက်စိုက်ပျိုးထုတ်လုပ်ရောင်းချ သူများအသင်းတို့က အားထုတ်ကြိုးပမ်းလျက်ရှိပြီး လက်ဖက်ပင်များကြားတွင် ထောပတ်ပင်၊ မက်ကဒေးမီးယားပင်၊ ဝဥနှင့် ချင်းစသည့် အသီးအနှံများကို စမ်းသပ် စိုက်ပျိုးခဲ့ရာ ယခုအခါတွင် ဂျာမနီနှင့် ပူးပေါင်းဆောင်ရွက်မှု (WHH) အဖွဲ့ ထောက်ပံ့မှုအစီအစဉ်ဖြင့် အော်ဂဲနစ်ချင်းများကို စမ်းသပ် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်။

ချင်းစိုက်ပျိုးမှုကို မတ်၊ ဧပြီလတွင် စတင်စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးပြီး ချင်းများကို ၁၀ လ အကြာတွင် တူးဖော်ရောင်းချနိုင်မည်ဖြစ်သည်။ စိုက်ပျိုးချိန်မှစ၍ တူးဖော်ရသည့်အချိန်ထိ မြက်ပေါင်းများကို အနည်းဆုံး သုံးကြိမ်ခန့် ရှင်းပေးနိုင်မည်ဆိုပါက ချင်းများ အပင်ကောင်း၍ ဥများရှင်သန်ကြီးထွားပြီး အထွက်နှုန်းတိုးလာမည် ဖြစ်သည်။

(WHH)အဖွဲ့က ထောက်ပံ့စိုက်ပျိုးစရိတ်ဖြင့် နမ့်ဆန်မြို့နယ် ဇယ်တုန်းဟုန်းကျေးရွာတွင် ချင်းစိုက်တောင်သူ ၂၂ ဦးခန့်အထိရှိလာပြီး ချင်းမျိုးအချိန် ၁၀၀ စိုက်ပျိုးပါက အထွက်နှုန်းကောင်းလျှင် ချင်းပိဿာချိန် ၅၀၀ ကနေ ၇၀၀ အထိ ရရှိနိုင်နိုင်မည်ဖြစ်သလို ယခင်နှစ်က ချင်း တစ်ပိဿာကို ရောင်းဈေး ငွေကျပ် ၁၇၀၀ ခန့် ရရှိကြောင်း ချင်းစိုက်တောင်သူများထံမှ သိရသည်။ **ကိုအောင်မိုး(ရွှေဗီမြေ)**



နမ့်ဆန်မြို့နယ် ဇယ်တုန်းဟုန်းကျေးရွာ၌ အော်ဂဲနစ် ချင်း(ဂျင်း)စိုက်ပျိုးရေးစနစ်ဖြင့် စိုက်ပျိုးနေစဉ်။

# ရှေးရှုမေတ္တာ ကရုဏာ

## အန်ကယ်ပညာ

**ကျွန်တော်ငယ်ငယ်က နယ်စပ်မြို့လေးတစ်မြို့ဖြစ်တဲ့ လောက်ကိုင်မြို့မှာ အထက်တန်းကျောင်းအုပ် လုပ်ခဲ့ဖူးပါတယ်။ အဲဒီတုန်းက ကျောင်းစုဝေးခန်းမနဖူးစည်းရဲ့ တစ်ဖက်တစ်ချက်မှာ ရှေးစာဆိုကြီးတွေရဲ့လင်္ကာတွေထဲက စာသားအချို့ကိုထုတ်နုတ်ကူးယူပြီး "မြတ်ပညာ"နဲ့ "မြတ်ဆရာ"ဆိုတဲ့ခေါင်းစဉ်လေးတွေနဲ့ ဆိုင်းဘုတ်နှစ်ခုချိတ်ဆွဲပေးခဲ့ပါတယ်။**

"မြတ်ပညာ"ခေါင်းစဉ်အောက်မှာ "ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်ရာ၏။"ဆိုတဲ့ ကဗျာတိုလေးဖြစ်ပါတယ်။

"မြတ်ဆရာ"ဆိုတဲ့ ခေါင်းစဉ်အောက်မှာတော့ "ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ဆုံးမတတ်သူ၊ ဆရာဟူ၏။"ဆိုတဲ့ လင်္ကာတိုလေးပဲဖြစ်ပါတယ်။

ဒီခေါင်းစဉ်လေးနှစ်ခုကို ဆက်စပ်ကြည့်ရင် ဆရာနဲ့ တပည့်အကြားမှာ အသိတစ်ခု၊ အတတ်တစ်ခု စီးဆင်းမှု သဘောတရားကို တွေ့နိုင်သလို တပည့်တွေရဲ့ တတ်မြောက်မှုတန်ဖိုးကိုလည်း တွေ့ရမှာပါ။

### ကျွမ်းကျင်နှံ့စပ်မှသာ

ပညာရပ်တစ်ခုမှာ သဘောတရားနဲ့ လက်တွေ့ ပေါင်းစပ်ပါဝင်လေ့ရှိပါတယ်။ အဲဒီနှစ်ချက်စလုံး ကျွမ်းကျင်နှံ့စပ်မှသာ တတ်မြောက်တယ်လို့ ဆိုနိုင်ပါတယ်။ ဒီလိုတတ်မြောက်သွားဖို့အတွက် တစ်သွေးတစ်သံ တစ်မိန့်နဲ့ သင်ကြားကြရတဲ့ ပညာရပ်တွေလည်း ရှိပါတယ်။ တစ်စုံတစ်ရာ ပေါ့ပေါ့ဆဆလုပ်မိရင် ကိုယ်တိုင်နဲ့ အခြားတစ်စုံတစ်ယောက်အတွက် အန္တရာယ်ဖြစ်စေနိုင်တဲ့ ပညာရပ်မျိုးတွေဖြစ်ပါတယ်။ အဲဒီအထဲမှာ ယာဉ်မောင်းတဲ့ပညာလည်း ပါပါတယ်။

ယာဉ်မောင်းတဲ့ အတတ်ပညာဟာ အန္တရာယ်ရှိတယ်ဆိုပေမယ့် ကျွမ်းကျင်စွာတတ်မြောက်သွားပြီ၊ သတ်မှတ်ထားတဲ့ ယာဉ်စည်းကမ်း လမ်းစည်းကမ်းတွေကို လိုက်နာပြီး အသိတရားနဲ့ မောင်းနှင်နိုင်ပြီ ဆိုရင်တော့ ကိုယ့်အတွက်သာမက အများအတွက်ပါ အကျိုးရှိစေတဲ့ ပညာရပ်တစ်ခုပါ။

ဒါ့အပြင် လိုရာခရီးကို အန္တရာယ်ကင်းစွာနဲ့ အမြန်ပြီးစေနိုင်တဲ့အကျိုး၊ ယာဉ်တစ်စီးရှိနေရင် အခြားမောင်းတတ်တဲ့လူတစ်ဦးကို မှီခိုမှုကင်းကင်းနဲ့ စိတ်သွားတိုင်းကိုယ်ပါ အချိန်အခါမရွေးသွားလာနိုင်တဲ့အကျိုး၊ ယာဉ်မောင်းတတ်တဲ့ပညာနဲ့ အသက်မွေးနိုင်တဲ့အကျိုးတွေကိုလည်း ရရှိစေပါတယ်။ ဒါပေမယ့်လည်း ယာဉ်မမောင်းတတ်သေးခင်သင်ယူလေ့ကျင့်ဆဲကာလမှာတော့ သင်ပြပေးသူရဲ့ စကားအတိုင်း မလိုက်နာရင် အန္တရာယ်ရှိပါတယ်။ ဒါကြောင့် သင်ပေးတဲ့ဆရာရဲ့ အမိန့်အတိုင်း တိတိကျကျ လိုက်နာကြရပါတယ်။ ဒီလိုမှ မဟုတ်ရင် သင်ယူသူအတွက်သာမက သင်ပေးတဲ့ ဆရာအတွက်လည်း အန္တရာယ်ရှိပါတယ်။ ယာဉ်မောင်းသင်တယ်ဆိုတာက သင်ယူသူ တစ်ယောက်တည်း လွှတ်ပေးလိုက်လို့ရတာမှ မဟုတ်တာ။

### သင်တန်းသားက နှစ်ယောက်တည်း

ဒီအကြောင်းရေးရင်းနဲ့ တစ်ယောက်တည်း ပြုံးနေမိသလို ကျေနပ်ပီတိလည်း ဖြစ်မိပါတယ်။ အကြောင်းကတော့ ကျွန်တော်ကိုယ်တိုင် သင်ပေးဖြစ်ခဲ့တဲ့ ယာဉ်မောင်းသင်တန်းတစ်ခုအကြောင်းကို စိတ်ရောက်သွားမိလို့ပါ။ ယာဉ်မောင်းသင်တန်းဆိုလို့ ကြီးကြီးကျယ်ကျယ်ကြီးတော့ မဟုတ်လှပါဘူး။ သင်တန်းသားက နှစ်ယောက်တည်းပါ။ ကျွန်တော့်သမီး အလတ်မနဲ့ အငယ်မပဲ ဖြစ်ပါတယ်။

> **"ပညာရပ်တစ်ခုမှာ သဘောတရားနဲ့ လက်တွေ့ ပေါင်းစပ်ပါဝင်လေ့ရှိပါတယ်။ အဲဒီနှစ်ချက်စလုံး ကျွမ်းကျင်နှံ့စပ်မှသာ တတ်မြောက်တယ်လို့ ဆိုနိုင်ပါတယ်။ ဒီလိုတတ်မြောက်သွားဖို့အတွက် တစ်သွေးတစ်သံတစ်မိန့်နဲ့ သင်ကြားကြရတဲ့ ပညာရပ်တွေလည်း ရှိပါတယ်။ တစ်စုံတစ်ရာ ပေါ့ပေါ့ဆဆ လုပ်မိရင် ကိုယ်တိုင်နဲ့ အခြားတစ်စုံတစ်ယောက်အတွက် အန္တရာယ်ဖြစ်စေနိုင်တဲ့ ပညာရပ်မျိုးတွေ ဖြစ်ပါတယ်။ အဲဒီ အထဲမှာ ယာဉ်မောင်းတဲ့ပညာလည်း ပါပါတယ်"**

သူတို့ရဲ့ ကျောင်းပိတ်ကာလလည်း ဖြစ်ပြန်၊ ကိုဗစ်-၁၉ ရောဂါကြောင့် Stay at Home ကာလလည်းဖြစ်ပြန်ဆိုတော့ သူတို့အတွက် အကျိုးရှိစေမယ့် အတတ်ပညာတစ်ခုတော့ သင်ပေးသင့်တယ်လို့ ယူဆပြီးဖွင့်ခဲ့တဲ့ မိသားစု သင်တန်းတစ်ခုဖြစ်ပါတယ်။

ဒီတော့ သင်တန်းမစခင်မှာ အဖေနဲ့သမီးတွေ ကြိုတင်ညှိနှိုင်းပြီး သဘောတူညီချက်တွေ ယူထားရပါတယ်။ ဒါကလည်း လွန်ခဲ့တဲ့ ရှစ်နှစ်လောက်က သမီးကြီးကို ယာဉ်မောင်းသင်ပေးတုန်းက အတွေ့အကြုံကိုမူတည်ပြီး ကျွန်တော် လိုချင်တဲ့အချက်တွေကို ကြိုပြောထားတဲ့ သဘောပါ။ အဓိကကတော့ ပြောတဲ့အတိုင်းမလုပ်လို့ အော်ရင်၊ ငေါက်ရင် အဖေကို စိတ်မကောက်ကြေးပေါ့။

### တစ်လှည့်စီ အမောင်းသင်

သူတို့ကလည်း တတ်မြောက်ချင်တဲ့ဆန္ဒရှိနေကြတော့ ညှိနှိုင်းချက်တွေကို သဘောတူကြပါတယ်။ ဒါနဲ့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှာ "သ" လိုင်စင်လို့ခေါ်တဲ့ သင်မောင်းလိုင်စင်လျှောက်ပေးခဲ့ပါတယ်။ လိုင်စင်ရတော့ သမီးနှစ်ယောက်ကို လိုင်စင်ရဲ့ ကျောဘက်ပါ စည်းကမ်းသတ်မှတ်ချက်တွေနဲ့အညီ တစ်လှည့်စီ အမောင်းသင်ပေးခဲ့ပါတယ်။

ပထမဦးဆုံး ယာဉ်မမောင်းနှင်မီ ထိုင်ခုံကို မိမိအရပ်အမြင့်နဲ့ သင့်လျော်အောင် အနိမ့်အမြင့် ရှေ့နောက် လိုသလို ရွှေ့တာနဲ့ နောက်ကြည့်မှန်ကို နောက်မြင်ကွင်းရှင်းရှင်းလင်းလင်းမြင်ရအောင် ချိန်နည်းသင်ပေးပြီး လက်တွေ့လုပ်ဆောင်စေပါတယ်။ ပြီးတော့ ယာဉ်မှာတပ်ဆင်ထားတဲ့ ပစ္စည်းတွေနဲ့ ခလုတ်တွေကို ဘယ်နေရာမှာ ဘယ်လိုသုံးရတယ်ဆိုတာ သင်ပေးလိုက်ပါတယ်။

ပြီးတော့မှ မော်တော်ယာဉ်တစ်စီး ရွေ့လျားဖို့အတွက် အဓိကအသုံးပြုရတဲ့ ဂီယာ၊လီဗာ၊ ဘရိတ်နဲ့ စတီယာရင်တွေ အကြောင်းပြောပြပြီး ယာဉ်ရှေ့သို့ မောင်းနှင်ခြင်းကို လက်တွေ့လုပ်ဆောင်စေပါတယ်။ မြေပြန့်မှာ အဖြောင့်မောင်းတတ်ပြီ၊ ကွေ့တတ်ပြီဆိုတော့မှ အတက်အဆင်း အကွေ့အကောက်လမ်းတွေမှာ လီဗာနဲ့ ဘရိတ်ကိုချိန်ဆတတ်အောင် စတီယာရင်ကို လိုသလို ကွေ့တတ်အောင် အချိန်ယူလေ့ကျင့်ပေးခဲ့ပါတယ်။

### ယုံကြည်မှုရလာ

လက်တွေ့မောင်းနှင်တဲ့ အချိန်ကာလကြာမြင့်လာတာနဲ့အမျှ သူတို့ကိုယ်သူတို့ ယုံကြည်မှုရလာပြီဆိုတဲ့ အချိန်မှာတော့ အများပြည်သူအသုံးပြုနေတဲ့ လမ်းမကြီးတွေပေါ်မှာ မောင်းနှင်စေခဲ့ပါတယ်။ အဲဒီအချိန်မှာတော့ ရှေ့ယာဉ်ကိုကျော်တက်ရာမှာ သတိပြုလိုက်နာရမယ့် အချက်တွေ၊ ယာဉ်ကွေ့ရာ၊ ရပ်ရာမှာ လိုက်နာရမယ့် အချက်တွေ၊ ယာဉ်မီးများကိုအသုံးပြုပုံတွေ၊ လီဗာနဲ့ ဂီယာအသုံးပြုပုံတွေ၊ မီးပွိုင့်နဲ့ လမ်းဆုံတွေမှာ လုပ်ဆောင်ရမယ့်အချက်တွေ၊ လမ်းညွှန်အမှတ်အသားနဲ့ လမ်းအမှတ်အသားတွေအရ လိုက်နာဆောင်ရွက်ရမယ့် အချက်တွေနဲ့ အခြားယာဉ်နဲ့ လမ်းအသုံးပြုသူများအတွက် ဦးစားပေးရမယ့် အခြေအနေတွေကို လေ့ကျင့်မောင်းနှင်ရင်း ကြုံတွေ့ရမှုအပေါ်မူတည်ပြီး လက်တွေ့သင်ကြားပေးခဲ့ပါတယ်။ ဒါတင်မကသေးဘဲ ညအချိန်မောင်းနှင်တတ်အောင်ပါ လက်တွေ့ လေ့ကျင့်ပေးခဲ့ပါတယ်။

အဲဒီလို အချိန်အစပိုင်းမှာတော့ ဘေးခုံမှာထိုင်ပြီး ကြီးကြပ်ပေးရသူအနေနဲ့ စိုးရိမ်စိတ်ရှိနေခဲ့တာ အမှန်ပါ။ နောက်ပိုင်းမှာ ယာဉ်ချင်းကျော်တက်တာ၊ ယာဉ်ကြောပြောင်းတာ လမ်းဆုံမှာ စောင့်ဆိုင်းတာ ဖြတ်မောင်းတာတွေကို ဆုံးဖြတ်ချက်မှန်ကန်စွာနဲ့ မောင်းနှင်တတ်လာတာတွေ့ရတော့ စိုးရိမ်စိတ် လျော့နည်းလာပါတယ်။

### ပညာအမွေ

အခုတော့ ဘေးခုံမှာ စိတ်အေးလက်အေးထိုင်လိုက်နေပေမယ့် ဘယ်လိုမောင်းပါလို့ မပြောတော့ဘဲ သူတို့ ဆုံးဖြတ်ချက်အတိုင်း မောင်းနှင်စေပါတယ်။ ဘာကြောင့်ဆို ယာဉ်တစ်စီးကို ဦးနှောက် နှစ်လုံးနဲ့မောင်းနှင်တာဟာ အန္တရာယ်ကိုဖိတ်ခေါ်နေတာနဲ့ အတူတူမို့ပါ။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ရဲ့ ကျောင်းပိတ်ကာလအတွင်းမှာ အတတ်ပညာတစ်ခုဖြစ်တဲ့ ယာဉ်မောင်းခြင်းကို တတ်မြောက်သွားကြပါတယ်။ အခုလို စာနဲ့ရေးလိုက်တော့လည်း ယာဉ်မောင်းတတ်အောင် သင်ပေးရတာ အလွယ်လေးပါလို့ ထင်စရာပါ။ တကယ့်လက်တွေ့မှာတော့ အဖေနဲ့သမီးတွေ အော်လိုက် ငေါက်လိုက်၊ ရန်ဖြစ်လိုက်နဲ့ ကားပေါ်မှာ ဆူညံနေတာပါပဲ။

အခုလို မောင်းတတ်သွားကြတော့လည်း သူတို့ စိတ်ထဲမှာ ဒါတွေဟာ ကျွန်တော်စကားခံခဲ့တဲ့ "မြတ်ဆရာ" ဆိုတဲ့ လင်္ကာတိုလေးထဲက "ရှေးရှုမေတ္တာ၊ ကရုဏာ"ပါလို့ နားလည်သွားကြလိမ့်မယ်ထင်ပါတယ်။ ကျွန်တော်ကတော့ အော်ရင်း ငေါက်ရင်း၊ ရန်ဖြစ်ရင်းနဲ့ သမီးအားလုံးကို တူညီတဲ့ပညာအမွေတစ်ခုပေးလိုက်နိုင်ပြီဆိုတဲ့အတွေးနဲ့ အကျေနပ်ကြီး ကျေနပ်လို့နေပါတော့တယ်။ ။

## ရန်ကုန်စဉ့်အိုးတန်း ဖောတံတားမြစ်ကမ်းထိန်းရေကာတံတိုင်း တည်ဆောက်မှု ၆၀ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် စဉ့်အိုးတန်း ဆိပ်ခံဖောတံတား အမှတ် ၁ နှင့် အမှတ် ၂ ကြားရှိ မြစ်ကမ်းထိန်း နံရံအား အလျား ၄၃၂ ပေရှိသော ရေကာတံတိုင်းကို တည်ဆောက်လျက်ရှိရာ ယခုအခါ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အင်ဂျင်နီယာဌာန(မြို့ပြ) မှ သိရသည်။



ရန်ကုန် စဉ့်အိုးတန်း ဖောတံတားမြစ်ကမ်းထိန်း ရေကာတံတိုင်းအား တွေ့ရစဉ်။

ရန်ကုန်တစ်ဖက်ကမ်းဒလမှ စက်သမ္ဗန်များ ဆိုက်ကပ်ပြီး ခရီးသွားအများဆုံး ပို့ဆောင်ရာနေရာဖြစ်သောကြောင့် အများပြည်သူအန္တရာယ်ကင်းစွာ သွားလာနိုင်ရန် ပျက်စီးနေသော မြစ်ကမ်းထိန်းနံရံအား ပြုပြင်မှုနှင့်အတူ ဆိပ်ကမ်းအတက်၊ အဆင်းလှေကားများ အသစ်တည်ဆောက်ခြင်း ဖြစ်သည်။

အဆိုပါစဉ့်အိုးတန်း ဆိပ်ခံဖောတံတားနှစ်ခုကြားတွင် လှေကားတစ်ထစ်လျှင် အကျယ် ၁၅ လက်မ၊ အမြင့် ရှစ်လက်မနှင့် ကမ်းနားမှမြစ်ပြင်သို့ လျှောစောက်ပုံစံဖြင့် လှေကားထစ်၂၁ ထစ်ရှိသော အလျား ၂၇၃ ပေ၊ အနံ ၄၅ ပေကွန်ကရစ် လှေကားနှစ်ခုကို တည်ဆောက်လျက်ရှိသည်။

အဆိုပါ ရေကာတံတိုင်းကို ၂၀၂၀ ပြည့်နှစ် မတ်လဆန်းပိုင်းတွင် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် ခေတ္တရပ်နားခဲ့ကာ မေလဆန်းပိုင်းတွင် ဆက်လက်လုပ်ဆောင်၍ စက်တင်ဘာတွင်ပြီးစီးရန် လျာထားသော်လည်း ကိုဗစ်-၁၉ ပြန်လည် ဖြစ်ပွားနေသောကြောင့် အောက်တိုဘာလဆန်းပိုင်း ပြီးစီးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**

## ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် မြို့တွင်းမြို့နယ်များသို့ ပေးဝေလျက်ရှိသောရေပိုက်လိုင်း ပြုပြင်မည်

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် မြို့တွင်းမြို့နယ်များသို့ ပေးဝေလျက်ရှိသော ရေပိုက်လိုင်း ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်၍ အဆိုပါမြို့နယ်များရှိ ရေသုံးစွဲသူများအနေဖြင့် ရေကြိုတင်စုဆောင်းထားနိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံက သတင်းထုတ်ပြန်ထားသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေး လုပ်ငန်းတာဝန်ခံအဖွဲ့သည် ရန်ကုန်မြို့အနောက်ပိုင်းခရိုင်နှင့် မြို့တွင်းမြို့နယ်များကို ကုက္ကိုင်းရေလှောင်ကန်မှ အဓိကရေပေးဝေလျက်ရှိရာ ရေဖိအားညီမျှစွာရရှိစေရန်နှင့် အချိန်ပိုင်းရေပေးဝေရေးစနစ် ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကုက္ကိုင်းကန်အဆင်း ရေပိုက်လိုင်းတွင် Butterfly Valve တပ်ဆင်ခြင်းလုပ်ငန်းအား စက်တင်ဘာ ၉ ရက်နေ့ နံနက် ၉ နာရီမှ ည ၉ နာရီအထိ ဆောင်ရွက်မည်ဖြစ်သည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း ဗဟန်း၊ ဒဂုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံ၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗိုလ်တထောင်၊ ပုဇွန်တောင်နှင့် တာမွေမြို့နယ်များတွင် ရေအားလျော့နည်းပြတ်တောက်မှုများ ဖြစ်ပေါ်နိုင်သဖြင့် ရေသုံးစွဲသူပြည်သူများအနေဖြင့် ရေကြိုတင်စုဆောင်းထားနိုင်ရန် သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ ဒေသအလိုက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၅**

မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄)ပါ ဒေသအလိုက် ဦးစားပေးဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ယမန်နေ့ မွန်းလွဲပိုင်းတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ လူမှုရေးဝန်ကြီးများ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး / ပြည်နယ်အသီးသီးမှ လူငယ်ရေးရာကော်မတီဝင်များ တက်ရောက်ကြသည်။



### အချိန်ကိုအကျိုးရှိစွာအသုံးချ

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လူငယ်များ၏ အခွင့်အရေးများ၊ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အကောင်အထည်ဖော်ရန် လမ်းပွင့်သွားပြီ ဖြစ်ပါကြောင်း၊ ယနေ့ခေတ်လူငယ်များအနေဖြင့် အတိတ်သမိုင်းကိုသိရှိပြီး ယခုမိမိတို့ကာလအတွင်း အချိန်ကို အကျိုးရှိစွာ အသုံးချကာ အနာဂတ်မှာ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ယနေ့ လူငယ်များသည် လွတ်လပ်စွာ ပြောဆိုတီထွင်ဖန်တီး လုပ်ဆောင်ခွင့်များ ရရှိကြပြီဖြစ်သော်လည်း တည်ဆဲဥပဒေဘောင်အတွင်း၌သာ ဆောင်ရွက်ကြရကြောင်း၊ ထိုဥပဒေများသည် လူငယ်များ၏ ပါဝင်နိုင်မှုနှင့် သာတူညီမျှ အကျိုးခံစားခွင့်ကို လွတ်လပ်လုံခြုံစွာ ဖော်ဆောင်နိုင်ရမည် ဖြစ်ကြောင်း၊ ထိုသို့ခံစားရရှိနိုင်ရန် ပြည်သူ့ဆန္ဒနှင့် ကိုက်ညီပြီး လူတစ်ဦးချင်းစီ၏ အခွင့်အရေးကို အာမခံနိုင်သော စစ်မှန်သည့် ဒီမိုကရေစီအစိုးရတစ်ရပ်ကို ဖော်ဆောင်ရန် မိမိတို့ကြိုးပမ်းလျက်ရှိကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရေး လိုက်လျောညီထွေရှိမည့် အခြေခံဥပဒေ တစ်ရပ်လည်း ပေါ်ပေါက်လာမည်ဖြစ်ကြောင်း။

### ဦးစားပေးလုပ်ငန်းစဉ်များရွေးချယ်

ထို့ကြောင့် မိမိတို့ တာဝန်ယူစဉ်ကာလတွင် ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရသည့် လူ့ဘဝစက်ဝန်း တစ်လျှောက် လူတစ်ဦးချင်းစီ၏ အခွင့်အရေးကို အာမခံနိုင်သော မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာ၊ လုပ်ငန်းစီမံချက်များ ချမှတ်နိုင်ရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုပေါ်ပေါက်ပြီးဖြစ်သည့် လူငယ်မူဝါဒသည် လူငယ်များ၏ အခွင့်အရေးများကို အပြည့်အဝဖော်ဆောင်ပေးနိုင်မည်ဖြစ်ရာ ထိုမူဝါဒအပေါ် အခြေခံသော မဟာဗျူဟာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် တာဝန်ရှိလာပြီဖြစ်ကြောင်း၊ ထိုတာဝန်ကို လူငယ်များနှင့်အတူ မူဝါဒပါပေါင်းစပ်ညှိနှိုင်းမှုယန္တရားအရ အစိုးရဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းကြရန်ဖြစ်ကြောင်း၊ ယခုလို ကိုဗစ်-၁၉ ကာလတွင် အဟန့်အတားများရှိသော်လည်း လုပ်ငန်းယန္တရား ရပ်တန့်မသွားအောင် ကိုဗစ်-၁၉ နှင့်ယှဉ်တွဲပြီး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လူငယ်များအနေဖြင့် လူငယ်ဆိုင်ရာကဏ္ဍ (၁၆)ရပ်အနက် အားလုံးသဘောတူပြီး အမြန်ဆုံး အကောင်အထည်ဖော်နိုင်မည့် ဦးစားပေး လုပ်ငန်းစဉ်များကို ရွေးချယ်ပြီး ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ လူမှုရေးဝန်ကြီးများက မိမိတို့ဒေသအလိုက် လူငယ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီဝင် လူငယ်များက မဟာဗျူဟာအရ မိမိတို့ဒေသအလိုက် ဦးစားပေးရွေးချယ်ထားသော ကဏ္ဍများ၊ စတင်အကောင်အထည်ဖော်နိုင်ရေးအတွက် ခန့်မှန်းကုန်ကျစရိတ် တွက်ချက်မှုများပါဝင်သော လုပ်ငန်းစီမံချက် (Costed Action Plan) ရေးဆွဲနိုင်ရေးနှင့် ဒေသအလိုက်အခက်အခဲများကို တင်ပြဆွေးနွေးခဲ့ကြရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အားလုံး တစ်ပြိုင်တည်း စတင်အကောင်အထည်ဖော်နိုင်မည့် ကဏ္ဍများကို ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

### လူငယ်များ ပူးပေါင်းဆောင်ရွက်

ထို့နောက် ဒုတိယဝန်ကြီးက ကိုဗစ်-၁၉ ကာလအတွင်း နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် လူငယ်များ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာပါကြောင်း၊ Costed Action Plan နှင့်ပတ်သက်၍ အသေးစိတ် ထပ်မံဆွေးနွေးမည် ဖြစ်ပါကြောင်း၊ ခရိုင်/ မြို့နယ် ကော်မတီများဖွဲ့စည်းနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးရုံးအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအား ညှိနှိုင်းအကြောင်းကြားထားပြီး ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အနေဖြင့် ယခု ကိုဗစ်-၁၉ ကာလတွင် ရင်ဆိုင်ရသော အခက်အခဲများကြားက အခွင့်အလမ်းကောင်းများ ပေါ်ပေါက်ခဲ့ကြောင်း၊ လူငယ်အများစုပါဝင်သည့် စေတနာ့ဝန်ထမ်းများကို စုစည်းဆောင်ရွက်နိုင်မှုကြောင့် လူငယ်များနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအကြား ပိုမိုနီးစပ်စွာ ပူးပေါင်းဆောင်ရွက်လာနိုင်ခြင်း၊ အစိုးရဌာနဆိုင်ရာများနှင့် လူငယ်များအကြား အပြန်အလှန် ယုံကြည်မှု ပိုမိုလာခြင်းနှင့် အချို့သော အခက်အခဲရှိသည့် ပြည်နယ်များကို ပိုမိုအားဖြည့် ကူညီပူးပေါင်းလာနိုင်ရန် အခွင့်အလမ်းများ ပေါ်ပေါက်လာခြင်းတို့ဖြစ်ကြောင်း၊ မဟာဗျူဟာစီမံချက်ပါ အကောင်အထည်ဖော်မည့် ကဏ္ဍများတွင် ဘဏ္ဍာငွေလိုအပ်ချက်ကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၏ လျာထားဆောင်ရွက်မှုများကို ညှိနှိုင်းပေးမည် ဖြစ်ကြောင်း၊ လူငယ်ကဏ္ဍနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသော နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်ကြမည် ဖြစ်ကြောင်း ပြောကြားသည်။

သတင်းစဉ်

◆ ကျောဖုံးမှ

- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၆) ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့မှ ဓာတ်ခွဲနမူနာ (၈) ခု
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၁၁၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၅၂) ခု
- အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ နေပြည်တော်မှ ဓာတ်ခွဲနမူနာ (၃၂၅) ခု

စုစုပေါင်း (၃,၁၇၅) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၈၃) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၈) ဦး တွေ့ရှိကြောင်းကို (၄-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင်

(၄-၉-၂၀၂၀) ရက်နေ့အတွက် ထပ်မံစစ်ဆေးခဲ့သောဓာတ်ခွဲနမူနာ (၁,၅၃၃) ခုအနက် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၅)ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | တောင်ဥက္ကလာပမြို့နယ် | ၁၂ |
| | | လှိုင်သာယာမြို့နယ် | ၆ |
| | | ဒဂုံမြို့နယ် | ၅ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ၃ |
| | | တာမွေမြို့နယ် | ၂ |
| | | စမ်းချောင်းမြို့နယ် | ၂ |
| | | သဃ်န်းကျွန်းမြို့နယ် | ၂ |
| | | လှိုင်မြို့နယ် | ၂ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၂ |
| | | သန်လျင်မြို့နယ် | ၁ |
| | | မရမ်းကုန်းမြို့နယ် | ၁ |
| ၂။ | ရခိုင်ပြည်နယ် | စစ်တွေမြို့နယ် | ၂ |
| | | ပုဏ္ဏားကျွန်းမြို့နယ် | ၁ |
| | | မြောက်ဦး | ၁ |
| | | ရသေ့တောင် | ၁ |
| ၃။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | ကလောမြို့နယ်* | ၁ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ကဝမြို့နယ် | ၁ |
| | စုစုပေါင်း | | ၄၅ |

(*) ရခိုင်ပြည်နယ်သို့ ခရီးသွားရာဇဝင်ရှိပါသဖြင့် အသွားအလာ ကန့်သတ်ထားရှိပါသည်။

ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၃။ သို့ဖြစ်ပါ၍ (၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁,၂၁၆)ဦး ရှိပြီဖြစ်ပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၃) ဦးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက်**
**ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၅-၉-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

| | |
|---|---|
| (၄-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၃၅) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၆၃) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး(စစ်တွေမြို့) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁၆)ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး(တောင်ငူမြို့) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂)ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၂) ခု |
| (၄-၉-၂၀၂၀) ရက်နေ့တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၂၅) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၄၅) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၅-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၄၅) ဦး | (၁,၂၁၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၅၉) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၇) ဦး |



## နမ့်ခမ်းမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်

**နမ့်ခမ်း စက်တင်ဘာ ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မြို့ဝင် မြို့ထွက် နေရာများ၌ မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကော်မတီက အဖွဲ့များခွဲ၍ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၅ ရက်က နမ့်ခမ်း - မူဆယ် ဝင်ထွက်ရာလမ်းဖြစ်သော အမှတ်(၁)ရပ်ကွက် (မန့်ခမ်း) တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ NMBG ပရဟိတ လူမှုကူညီရေးအသင်းနှင့် မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းပြီး ပြည်သူများအား ကိုယ်အပူချိန်တိုင်းပေးခြင်း၊ ခရီးသွားမှတ်တမ်းကောက်ယူခြင်းများ ဆောင်ရွက်ကြသည်။ အဆိုပါ ဆောင်ရွက်နေမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး နိုင်လင်းသိန်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်ချုပ်ရေး တာဝန်ရှိသူများက ကြီးကြပ်စစ်ဆေးခဲ့ကြပြီး နေ့စဉ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဝေမွန်(ရွှေရည်မြေ)

**ကိုဗစ် – ၁၉ ကာကွယ်ဖို့**
**စနစ်တကျ လက်ဆေးစို့**

# ၂၀၁၈-၂၀၁၉ ပညာသင်နှစ်နှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သော အကျဉ်းသား ကျောင်းသား ကျောင်းသူများအနက် ၅၅ ဦးအား ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပြု၊ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ကျောင်းသား ၂၅ ဦးပါဝင်

ရန်ကုန် စက်တင်ဘာ ၅

**အကျဉ်းထောင်အသီးသီး၌ အကျဉ်းကျခံနေရသော ၂၀၁၈-၂၀၁၉ ပညာသင်နှစ်နှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည့် အကျဉ်းသား ကျောင်းသား ကျောင်းသူများအနက် ၅၅ ဦးအား ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတက ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပြုရာ ရန်ကုန်မြို့ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော အကျဉ်းသား ၂၅ ဦး ပါဝင်လွတ်မြောက်ခဲ့ကြောင်း အဆိုပါအကျဉ်းထောင်မှ သိရသည်။**



အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဇော်က "ထူးထူးချွန်ချွန် အောင်မြင်ခဲ့တဲ့ အကျဉ်းသား ကျောင်းသားတွေကို နိုင်ငံတော်သမ္မတကြီးက လွတ်ငြိမ်းသက်သာခွင့်ပေးတာ ဖြစ်ပါတယ်။ အင်းစိန်ဗဟိုအကျဉ်းထောင်က ၂၅ ဦး လွတ်မြောက်ပါတယ်။ အဓိကကတော့ သူတို့ကို နိုင်ငံတော်သမ္မတကြီးက လူမှုရေးအရ ငဲ့ညှာသောအားဖြင့် လည်းကောင်း၊ ထူးချွန်စွာ ကြိုးစားအားထုတ်မှုကြောင့် လည်းကောင်း၊ အပြင်မှာလည်း တက္ကသိုလ်ပညာ ဆက်လက်သင်ကြားနိုင်ဖို့အတွက် လည်းကောင်း၊ နိုင်ငံတော်ရဲ့ မေတ္တာ၊ စေတနာကို နားလည်ပြီး လူကောင်းလေးတွေဖြစ်အောင် နိုင်ငံတော်ရဲ့ အစီအစဉ်နဲ့ လွှတ်ပေးတာဖြစ်ပါတယ်" ဟုပြောသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်မှ ယနေ့ လွတ်မြောက်သူများတွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ကြသူများအနက်မှ အကျဉ်းသား ကျောင်းသား ၁၁ ဦးနှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ကြသူများအနက်မှ အကျဉ်းသား ကျောင်းသား ၁၄ ဦးပါဝင်ကြောင်း အဆိုပါအကျဉ်းထောင်မှ သိရသည်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သူ အကျဉ်းသား ကျောင်းသား မောင်စစ်ပိုင်ထူးက "မူးယစ်ဆေးဝါးအမှုနဲ့ ထောင် ၁၃ နှစ်ကျခဲ့တယ်။ အထဲမှာ လေးနှစ်ကျော်လောက် နေခဲ့ရတယ်။ နိုင်ငံတော်သမ္မတကြီးအနေနဲ့ ကျွန်တော်တို့ကို အသိအမှတ်ပြုပြီး လွတ်ငြိမ်းသက်သာခွင့်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်တယ်။ အတိုင်းမသိ ဝမ်းသာပါတယ်။ အပြင်ရောက်ရင် ကျွန်တော်ရထားတဲ့အမှတ်နဲ့ တက္ကသိုလ် ပညာဆက်လက်သင်ကြားပြီး တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာက ပါဝင်ချင်ပါတယ်"ဟု ပြောသည်။

ယနေ့ လွတ်မြောက်သူများအနက် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သူ ကိုးဦးအား ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ စစ်ဆေးမှုခံယူနိုင်ရန် အကျဉ်းထောင် တာဝန်ရှိသူများက လှိုင်မြို့နယ်အတွင်းရှိ Quarantine Center သို့ ပို့ဆောင်သွားမည်ဖြစ်ပြီး အခြားသော နေရပ်ဒေသများသို့ ပြန်မည့်သူများအား သက်ဆိုင်ရာ ကားဂိတ်များသို့ လိုက်လံပို့ဆောင်ပေးမည့်အပြင် ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်လည်ရောက်ရှိချိန်တွင် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှု ခံယူနိုင်ရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အင်းစိန်ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးငွေးက ပြောသည်။

အဆိုပါ လွတ်ငြိမ်းသက်သာခွင့်ရရှိသူ အကျဉ်းသား ကျောင်းသားများအား ယနေ့နံနက်ပိုင်းက အင်းစိန်ဗဟို အကျဉ်းထောင်ဝင်းအတွင်းရှိ အနုပညာနှင့် အားကစားခန်းမ၌ အကျဉ်းဦးစီးဌာနနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုံးမသြဝါဒစကားများ ပြောကြားပြီး ထောင်လွတ်လက်မှတ်၊ လွတ်လူခရီးစရိတ်၊ လမ်းစရိတ် ထောက်ပံ့ငွေနှင့် အကျဉ်းသားတစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းစီ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

# မန္တလေးဗဟိုအကျဉ်းထောင်မှ ၂၀၁၈-၂၀၁၉ နှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၂၉ ဦးကို ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပြု

**မန္တလေး စက်တင်ဘာ ၅**

မန္တလေးဗဟိုအကျဉ်းထောင်မှ ၂၀၁၈-၂၀၁၉ နှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် အကျဉ်းသား ကျောင်းသား ကျောင်းသူ ၂၉ ဦးအား ဂုဏ်ပြုချီးမြှင့်သည့်အနေဖြင့် လွတ်ငြိမ်းသက်သာခွင့်ပြုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါအကျဉ်းထောင်ဓမ္မာရုံ၌ ကျင်းပသည်။



အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိုးက အမှာစကား ပြောကြားပြီး အောင်မြေသာစံမြို့နယ် ပညာရေးမှူး ဒေါက်တာစမ်းပပကျော်နှင့် ကျောင်းပရဟိတ အကျိုးတော်ဆောင် ဒေါက်တာသိန်းဇော်တို့က သြဝါဒစကားများ ပြောကြားကြသည်။

ထို့နောက် မန္တလေးဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးချမ်းအေးကျော်က လွတ်မြောက်သွားသည့် အကျဉ်းသား ကျောင်းသား ကျောင်းသူ ၂၉ ဦး တို့အား လွတ်လက်မှတ်၊ ခရီးစရိတ်နှင့် စားစရိတ်တို့ကို ပေးအပ်သည်။ **(ယာပုံ)**

ယနေ့တွင် နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်သည့် လွတ်ငြိမ်းသက်သာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာသည့် မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ကျောင်းသား ကျောင်းသူ ၂၉ ဦးမှာ အမျိုးသား ၂၃ ဦးနှင့် အမျိုးသမီး ခြောက်ဦးတို့ဖြစ်ကြပြီး ၎င်းတို့အနက် ၂၀၁၈- ၂၀၁၉ ပညာသင်နှစ်တွင် နှစ်ဘာသာဂုဏ်ထူးရှင် အမျိုးသား တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် အမျိုးသမီး နှစ်ဦးနှင့် ရိုးရိုးအောင်မြင်သူ အမျိုးသား ငါးဦး စုစုပေါင်း ရှစ်ဦးနှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် သုံးဘာသာဂုဏ်ထူးရှင် အမျိုးသား ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး သုံးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း ၂၁ ဦး တို့ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် မန္တလေးဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးချမ်းအေးကျော်က "ပညာတစ်ပိုင်းတစ်စနဲ့ ဘဝကိုရုန်းကန်ရင်း မထင်မှတ်တဲ့ အမှားအယွင်းတွေကြောင့် ထောင်ထဲရောက်လာတဲ့ လူငယ်တွေကို ပညာဆက်လက်သင်ယူနိုင်ဖို့ ကျွန်တော်တို့နဲ့ ဆရာ ဆရာမတွေ အားလုံးက အားပေးကူညီခဲ့ကြသလို သူတို့ကလည်း အများကြီး ကြိုးစားအားထုတ်ခဲ့ကြတဲ့အတွက် အခုလို အောင်မြင်မှု အသီးအပွင့်တွေ ခံစားရတာပါ။ ဒါကြောင့် ကျွန်တော်တို့အားလုံး သူတို့ အောင်မြင်မှုတွေအတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့လို လူကြီးတွေက ဘဝကို ကြိုးစားနေတဲ့ လူငယ်တွေ လမ်းမှားကို မရောက်သွားဖို့ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပြုပြင်ပြီး လက်တွဲခေါ်ယူသွားကြဖို့ တိုက်တွန်းချင်ပါတယ်"ဟု ပြောသည်။

၂၀၁၉- ၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပထဝီ၊ သမိုင်း နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ကာ ပြန်လည်လွတ်မြောက်လာသူ မခိုင်မေဦးက "ထောင်ပိုင်ကြီးနဲ့ ဆရာ ဆရာမတွေ ကျေးဇူးကြောင့် အခုလို ထူးချွန်စွာ အောင်မြင်မှုရခဲ့တာပါ။ မိသားစုက ဝန်ထမ်းတွေဖြစ်တဲ့အတွက် ဝန်ထမ်းပဲလုပ်ဖြစ်သွားမှာပါ။ အပြစ်ဒဏ် ၁၂ နှစ်ကျပေမယ့် သုံးနှစ်ကျော်ပဲနေခဲ့ရပြီး ပြန်လည်လွတ်မြောက်လာတဲ့အတွက် အများကြီး ဝမ်းသာပါတယ်။ အခုလို ဂုဏ်ပြုချီးမြှင့်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေ၊ သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့ သင်ကြားပေးခဲ့ကြတဲ့ ဆရာ ဆရာမတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ရှေ့ဆက်ပြီး ဘဝကို ကောင်းမွန်စွာ ဖြတ်သန်းသွားပါမယ်"ဟု ပြောသည်။

မန္တလေးဗဟိုအကျဉ်းထောင်မှ တက္ကသိုလ်ဝင်စာမေးပွဲများတွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၌ ဖြေဆိုသူ ၇၀ အနက် ၄၂ ဦး အောင်မြင်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖြေဆိုသူ ၆၉ ဦးအနက် အောင်မြင်သူ ၄၈ ဦး ရှိခဲ့ကာ ယနေ့တွင် လွတ်ငြိမ်းသက်သာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာသူ ဦးရေမှာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှ ရှစ်ဦးနှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှ ၂၁ ဦး စုစုပေါင်း ၂၉ ဦး ဖြစ်သည်။

ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အကျဉ်းထောင် အကျဉ်းစခန်းအသီးသီးမှ နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်သည့် လွတ်ငြိမ်းသက်သာခွင့်ဖြင့် ၂၀၁၈-၂၀၁၉ နှင့် ၂၀၁၉-၂၀၂၀ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် အကျဉ်းသား အကျဉ်းသူ ၅၅ ဦး ပြန်လည်လွတ်မြောက်ခဲ့သည့်အပြင် ၃၈ ဦးမှာ လျှော့ရက်များ ခံစားရကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

စက်တင်ဘာ ၅ ရက်က မြို့လှမြို့ အမှတ်(၅)ရပ်ကွက်ရှိ ပဏ္ဍိတာရာမမြတောင် ပရဟိတ ကျောင်းဝင်းအတွင်း သာသနိက အဆောက်အအုံ တည်ဆောက်ရန် သဲ၊ မြေဖို့သည့် လုပ်ငန်းများကို မြို့လှနယ်မြေ ရဲစခန်းမှူး ရဲအုပ် မိုးကျော်စိုး ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ ကူညီဆောင်ရွက်ကြစဉ်။

သန်းလွင်



***❖ကျောဖုံးမှ***

(ကျောဖုံးမှ)

တင်ဆောင်လာခဲ့ရာ စက်တင်ဘာ ၄ ရက် ညနေပိုင်းတွင် သီလဝါရှိ MITT ဆိပ်ကမ်းသို့ ရောက်ရှိလာသည်။

ယခုရောက်ရှိလာသည့် ရထားတွဲဆိုင်းသစ်များမှာ လေအေးပေးစက်ပါ ခရီးသည် ၃၆ ဦးဆံ့၊ အထက်တန်းတွဲ နှစ်တွဲနှင့် ခရီးသည် ၆၀ ဆံ့၊ ရိုးရိုးတန်းတွဲ လေးတွဲဖြစ်ပြီး တွဲတစ်တွဲ၏ ခန့်မှန်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ သန်း ကုန်ကျကာ DEMU တွဲအဖြစ် မြန်မာနိုင်ငံသို့ ပထမဆုံး ရောက်ရှိခဲ့ခြင်းဖြစ်သည်။

"ဒီရထား တွဲဆိုင်းသစ်တွေဟာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပထမဆုံး အသုံးပြုမယ့် တွဲဆိုင်းသစ် ဖြစ်ပါတယ်။ ဒီတွဲဆိုင်းတွေကို ရန်ကုန်-မန္တလေး အဆင့်မြှင့်တင်ခြင်း စီမံကိန်းအတွက် အသုံးပြုမှာပါ။ အများပြည်သူ သယ်ယူပို့ဆောင်ရေး ကဏ္ဍတွေမှာ ပိုမိုတိုးတက်လာစေမှာဖြစ်ပြီး ပိုမိုခေတ်မီတဲ့ ရထားပို့ဆောင်ရေးစနစ်သို့ ကူးပြောင်းနိုင်မှာသာမက မြန်မာနိုင်ငံရဲ့ လူမှုစီးပွား တိုးတက်မှုအတွက်လည်း အထောက်အကူပြုစေမှာ ဖြစ်ပါတယ်" ဟု မြန်မာ့မီးရထား၊ (အောက်မြန်မာပြည်) အထွေထွေမန်နေဂျာ ဦးအောင်သူလတ်က ပြောသည်။

ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ခြင်းစီမံကိန်း ပြီးစီးပါက ခေတ်မီလူစီးရထား (DEMU) များဖြင့် ရထားအမြန်နှုန်းကို တစ်နာရီ ကီလိုမီတာ ၁၀၀ အထိ တိုးမြှင့်ပြေးဆွဲနိုင်မည်ဖြစ်ပြီး ရန်ကုန်မှ မန္တလေးသို့ ရထားဖြင့်သွားရန် ယခုလက်ရှိ ကြာချိန်သည် ၁၆ နာရီ ကြာမြင့်ရာမှ ၈ နာရီခန့်သာ ကြာမြင့်တော့မည်ဖြစ်သဖြင့် အချိန်ထက်ဝက်ခန့် လျော့ကျသွားမည်ဖြစ်သည်။ ထို့အပြင် အချိန်တိကျမှုရှိခြင်း၊ ခရီးသွားလာရာတွင် ခရီးသည်များ သက်သောင့်သက်သာရှိခြင်း၊ ခရီးသည်နှင့် ကုန်ပစ္စည်းများကို အချိန်တိုအတွင်း သယ်ယူပို့ဆောင်ပေးနိုင်ခြင်းတို့ ရရှိခံစားနိုင်မည် ဖြစ်သည်။ **အာကာစိုး၊ဓာတ်ပုံ-MTC**

# ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

( င ) ပုဒ်မခွဲ (ဃ) ပါ ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ဆောင်ရွက်သည့် အခြားဝန်ဆောင်မှု လုပ်ငန်းများမှ ရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

( စ ) နိုင်ငံတော်အတွင်းဆောက်လုပ်ပြီး ရောင်းချသည့် အဆောက်အအုံ ဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ အဆောက်အအုံဆောက်လုပ်ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများပါတာဝန်ကို လိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများအားလုံးကိုလည်း ခံစားခွင့်ရှိစေရမည်။

(ဆ) ရွှေထည်လက်ဝတ်ရတနာများ ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်း အတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း တစ်ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ သို့ရာတွင် ရွှေထည်လက်ဝတ်ရတနာများကို ပြည်တွင်း၌ ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှ တင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့ တင်ပို့စဉ်ပေးဆောင်ရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့် မရှိစေရ။

( ဇ ) အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော ကုန်သွယ်လုပ်ငန်းခွန်ကို ပြန်လည်ပေးဆောင်စေရမည်။

၁၅။ (က) ပြည်တွင်းပြည်ပ အဖွဲ့အစည်းများကလှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့်ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

( ခ ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ-

(၁) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်းကျပ်သိန်း ၅၀၀ တိတိ၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်းကျပ်သိန်း ၅၀၀ တိတိ၊

(၄) အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန်ပေးပို့ ထုတ်ယူလိုသည့် ကုန်စည်များအပေါ်အခွန်အခများကင်းလွတ်ခွင့်ပြုနိုင်သည့် အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံးတန်ဖိုး သတ်မှတ်ချက် (de-minimis value threshold)။

ရှင်းလင်းချက်။ (၁) နှစ်တစ်နှစ်အတွင်း ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ ဆိုရာတွင် လုပ်ငန်းစတင်သည့်လ အပါအဝင် တစ်ဆက်တည်းဖြစ်သည့် နောင်လာမည့် ၁၂ လ အတွင်း ရရှိမည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို ဆိုသည်။

(၂) ကုန်သွယ်လုပ်ငန်းခွန် ဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိ စေကာမူ မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ စည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေရှိမည့်သူ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ခွင့်ခံစားလိုသူ မည်သူမဆို မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရမည်။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါနိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာအခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့ တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့် စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အောက် လျော့နည်းနေပါက ပြန်အမ်းငွေတောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

( ဂ ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှု ရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၈။ ဤဥပဒေ၏အခန်း (၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)
## ဝင်ငွေခွန်

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။ ထိုသို့ စည်းကြပ်ခြင်းမပြုသဖြင့် ကင်းလွတ်ခွင့်ရသည့်လစာ ဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားကိုတောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးရမည်။

( ခ ) သို့ရာတွင် လစာမှနှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်း အထက်ရရှိသူဖြစ်လျှင် ရရှိသည့် လစာဝင်ငွေ စုစုပေါင်းအပေါ်တွင် ဝင်ငွေခွန် ထမ်းဆောင်ရမည်။

( ဂ ) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်း အထက်ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းများကို အောက်ပါအတိုင်း သတ်မှတ်သည် –

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| ၂ | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၆ | ၃၀,၀၀၀,၀၀၁နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်းနှင့် အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခ ရငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆အရသက်သာခွင့်များနုတ်ပယ်ပြီး ကျန်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်သီးခြားစည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့် ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်းမပြုရ။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ပေးထားသော ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။

( င ) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့် နုတ်ပယ်ပြီးနောက် ပုဒ်မခွဲ (ဂ) ဇယားပါ ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။

( စ ) ဤပုဒ်မပါ ဝင်ငွေခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ သီးခြားဝင်ငွေခွန်နှုန်း သတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေ ဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အောက်ပါသက်သာခွင့် ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ပါတစ်ဦးချင်းပုဂ္ဂိုလ်၏ စုစုပေါင်း ဝင်ငွေမှနုတ်ပယ်၍ ကျန်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းကြပ်ရမည်–

(က) အတူနေ မိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

( ခ ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

( ဂ ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှတစ်ပါး နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၃။ (က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်ပယ်မီ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် –

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ၊

(၂) ပြည်ပနေနိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ။

( ခ ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၄။ ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုရ။ ယင်း၏စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ်မှဝင်ငွေဖြစ်ပါက ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၅။ (က) ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆- က တို့အရ သက်သာခွင့်များ မနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသား မည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကိုဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့်လုပ်ငန်း အသစ် တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ်တွင် လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင် လည်းကောင်း အောက်ဖော်ပြပါ အခွန်နှုန်းအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့်ဝင်ငွေ အားလုံးအပေါ် ဝင်ငွေရလမ်းအတိအကျတင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလို။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့် ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့် ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်း မရှိစေရ-

| စဉ် | ဝင်ငွေ(ကျပ်) | | အခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၁၀၀,၀၀၀,၀၀၀ | ၆ ရာခိုင်နှုန်း |
| ၂ | ၁၀၀,၀၀၀,၀၀၁ | ၃၀၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၃ | ၃၀၀,၀၀၀,၀၀၁ | ၃,၀၀၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၄ | ၃,၀၀၀,၀၀၀,၀၀၁ နှင့်အထက် | | ၃၀ ရာခိုင်နှုန်း |

( ခ ) ပုဒ်မခွဲ (က) ပါ စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေဆိုသည်မှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ မတိုင်မီက စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေကို ဆိုသည်။

( ဂ ) ပုဒ်မခွဲ (က) ပါ အခွန်နှုန်းများသည် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ အထိသာ အကျိုးသက်ရောက်စေရမည်။

(ဃ) ပုဒ်မခွဲ (က) ပါ အခွန်နှုန်းများကို နိုင်ငံတော်၏ စီးပွားရေး အခြေအနေနှင့် နိုင်ငံတကာ သက်ရောက်မှုအခြေအနေများကို သုံးသပ်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီး ဌာနသည် ပြင်ဆင်သတ်မှတ်မှုများကို ဆောင်ရွက်ရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

ဆက်လက်ဖော်ပြပါမည်

# ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

## နေပြည်တော်ကောင်စီ

ဇယား(၁၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၀၄.၅၈၄ | | ၁၁.၄၂၀ | | | | | | | | | ၁၁၆.၀၀၄ |
| | ပေါင်း | | ၁၀၄.၅၈၄ | | ၁၁.၄၂၀ | | | | | | | | | ၁၁၆.၀၀၄ |

## နေပြည်တော်ကောင်စီ

ဇယား(၁၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၆၂၀.၃၅၃ | | ၈၀၀.၀၀၀ | ၆၁,၇၉၈.၁၇၉ | | | | | ၆၃,၂၁၈.၅၃၂ |
| | ပေါင်း | | ၆၂၀.၃၅၃ | | ၈၀၀.၀၀၀ | ၆၁,၇၉၈.၁၇၉ | | | | | ၆၃,၂၁၈.၅၃၂ |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၁၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌကတာဝန်ပေးသူ | ၁,၂၃၄.၂၀၂ | | ၃၂,၇၃၆.၃၃၀ | | ၁၄,၈၈၁.၇၁၃ | ၃၇.၀၀၀ | | | | | | ၄၈,၈၈၉.၂၄၅ |
| | ပေါင်း | | ၁,၂၃၄.၂၀၂ | | ၃၂,၇၃၆.၃၃၀ | | ၁၄,၈၈၁.၇၁၃ | ၃၇.၀၀၀ | | | | | | ၄၈,၈၈၉.၂၄၅ |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၁၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌကတာဝန်ပေးသူ | ၂၃,၄၁၃.၉၉၂ | | ၁၄,၈၈၁.၇၁၃ | ၈,၅၆၅.၂၉၈ | | | | | ၄၆,၈၆၁.၀၀၃ |
| | ပေါင်း | | ၂၃,၄၁၃.၉၉၂ | | ၁၄,၈၈၁.၇၁၃ | ၈,၅၆၅.၂၉၈ | | | | | ၄၆,၈၆၁.၀၀၃ |

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား(၁၇)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၈၁၅,၉၆၉.၀၅၂ | | | | ၅၁,၃၅၇.၁၉၀ | | ၂၃၅.၉၀၄ | | | ၈၆၇,၅၆၂.၁၄၆ |
| | ပေါင်း | | | | ၈၁၅,၉၆၉.၀၅၂ | | | | ၅၁,၃၅၇.၁၉၀ | | ၂၃၅.၉၀၄ | | | ၈၆၇,၅၆၂.၁၄၆ |

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား(၁၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၅၅၆,၉၀၃.၀၂၃ | | | ၅၂,၇၉၁.၄၈၃ | | | | | ၆၀၉,၆၉၄.၅၀၆ |
| | ပေါင်း | | ၅၅၆,၉၀၃.၀၂၃ | | | ၅၂,၇၉၁.၄၈၃ | | | | | ၆၀၉,၆၉၄.၅၀၆ |

## ဖားကန့်၊ မိုးကောင်း၊ ပင်လုံနှင့် သီပေါမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၄ ရက် ညနေ ၄ နာရီခွဲတွင် ဖားကန့်မြို့နယ် ဇေခါကျေးရွာနေ မရန်လု(ခ)လုမိုင်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၇၀ နှင့် မြန်မာငွေကျပ် ၈၀၀၀၀၀ တို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲက မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မိုးကောင်းမြို့နယ် မိုးကောင်း-မိုးညှင်း သွားကားလမ်း ကညင်မြိုင်ကျေးရွာဆိုင်းဘုတ်အနီးတွင် မိုးနိုင် မောင်းနှင်ပြီး မင်းဦး(ခ)ချစ်ပေါ၊ မခင်စန်းတင့်(ခ) နိုင်းနိုင်းနှင့် မကြယ်စင်(ခ)သူဇာတို့ လိုက်ပါလာသည့် တိုယိုတာဝစ် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၉၉ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀ တို့ကိုလည်းကောင်း၊ ထို့အတူ စက်တင်ဘာ ၃ ရက် မွန်းတည့် ၁၂ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လွိုင်လင်မြို့နယ် ပင်လုံမြို့ နောင်လိုင်ကျေးရွာအုပ်စု နမ့်လင်းကျေးရွာအနီး ပင်လုံ-လဲချားသွား ကားလမ်းတွင် ကျော်ကျော်(ခ) အားတုံမောင်းနှင်ပြီး ဝမ်လောင်ဝူ(ခ) ဝူတီး လိုက်ပါလာသည့် ပါကျဲရိုး မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၄၅ ဒသမ ၇၅၈ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း။

အလားတူ စက်တင်ဘာ ၄ ရက် ညနေပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သီပေါမြို့နယ် ဘော်ကြိုဈေးကျေးရွာ ဘော်ကြိုဘုရားအနီး မူဆယ်-မန္တလေးသွား ကားလမ်းတွင် သိန်းထွန်းအောင် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



ကျော်ကျော်(ခ)အားတုံ၊ ဝမ်လောင်ဝူ(ခ)ဝူတီးတို့အား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

## ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းချက် လိုက်နာခြင်းမရှိသော ညမထွက်ရ အချိန်ကျော်လွန် သွားလာနေမှုများနှင့် KTV/ Bar/ အနှိပ်ခန်းများကို ဆက်လက်ဖော်ထုတ် အရေးယူလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၅**

ကိုဗစ်-၁၉ ရောဂါ ကူးစက်နိုင်မှုဖြစ်နိုင်ခြေအများဆုံး အခြေအနေရှိပြီး သတ်မှတ် စည်းကမ်းချက်များကို လိုက်နာခြင်းမရှိသည့် KTV/ Bar/ အနှိပ်ခန်းများ ဖွင့်လှစ်နေမှုကို ထိရောက်စွာ ထိန်းချုပ်နိုင်ရေးနှင့် ညမထွက်ရ အချိန်ကျော်လွန်သွားလာနေမှုများကို ဆက်လက်စိစစ်ဖော်ထုတ် အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပြီး မြို့နယ်/ရပ်ကွက်များအတွင်း စည်းကမ်းလိုက်နာမှုမရှိသည့် လုပ်ရပ်များကို ဆောင်ရွက်နေခြင်းအား သတင်းဖော်ထုတ်မှု၊ စိစစ်ကြပ်မတ်မှု အလေးထားဆောင်ရွက်ရန် နယ်မြေတာဝန်ခံရဲတပ်ဖွဲ့ဝင်များအား တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ဆက်လက်ဖော်ထုတ်စိစစ်ချက်အရ စက်တင်ဘာ ၄ ရက်က မွန်ပြည်နယ်ရှိ မော်လမြိုင်နှင့် ရေးမြို့နယ်တို့အတွင်း၌ KTV ဆိုင်တစ်ဆိုင်၊ တရားမဝင် အနှိပ်ခန်းတစ်ခန်းမှ ပိုင်ရှင်၊ ဆိုင်ဝန်ထမ်း၊ ဧည့်သည်နှင့် အနှိပ်သမ စုစုပေါင်း ၁၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးရှိ မှော်ဘီ၊ ကမာရွတ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တို့အတွင်း၌ KTV/ Bar ဆိုင်နှစ်ဆိုင်၊ တရားမဝင် အနှိပ်ခန်းတစ်ခန်းမှ မန်နေဂျာ၊ ဆိုင်ဝန်ထမ်း၊ အနှိပ်သမများနှင့် လာရောက်သီဆိုသူ စုစုပေါင်း ၂၂ ဦးတို့အား ဖမ်းဆီးရမိခဲ့၍ သက်ဆိုင်ရာမြို့နယ်များ၌ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း။

ယခုတစ်ပတ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ ညမထွက်ရ အချိန်ကျော်လွန် သွားလာသူများကိုလည်း စိစစ်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ(၁၈၈)ဖြင့် အရေးယူခဲ့ရသည့် အမှုပေါင်း ၈၅၆ မှုနှင့် ကျူးလွန်သူ အမျိုးသား ၁၆၅၆ ဦး၊ အမျိုးသမီး ၈၂ ဦး၊ စုစုပေါင်း ၁၇၃၈ ဦးကို အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ခင်ဦးမြို့နယ်၌ ဆိုင်ကယ်စီးသူသုံးဦးကိုတိုက်ပြီး ထွက်ပြေးသော ယာဉ်မောင်းအား ဖမ်းမိ

**ခင်ဦး စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်၌ ဆိုင်ကယ်စီးသူ အမျိုးသားသုံးဦးကို တိုက်ပြီးထွက်ပြေးသော မော်တော်ယာဉ်မောင်းအား စက်တင်ဘာ ၄ ရက် ညပိုင်းက ဖမ်းမိခဲ့ကြောင်း ခင်ဦးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်တင့်ထံမှ သိရသည်။

ခင်ဦးမြို့နယ်တွင် စက်တင်ဘာ ၃ ရက် ည ၈ နာရီခွဲခန့်က ခင်ဦးမြို့နယ် ရွှေဘို - မြစ်ကြီးနားကားလမ်း မိုင်တိုင်အမှတ် (၁၅/၁) အနီးတွင် မော်တော်ယာဉ်နှင့် ကန့်ဘလူမြို့နယ်နေ ကျော်သက်နိုင်(၂၆ နှစ်) မောင်းနှင်ပြီး မျိုးသူ(၂၂နှစ်)နှင့် အသက်(၂၅ နှစ်)ခန့်ရှိ အမျိုးသားတစ်ဦးတို့ လိုက်ပါလာသော ဆိုင်ကယ်တို့တိုက်မိပြီး ဆိုင်ကယ်စီးနင်းလာသူသုံးဦးမှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး မော်တော်ယာဉ်မောင်းနှင်သူမှာ ထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်မှ မော်တော်ယာဉ်မောင်းအား ဖမ်းဆီးရမိရေးအတွက် ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်မောင် ဦးစီး၍ ခင်ဦးမြို့မရဲစခန်းမှူး ဒုရဲမှူး ဇော်ဆွေနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲအုပ်ဇော်မြင့် ဦးစီးအဖွဲ့က ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၄ ရက် ည ၈ နာရီ မိနစ် ၂၀ က ရွှေဘိုမြို့နယ် အုန်းပေါက်ရွာနေသူ ယာဉ်မောင်း ကျော်နိုင်ဝင်း(ခ) ကျော်ကြီး (၃၇ နှစ်) ကို MDY 2R/ - - - - ဖော်လန်ယာဉ်နှင့်အတူ ဖမ်းဆီးရမိသဖြင့် ခင်ဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မိုးသောက် (ရွှေဘို)**

## မင်္ဂလာဒုံမြို့နယ်တွင် လူသတ်မှုဖြစ်ရာ နှစ်ဦးသေဆုံး

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်တွင် စက်တင်ဘာ ၄ ရက်က လူသတ်မှုဖြစ်ပွားကြောင်း မင်္ဂလာဒုံမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ''ပလရ''ရပ်ကွက်အပိုင် ကြူစန်းရွာသစ် ဂရုဏာ( ၄)လမ်း လမ်းသွယ်ရှိ မမျိုးမျိုး၏ နေအိမ်တွင် ယမန်နေ့ ည ၈ နာရီခွဲခန့်က မမျိုးမျိုးနှင့် ဝင်းထက်ကျော်(၁၃နှစ်)၊ ပူစူးမ(၅ နှစ်)နှင့် ကလေးတစ်ဦးတို့အတူ နေအိမ်တွင်ရှိစဉ် လွန်ခဲ့သောတစ်လခန့်က ကွဲကွာပြီးဖြစ်သော ခင်ပွန်းဟောင်း ပြောင်ကြီး (ခ)မိုးသူရသည် နေအိမ်အတွင်းသို့ ဝင်ရောက်ကာ မမျိုးမျိုး၊ ဝင်းထက်ကျော်၊ ပူစူးမတို့ကို အသင့်ယူဆောင်လာသော ဓားဦးချွန်ဖြင့် အချက်ပေါင်းများစွာထိုးခဲ့သည်။ ယင်းနောက် ပြစ်မှုကျူးလွန်သူသည် အခင်းဖြစ်နေအိမ်မှ အပြင်သို့ ထွက်ပြေးသွားပြီး ဂရုဏာ(၄)လမ်း လမ်းမကြီးသို့ အရောက်၌ မမျိုးမျိုး၏ ညီမဖြစ်သူ မဝေ(ခ) မကြူကြူဝေ (၃၅နှစ်)ကို ထပ်မံတွေ့ရှိ၍ ဓားဖြင့်ထိုးခဲ့ကာ ထွက်ပြေးပုန်းအောင်းနေစဉ် ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူတို့က ပူးပေါင်းဖမ်းဆီးခဲ့ကြကြောင်း သိရသည်။

ပြောင်ကြီး(ခ)မိုးသူရက ဓားဖြင့်ထိုးမှုကြောင့် မဝေ(ခ)မကြူကြူဝေနှင့် မောင်ဝင်းထက်ကျော်တို့မှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး မမျိုးမျိုးနှင့် ပူစူးမတို့မှာ ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိသဖြင့် အင်းစိန်မြို့နယ်ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ အတွင်းလူနာဖြင့် ကုသခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါလူသတ်မှုနှင့် ပတ်သက်၍ မင်္ဂလာဒုံမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ဇော်မိုးဦးက အမှုဖွင့်လှစ်ကာ တရားစွဲတင်ပို့နိုင်ရေး စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

> **● ကျော်ဖုံးမှ**
>
> ချယ်ဆီးအသင်းအနေဖြင့် အဆိုပါကွင်းလယ်တိုက်စစ်ကစားသမားကို ခေါ်ယူနိုင်ခဲ့ခြင်းသည် အသင်းသမိုင်းတစ်လျှောက် ဒုတိယမြောက် ဈေးအကြီးဆုံးပေးကာ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ချယ်ဆီးအသင်း၏ ဈေးအကြီးဆုံးကစားသမားမှာ ၂၀၁၈ ခုနှစ်တွင် စပိန်ကလပ် ဘီလ်ဘာအိုအသင်းမှ ကီပါကို ပေါင် ၇၁ ဒသမ ၆ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။
>
> အသက် ၂၁ နှစ်အရွယ် ဟာဗက်ဇ်ကို ခေါ်ယူနိုင်ခဲ့ခြင်းသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ချယ်ဆီးနည်းပြ လမ်းပတ်၏ ခုနစ်ဦးမြောက်ကစားသမားအဖြစ် ခေါ်ယူနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ လက်ရှိတွင် ချယ်ဆီးအသင်းသည် တိုက်စစ်နေရာတွင် တီမိုဝါနာ၊ ကွင်းလယ်နေရာတွင် ဇီယက်နှင့် ခံစစ်နေရာတွင် ဇာဗီယာအမ်ဘူယမ်ဘာ၊ မာလန်ဆား၊ ဘင်ချီဝဲလ်နှင့် သီယာဂိုဆေးဗားလ်တို့ကို ခေါ်ယူထားပြီးဖြစ်သည်။ သို့သော်လည်း မာလန်ဆားရ်ကို လာမည့်ရာသီတွင် အငှားစေလွှတ်ဖွယ်ရှိနေကြောင်း သိရသည်။ ထို့အပြင် ချယ်ဆီးအသင်းသည် ပြီးခဲ့သည့်နှစ်က ကစားသမားဝယ်ယူခွင့်ပိတ်ပင်ခံထားရသော်လည်း ယခုနှစ်တွင် ဟာဗက်ဇ်ကို ခေါ်ယူနိုင်ခဲ့ပြီးနောက် ချယ်ဆီးအသင်း၏ ကစားသမားဝယ်ယူမှု အသုံးစရိတ်သည် ပေါင်သန်း ၂၀၀ နီးပါးရှိလာခဲ့ကြောင်း သိရသည်။
>
> ချယ်ဆီးအသင်းသည် ၂၀၂၀-၂၁ ဘောလုံးရာသီအဖွင့်ပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၁၄ ရက်တွင် ဘရိုက်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဇော်**

## ကလောမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက် လူနေအိမ် ၁၈ လုံး အမိုးလန်ပျက်စီး

**ကလော စက်တင်ဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ် ဘော်နင်းကျေးရွာအုပ်စု ဘုရားပြိုကျေးရွာတွင် စက်တင်ဘာ ၄ ရက် ညနေ ၄ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၁၈ လုံး အမိုးလန်ပျက်စီးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ဘုရားပြိုကျေးရွာရှိ လူနေအိမ် ၁၈ လုံးရှိ သွပ်ချပ်ရေ ၅၅၀ ပျက်စီးခဲ့သည်။

အလားတူ ကလောမြို့နယ် ကျောင်းအရှေ့ကျေးရွာတွင် စက်တင်ဘာ ၃ ရက် ညနေ ၄ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်း လေပြင်းတိုက်မှုကြောင့် လူနေအိမ်ရှစ်လုံးနှင့် နွားတင်းကုပ်တစ်လုံးမှာ အမိုးလန်ပျက်စီးသည်။

အဆိုပါ လေပြင်းတိုက်မှုကြောင့် လေဘေးဒဏ်ခံရသည့် လူနေအိမ်ရှစ်လုံးမှ မိသားစုဝင်များသည် ၎င်းတို့၏ ဆွေမျိုးများနေအိမ်တွင် သွားရောက်နေထိုင်လျက်ရှိကြောင်း၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက နေအိမ်များ ပြန်လည်ပြင်ဆင်နိုင်ရန် ကူညီဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ထိပ်ဆုံးမှ ဟံသာဝတီ ထိပ်တိုက်တွေ့ဆုံနေသည့် MNL ပွဲစဉ် (၁၄)

**ရန်ကုန် စက်တင်ဘာ ၅**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၄) ကို စက်တင်ဘာ ၇၊ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဟံသာဝတီအသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ပြိုင်ပွဲများကို နှစ်ရက်ကန့်၊ နှစ်ရက်နားပုံစံဖြင့် ကျင်းပလျက်ရှိသည်။ ပွဲစဉ် (၁၄) အဖြစ် စက်တင်ဘာ ၇ ရက်တွင် YUSC ကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်း၊ ပဒုမ္မာကွင်း၌ စစ်ကိုင်းအသင်းနှင့် ရခိုင်အသင်း၊ သုဝဏ္ဏကွင်း၌ ရန်ကုန်အသင်းနှင့် မကွေးအသင်း၊ စက်တင်ဘာ ၈ ရက်တွင် YUSC ကွင်း၌ ရတနာပုံအသင်းနှင့် ဧရာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ အားကာသိပွဲအသင်းနှင့် Southern အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၃)အပြီးတွင် ဟံသာဝတီအသင်းက ရမှတ် ၃၀ ဖြင့် ဆက်လက်ဦးဆောင်နေပြီး ဧရာဝတီအသင်းက ၂၇ မှတ်၊ ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းက ၂၃ မှတ်စီ၊ ရခိုင်အသင်းက ၁၄ မှတ်၊ ရတနာပုံနှင့် စစ်ကိုင်းအသင်းက ၁၀ မှတ်စီ၊ အား/ကာသိပွဲနှင့် မကွေးအသင်းက ခုနစ်မှတ်စီ၊ Southern အသင်းက သုံးမှတ်ရရှိထားသည်။

ပွဲစဉ်(၁၃)အပြီး အမှတ်ပေးဇယားရပ်တည်မှုအရ ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းတို့ပွဲတွင် နှစ်သင်းစလုံးအရေးပါနေပြီး ယင်းနှစ်သင်းတွေ့ဆုံမှုကို ဧရာဝတီနှင့် ရန်ကုန်အသင်းတို့က အသုံးချနိုင်ရန် လိုအပ်နေသည်။ လက်ရှိအနေအထားအရ ချန်ပီယံဆုအတွက် ဟံသာဝတီ၊ ဧရာဝတီ၊ ရန်ကုန်နှင့် ရှမ်းအသင်းတို့သာ မျှော်လင့်ချက်ပိုကောင်းနေပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အနေဖြင့် ယခုပွဲတွင် ဟံသာဝတီကို အနိုင်ကစားနိုင်မှသာ အမှတ်ကွာဟမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ အကယ်၍ ရှုံးပွဲကြုံတွေ့ပါက ၁၀ မှတ်အထိ ကွာဟသွားနိုင်ရာ ချန်ပီယံဆုကာကွယ်နိုင်ရန် အခွင့်အရေးနည်းသွားမည်ဖြစ်သည်။

ထိပ်ဆုံးမှ ဟံသာဝတီအသင်းမှာလည်း ပထမဆုံးချန်ပီယံမျှော်လင့်ချက်အတွက် ဇယားထိပ်ပိုင်းမှ အသင်းအချင်းချင်း တွေ့ဆုံသည့်ပွဲများတွင် ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေသည်။ ပထမအကျော့တွင် အိမ်ကွင်း၌ အနိုင်ကစားထားသည့် ဟံသာဝတီအသင်းအတွက် အရေးပါသလို ချန်ပီယံကာကွယ်ရေး မျှော်လင့်ချက်အတွက် ရှုံးကြွေးပြန်ဆပ်နိုင်ရေးကြိုးပမ်းမည့် ရှမ်းယူနိုက်တက်အသင်းတို့ကြောင့် ယခုပွဲမှာ စိတ်ဝင်စားစရာကောင်းနေသည်။ ရတနာပုံနှင့်ကစားရမည့် ဧရာဝတီအသင်းမှာလည်း ပွဲကျပ်ရင်ဆိုင်ရနိုင်သော်လည်း ချန်ပီယံမျှော်လင့်ချက်အတွက် အမှားလုပ်၍မရပေ။ နည်းပြသစ်လက်ထက်တွင် နိုင်ပွဲဆက်နေသည့် ရန်ကုန်အသင်း၏ ရုန်းကန်မှုကိုလည်း စောင့်ကြည့်ရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# နှစ်နိုင်ငံအကြားတင်းမာမှုများနှင့်ပတ်သက်ပြီး တရုတ်နှင့် အိန္ဒိယကာကွယ်ရေးဝန်ကြီးများ ဆွေးနွေး

**မော်စကို စက်တင်ဘာ ၅**

ဇွန်လအတွင်းက တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံနယ်စပ်တွင် အချင်းများမှုဖြစ်ပွားပြီးနောက် တရုတ်ကာကွယ်ရေးဝန်ကြီးနှင့် အိန္ဒိယကာကွယ်ရေးဝန်ကြီးတို့ ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ဆက်လက်ဆွေးနွေးသွားကြရန်လည်း သဘောတူခဲ့ကြသည်။



တရုတ်နှင့်အိန္ဒိယနှစ်နိုင်ငံအရာရှိများ ဆွေးနွေးနေကြစဉ်။

တရုတ်ကာကွယ်ရေးဝန်ကြီး ဝေဖန်းနှင့် အိန္ဒိယကာကွယ်ရေးဝန်ကြီး ရာဂျ့်နက်ဆင်းတို့သည် စက်တင်ဘာ ၄ ရက်က ရုရှားနိုင်ငံ မော်စကိုမြို့တွင် တွေ့ဆုံခဲ့ကြသည်။ ဇွန်လအတွင်းက ဖြစ်ပွားခဲ့သည့် အချင်းများမှုအတွင်း အိန္ဒိယဘက်မှ တပ်ဖွဲ့ဝင် ၂၀ သေဆုံးခဲ့ရသည်။ လွန်ခဲ့သည့်လအတွင်း အချို့သောနေရာများတွင် လုံးထွေးသတ်ပုတ်ခြင်းများ ဖြစ်ပွားခဲ့ပြီးနောက် တင်းမာမှုများမှာ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်။

လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများအတွက် အိန္ဒိယဘက်မှ အပြည့်အဝတာဝန်ယူရမည်ဟု ဝေကတောင်းဆိုခဲ့ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

ဆွေးနွေးညှိနှိုင်းမှုများမှ တစ်ဆင့်နှစ်ဖက်စလုံးမှ အဖြေရှာသင့်ကြောင်းလည်း တရုတ်ကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။ ထို့ပြင်ဒေသတွင်း လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းနိုင်ရေးအတွက်လည်း တင်းမာမှုများကို ဖြေလျှော့ရန် လိုအပ်သည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် လက်ရှိအခြေအနေများကို ပြောင်းလဲရန် ကြိုးပမ်းနေသည်ဟု ရာဂျ့်နက်ဆင်းက ပြောကြားခဲ့ကြောင်း အိန္ဒိယနှင့် အခြားသောမီဒီယာများတွင်ဖော်ပြထားသည်။

ပြဿနာများကို ဖြေရှင်းရန်အတွက် ဆွေးနွေးမှုများပြုလုပ်သွားရန် အရေးကြီးသည်ဟုလည်း ၎င်းက အလေးအနက်ထား ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘာသာရေးအဆောက်အအုံတစ်ခုတွင် ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် ၁၂ ဦးထက်မနည်းသေဆုံး

**ဒါကာ စက်တင်ဘာ ၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘာသာရေးအဆောက်အအုံတစ်ခုတွင် ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် ၁၂ ဦးထက်မနည်း သေဆုံးခဲ့ပြီး လူပေါင်းများစွာ အသက်အန္တရာယ် စိုးရိမ်ရသည့် ဒဏ်ရာများ ရရှိသွားကြောင်း ရဲများက စက်တင်ဘာ ၅ ရက်တွင် ပြောကြားခဲ့သည်။

လေအေးပေးစက်မှ မီးပွားစဉ်လာခြင်းကြောင့် ဓာတ်အားပြတ်တောက်မှုဖြစ်ပွားပြီး ဓာတ်ငွေ့ထွက်လာခြင်း ဖြစ်နိုင်သည်ဟု စုံစမ်းစစ်ဆေးသူများက သံသယရှိသည်။

ဘာသာရေးအဆောက်အအုံအတွင်းသို့ ဓာတ်ငွေ့များ ယိုစိမ့်နေခြင်းဖြစ်သည်ဟု မီးသတ်ဌာနမှ အကြီးအကဲဖြစ်သူ အဗ္ဗဒူလာ အယ်အာဖင်က အေအက်ဖ်ပီသို့ ပြောသည်။

ပြတင်းပေါက်များ၊ တံခါးများ ပိတ်လိုက်ပြီး လေအေးပေးစက်ဖွင့်ပြီးနောက် လျှပ်စစ်မီးပွားစဉ်လာခြင်းကြောင့် ပေါက်ကွဲမှုဖြစ်ရသည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

ပေါက်ကွဲမှုကြောင့် ၁၂ ဦးသေဆုံးပြီး ၃၇ ဦးမှာ ဒါကာမြို့ရှိ ဆေးရုံတွင် ကုသမှုခံယူနေရကြောင်း၊ စိုးရိမ်ရသည့် အခြေအနေတွင် ရှိကြောင်း ဆေးရုံမှ ပြောရေးဆိုခွင့်ရှိသူ ဆာမန်တာလယ်ဆန်က ပြောသည်။

ဒဏ်ရာရရှိသူအများစုမှာ ၇၀မှ ၈၀ ရာခိုင်နှုန်းအထိ မီးလောင်ခံထားရသည်။

လူ ၄၅ ဦးထက် မနည်းမှာ မီးလောင်ဒဏ်ရာများ ရရှိထားပြီး ဓာတ်ငွေ့များကိုလည်း ရှူရှိုက်မိထားကြောင်း ရဲများက ပြောသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုံခြုံစိတ်ချရရေးစည်းကမ်းများကို လိုက်နာမှုအားနည်းသည်။

နိုင်ငံအတွင်း နှစ်စဉ်မီးလောင်မှုကြောင့် လူပေါင်းရာနှင့်ချီ သေဆုံးရလေ့ရှိသည်။ **အေအက်ဖ်ပီ**

## အိန္ဒိယနိုင်ငံ၏ ပထမဆုံး ကျည်ဆန်ရထား စီမံကိန်း ကိုဗစ် -၁၉ ကြောင့် ရပ်တန့်နေရ

**မွမ်ဘိုင်း စက်တင်ဘာ ၅**

အိန္ဒိယနိုင်ငံ၏ ပထမဆုံး ကျည်ဆန်ရထားစီမံကိန်းမှာ ကိုဗစ် – ၁၉ ကူးစက်ပျံ့နှံ့မှုများကြောင့် ရပ်တန့်နေရကြောင်း အိန္ဒိယရထားအရာရှိများက စက်တင်ဘာ ၅ ရက်တွင် ပြောသည်။

မွမ်ဘိုင်းမှ အမန်ဒါဘတ်သို့ ပြေးဆွဲမည့် ရထားစီမံကိန်းမှာ ဂျပန်နိုင်ငံကုမ္ပဏီများဘက်မှ ပါဝင်မှုနည်းပါးသည့်အတွက် အရှိန်နှောင့်နှေးနေရပြီး လေလံပွဲတွင် ဈေးနှုန်းမြင့်တက်မှုကြောင့်လည်း တင်ဒါသွင်းမှုများ ဖျက်သိမ်းသွားခြင်းတို့ကြောင့် နှောင့်နှေးခဲ့ရသည်ဟု အိန္ဒိယ အိတ်စပရက်သတင်းစာတွင် ဖော်ပြထားသည်။

အဆိုပါရထားစီမံကိန်းလုပ်ငန်းတာဝန်မှာ မူလက ၂၀၂၃ ခုနှစ် ဒီဇင်ဘာတွင် အပြီးသတ်ရန် ရည်ရွယ်ထားသော်လည်း ၂၀၂၈ ခုနှစ် အောက်တိုဘာလမှ အပြီးသတ်ရန် အိန္ဒိယဘက်က မျှော်လင့်ထားကြောင်း အဆိုပါ သတင်းစာတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

## နိုင်ဂျီးရီးယားနိုင်ငံတွင် ဆရာဝန်များလုပ်ခလစာပိုရရေး ဆန္ဒပြတောင်းဆိုမည်

လေဂို့စ် စက်တင်ဘာ ၅

**လုပ်ခလစာပိုမိုရရှိရေး၊ ပိုမိုကောင်းမွန်သော သက်သာချောင်ချိရေး အစီအစဉ်များနှင့် လုံလောက်သည့်ပစ္စည်းကိရိယာများရရှိရေးအတွက် နိုင်ဂျီးရီးယားနိုင်ငံ အစိုးရဆေးရုံများမှ ဆရာဝန်များသည် လာမည့်သီတင်းပတ်တွင် ဆန္ဒပြတောင်းဆိုကြမည် ဖြစ်သည်။**

နိုင်ငံအတွင်း ဆရာဝန်အင်အား ၄၀ ရာခိုင်နှုန်းကို ကိုယ်စားပြုသည့် အမျိုးသားဆရာဝန်များ အဖွဲ့က ပြုလုပ်မည့် ဆန္ဒပြမှုမှာ လူဦးရေထူထပ်လှသည့် အာဖရိကနိုင်ငံတစ်နိုင်ငံတွင် ကိုဗစ်–၁၉ ကို နှိမ်နင်းရန် ရုန်းကန်နေရသည့် ဆရာဝန်များ၏ ဆန္ဒထုတ်ဖော်မှုလည်း ဖြစ်သည်။

အစိုးရဘက်မှ ထောက်ပံ့မှုများ မလုပ်သေးသရွေ့ ဆန္ဒပြမှုကို ရပ်သိမ်းပေးမည် မဟုတ်ကြောင်း၊ ကျန်းမာရေးလုပ်သားများ အတွက် အသက်အာမခံနှင့် သေဆုံးပါက ထောက်ပံ့ကြေးရရှိရေးတို့ အပါအဝင် လုံလောက်သည့် လစာနှင့် ဝင်ငွေများပေးရန် တောင်းဆိုမည်ဖြစ်သည်။

ပြည်ထောင်စုနှင့် ပြည်နယ်များရှိကျန်းမာရေး အင်စတီကျူးများတွင် တန်းတူ လုပ်ခရရှိရေးကိုလည်း သမဂ္ဂက အလိုရှိသည်။

ကျန်းမာရေး ကဏ္ဍအတွက် ငွေကြေး လုံလောက်မှုမရှိသည့် နိုင်ဂျီးရီးယားနိုင်ငံတွင် ဆရာဝန်များ ဆန္ဒထုတ်ဖော်ကြခြင်းမှာ ဖြစ်ရိုးဖြစ်စဉ် ဖြစ်သည်။



နိုင်ဂျီးရီးယားမှ ဆရာဝန်များ မြို့တော်လေဂို့စ်တွင် ဇွန်လက ဆန္ဒပြတောင်းဆိုနေကြစဉ်။

ဆရာဝန်အင်အား လျော့ကျသွားခြင်းကြောင့် ကိုဗစ် – ၁၉ ကို တိုက်ဖျက်ရာတွင် လုံလောက်သည့် အင်အားမရှိမည်ကို အာဏာပိုင်များက စိုးရိမ်ကြသည်။

ပြီးခဲ့သည့် ဇွန်လအတွင်းကလည်း ကိုဗစ်–၁၉ စစ်ဆေးရေး ကိရိယာများ လုံလောက်မှုမရှိခြင်းနှင့် သက်သာချောင်ချိရေး အစီအစဉ်များ မရရှိသဖြင့် အမျိုးသားဆရာဝန်များအဖွဲ့က သီတင်းပတ်တစ်ပတ်ကြာ ဆန္ဒပြတောင်းဆိုခဲ့သည်။ နိုင်ဂျီးရီးယားသည် အာဖရိက၏ လူဦးရေအထူထပ်ဆုံးနိုင်ငံဖြစ်ပြီး သန်း ၂၀၀ မီတင်းနေထိုင်သည်။ ကိုဗစ်– ၁၉ ကူးစက်ခံရသူပေါင်း ၅၄၇၄၃ ဦးရှိပြီး သေဆုံးသူ ၁၀၅၁ ဦးရှိသည်။

**အေအက်ဖ်ပီ**

# ကာကွယ်ဆေးမှာ အလားအလာကောင်းသည်ဟု ရုရှား သုတေသနပညာရှင်များပြော

**မော်စကို စက်တင်ဘာ ၅**

ကိုဗစ် -၁၉ ကာကွယ်ဆေးမှာ ရောဂါကာကွယ်သောပဋိပစ္စည်းထုတ်လုပ်ပေးပြီး ကျန်းမာရေးကို သိသာထင်ရှားစွာ ထိခိုက်စေသည့် အန္တရာယ်လက္ခဏာမျိုး မတွေ့ရကြောင်း ရုရှားသုတေသနအုပ်စုက ပြောသည်။

Sputnik Vဟုအမည်ပေးထားသည့်ကာကွယ်ဆေးကို လက်တွေ့စမ်းသပ်ရာတွင် ရှာဖွေတွေ့ရှိသည့် အချက်များကို အဆိုပါရုရှားသုတေသနအုပ်စုက ဗြိတိန်ဆေးပညာဂျာနယ် လန်ဆက်တွင် စက်တင်ဘာ ၄ ရက်က ဖော်ပြခဲ့သည်။

အဆိုပါစမ်းသပ်မှုတွင် အသက် ၁၈ နှစ်မှ ၆၀ ကြား ၇၆ ဦး ပါဝင်ပြီး ကာကွယ်ဆေး၏ လုံခြုံစိတ်ချရမှု၊ ကာကွယ်ဆေးထိုးပြီးနောက် ကိုယ်ခန္ဓာတွင် ထွက်လာသည့်ပဋိပစ္စည်း၏ တန်ဖိုးကိုတွက်ချက်ရန် အဆိုပါလူများဖြင့် စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

စမ်းသပ်ခံသူများထဲမှ ထက်ဝက်နီးပါးခန့်မှာ ၄၂ ရက်အတွင်း အပျော့စားလက္ခဏာများသာပြပြီး အများစုမှာ ခေါင်းကိုက်ခြင်းနှင့် ဖျားနာခြင်းတို့သာဖြစ်ပေါ်ကြောင်း၊ သို့သော်လည်း မည်သူမျှဆိုးဆိုးရွားရွား မထိခိုက်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဒုတိယအဆင့် စမ်းသပ်မှုတွင် ပါဝင်ခဲ့ကြသူ ၄၀ မှာ အာနိသင်လျော့ပါးသက်သာစေသည့် ပဋိပစ္စည်းများ ထွက်ပြီး ဗိုင်းရပ်စ်၏လှုပ်ရှားမှုကို နှေးကွေးသွားစေသည်။

ရုရှားအစိုးရသည် အဆင့် – ၃ စမ်းသပ်မှုရလဒ်ကို မစောင့်တော့ဘဲ Sputnik V ကို ကာကွယ်ဆေးအဖြစ် ဩဂုတ်လအတွင်းက တရားဝင်အတည်ပြုခဲ့သည်။

**အင်န်အိတ်ချ်ကေ**




ရုရှားမှအတည်ပြုထားသည့် Sputnik – V ကာကွယ်ဆေး။

# ကိုဗစ်-၁၉ ကာကွယ်ဆေး တရားဝင်အသုံးပြုချိန်တွင် နိုင်ငံအသီးသီး၏ အထူးသတ်မှတ်ထားသူများကို ဦးစားပေးထောက်ပံ့ပေးမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြော

**ဂျီနီဗာ စက်တင်ဘာ ၅**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တရားဝင်အသုံးပြုချိန်တွင် အစောပိုင်းကာလ၌ ကာကွယ်ဆေးအကန့်အသတ်ရှိသဖြင့် နိုင်ငံအသီးသီး၏ အထူးသတ်မှတ်ထားသူများကိုသာ ဦးစားပေးထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများအားလုံးကို ထောက်ပံ့ပေးနိုင်ဦးမည် မဟုတ်သေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ် အက်ဒါနွမ်ဂယ်ဘရီယက်ဆုက ပြောကြားလိုက်သည်။

လာမည့်လအနည်းငယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့်ပတ်သက်ပြီး လုံခြုံပြီးထိရောက်သည့် ကာကွယ်ဆေးရရှိသည့်အချိန်တွင် အစောပိုင်းကာလ၌ ကာကွယ်ဆေးရရှိမှုအရေအတွက်အကန့်အသတ်ရှိသောကြောင့် အရေးပါသည့်ဌာနများတွင် တာဝန်ထမ်းဆောင်နေသူများနှင့် အန္တရာယ်များသည့် နယ်ပယ်များတွင် လုပ်ကိုင်နေရသူများကို ဦးစားပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် သက်ကြီးရွယ်အိုများနှင့် ရောဂါအခံရှိသူများကိုလည်း ဦးစားပေးသွားမည်ဖြစ်ကြောင်း တက်ဒရော့စ်က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားလိုက်သည်။

နောက်ပိုင်းတွင် ကာကွယ်ဆေးထုတ်လုပ်နိုင်မှု ပိုမိုမြင့်မားလာမည်ဖြစ်ကာ လူတိုင်းကို ကာကွယ်ဆေးထိုးပေးနိုင်မည့် အခွင့်အရေး ရရှိမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

လတ်တလောတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးကိုးမျိုးသည် ကပ်ရောဂါကြိုတင်ကာကွယ်ရေး တီထွင်ဆန်းသစ်မှုညွန့်ပေါင်းအဖွဲ့၏ ထောက်ခံမှုကို ရရှိထားကြောင်း၊ ၎င်းတို့အနက် ကာကွယ်ဆေး ခုနစ်မျိုးကို လက်တွေ့စမ်းသပ်မှုများပြုလုပ်နေပြီး အောင်မြင်ခဲ့ပါက ကိုဗက်စ် (ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေးစနစ်) သို့ထည့်သွင်းမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အောင်မြင်ရန် မျှော်လင့်ထားသော ကာကွယ်ဆေးလေးမျိုးနှင့်ပတ်သက်ပြီး ဆွေးနွေးသုံးသပ်လျက်ရှိကြောင်းနှင့် သုတေသနဆောင်ရွက်နေသည့် ကာကွယ်ဆေးကိုးမျိုးအား ကိုဗက်စ်သို့ ထည့်သွင်းခြင်း ပြု၊ မပြုနှင့်ပတ်သက်ပြီး ဆွေးနွေးလျက်ရှိကြောင်း တက်ဒရော့စ်က ပြောကြားလိုက်သည်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ်

ကိုဗက်စ်အစီအစဉ်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဦးဆောင်သော အစီအစဉ်တစ်ရပ်ဖြစ်ပြီး ၂၀၂၁ ခုနှစ်မတိုင်မီ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လုံခြုံသည့် ကာကွယ်ဆေးအလုံးရေပေါင်း နှစ်ဘီလီယံကို ထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

အဆိုပါအစီအစဉ်သည် ကာကွယ်ဆေးပူးပေါင်းဝယ်ယူခြင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်ရာတွင် ဖြစ်ပေါ်လာမည့် အမျိုးမျိုးသော အန္တရာယ်ကို အတူတကွမျှဝေခံစားသွားမည့် နိုင်ငံတကာစနစ်တစ်ခုဖြစ်သည်။

မည်သည့်ကာကွယ်ဆေးအမျိုးအစားမဆို လုံခြုံထိရောက်ကြောင်း သက်သေပြနိုင်ခဲ့ပါက အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အချိန်မီ ကာကွယ်ဆေးတန်းတူရရှိမည်ဖြစ်ကြောင်း သိရသည်။ ကိုဗက်စ်သို့ ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေများသည့် နိုင်ငံပေါင်း ၇၈ နိုင်ငံ ပါဝင်လာခဲ့ပြီးဖြစ်ကြောင်း ၎င်းတို့ အနက် ဂျာမနီ၊ ဂျပန်နှင့် နော်ဝေ စသည့် နိုင်ငံများပါဝင်ကြောင်းနှင့် အဖွဲ့ဝင်နိုင်ငံများ အဆက်မပြတ်တိုးတက်လာကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ကနဦးသုတေသနအဆင့်တွင်သာ ရှိသေးကြောင်းနှင့် စမ်းသပ်မှုများစွာ ပြုလုပ်ရဦးမည်ဖြစ်ကြောင်း၊ လာမည့် ၂၀၂၁ ခုနှစ်နှစ်လယ်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအသီးသီးသို့ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ထိပ်တန်းသိပ္ပံပညာရှင်များက ပြောကြားလိုက်သည်။ **ဆင်ဟွာ**




ကျူရှူးခရိုင် ဟာကာတာ ဘူတာရုံတွင် ရထားများ ရပ်နားထားသည်ကို တွေ့ရစဉ်။

## ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း မုန်တိုင်းဟိုင်ရှန်ဒဏ် အလူးအလဲခံရမည်

**တိုကျို စက်တင်ဘာ ၅**

ဂျပန်နိုင်ငံ၏ဆယ်စုနှစ်အတော်ကြာသမိုင်းတွင် အင်အားအပြင်းထန်ဆုံးဖြစ်သည့် တိုင်ဖွန်းမုန်တိုင်းသည် နိုင်ငံ၏ အနောက်တောင်ပိုင်းကို ခြိမ်းခြောက်လျက်ရှိကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် စက်တင်ဘာ ၅ ရက်က ဖော်ပြလိုက်သည်။

အဆိုပါတိုင်ဖွန်းမုန်တိုင်းသည် စက်တင်ဘာ ၆ ရက်မှ ၇ ရက်အတွင်း ကျူရှူးဒေသသို့ တဖြည်းဖြည်း ဝင်ရောက်ရန် နီးကပ်လာသောအခါတွင် တိုင်ဖွန်းမုန်တိုင်းနှင့်ပတ်သက်ပြီး အရေးပေါ်သတိပေးမှုအဆင့် တဖြည်းဖြည်းမြင့်တက်လာကြောင်း မိုးလေဝသအရာရှိများက ပြောကြားလိုက်သည်။

ဂျပန်မိုးလေဝသဌာနအရာရှိတစ်ဦးဖြစ်သူ နာကာမိုတို ယိုရှီဟီဆာက အင်အားကြီးမားပြင်းထန်သော တိုင်ဖွန်းမုန်တိုင်း ဟိုင်ရှန်သည် အရေးပေါ်သတိပေးမှု အဆင့်သို့ တဖြည်းဖြည်းရောက်ရှိလာကြောင်း ၎င်းသည် အိုကီနာဝါခရိုင်ကို စက်တင်ဘာ ၆ ရက်အစောပိုင်းတွင် ဝင်ရောက်နိုင်ပြီး ကာဂိုရှီးမားခရိုင် အမာမီကျွန်းမြို့လေးသို့ ယင်းနေ့ညနေပိုင်းတွင် ဝင်ရောက်နိုင်ကြောင်း ခန့်မှန်းပြောကြားလိုက်သည်။

ဂျပန်အမိမြေ၊ အခြေခံ အဆောက်အအုံ၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားဝန်ကြီးဌာနမှ အရာရှိဖြစ်သူ တာကာမူရာယူဟဲက ကျူရှူးရှိ မြစ်ချောင်းများ ရေကြီးရေလျှံနိုင်သည့်အတွက် ရေဘေးအန္တရာယ်နှင့် ရင်ဆိုင်ရနိုင်ကြောင်း ပြောကြားလိုက်သည်။ ဂျပန်မိုးလေဝသအရာရှိများကလည်း မုန်တိုင်းကြောင့် လေများစံချိန်တင် တိုက်ခတ်နိုင်သလို၊ လှိုင်းကြီးနိုင်ကြောင်း၊ ထို့အပြင် မမျှော်မှန်းနိုင်သော မိုးကြီးများလည်း ရွာသွန်းနိုင်ကြောင်း ပြောကြားထားသည်။

တိုင်ဖွန်းမုန်တိုင်း ဟိုင်ရှန်သည် ပစိဖိတ်သမုဒ္ဒရာ မီနာမီ ဒိုင်တိုကျွန်းတောင်ဘက် ကီလိုမီတာ ၁၆၀ အကွာတွင် ရောက်ရှိနေကြောင်း မိုးလေဝသအရာရှိများက ပြောကြားလိုက်သည်။ အဆိုပါမုန်တိုင်းသည် အနောက်မြောက်သို့ တစ်နာရီလျှင် ၁၅ ကီလိုမီတာနှုန်းဖြင့် ရွေ့လျားနေကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။

မုန်တိုင်း၏အလယ်တွင် လေထုဖိအားသည် ၉၂၀ ဟက်တိုပါစကယ်ရှိကြောင်းနှင့် မုန်တိုင်း၏အလယ်ဗဟိုအနီးတွင် တစ်နာရီလျှင် လေတိုက်နှုန်း ကီလိုမီတာ ၁၈၀ ကျော်ရှိကြောင်းနှင့် ၂၅၂ ကီလိုမီတာအထိ အမြင့်ဆုံးတိုက်ခတ်လာနိုင်ကြောင်း တာဝန်ရှိသူများက ဆက်လက်သတိပေး ပြောကြားလိုက်သည်။

တိုင်ဖွန်းမုန်တိုင်း ဟိုင်ရှန်သည် အဓိကသယ်ယူပို့ဆောင်ရေး လမ်းကြောင်းများကို ပျက်စီးစေနိုင်သောကြောင့် ကျူရှူရှင်ကန်ဆန်ရထားလိုင်း၏ ဝန်ဆောင်မှုများကို စက်တင်ဘာ ၆ ရက်တွင် တစ်စိတ်တစ်ပိုင်းရပ်နားလိုက်ပြီး စက်တင်ဘာ ၇ ရက်အတွက် လုံးဝဖျက်သိမ်းလိုက်ကြောင်း ကြေညာလိုက်သည်။

ထို့အပြင် စက်တင်ဘာ ၅ ရက်တွင်လည်း ပြည်တွင်းလေကြောင်းလိုင်း ၈၀ ကျော်ကို ဖျက်သိမ်းခဲ့ကြောင်းနှင့် များသောအားဖြင့် အဆိုပါလေကြောင်း လိုင်းများသည် ကျူရှူးတောင်ပိုင်းနှင့် အိုကီနာဝါသို့ အသွားအပြန်ပြေးဆွဲနေသော လေကြောင်းလိုင်းများဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## တိုကျိုအိုလံပစ်နှင့် မသန်စွမ်းအားကစားတွင် ပါဝင်မည့်သူများအပေါ် ဗိုင်းရပ်စ်နှင့်ပတ်သက်သည့် ကန့်သတ်ချက်များကို လျှော့ပေါ့ရန်နည်းလမ်းများ ဂျပန်အာဏာပိုင်များစဉ်းစားလျက်ရှိ

**တိုကျို စက်တင်ဘာ ၅**

၂၀၂၁ ခုနှစ်တွင် ကျင်းပရန် စီစဉ်ထားသည့် တိုကျိုအိုလံပစ်နှင့် မသန်စွမ်း အားကစားပြိုင်ပွဲတွင် ပါဝင်မည့်အားကစားသမားများနှင့် တာဝန်ရှိသူများအတွက် ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်သည့် ကန့်သတ်ချက်များ လျှော့ပေါ့ပေးရန် နည်းလမ်းများကို ဂျပန်အာဏာပိုင်များက စဉ်းစားလျက်ရှိကြောင်း သတင်းရရှိသည်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ယခုနှစ်တွင် ကျင်းပရန်လျာထားသည့် အဆိုပါအားကစားပွဲများကို ရွှေ့ဆိုင်းခဲ့သည်။

ဂျပန်အစိုးရ၏ လုပ်ငန်းအဖွဲ့သည် အဆိုပါကိစ္စနှင့်ပတ်သက်ပြီး စက်တင်ဘာ ၄ ရက်က ပထမဆုံး အစည်းအဝေးကို ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးသို့ တိုကျိုမြို့တော်အုပ်ချုပ်ရေးအဖွဲ့နှင့် ၂၀၂၀ အားကစားပွဲကျင်းပရေးကော်မတီကိုယ်စားလှယ်များ တက်ရောက်ကြောင်း သိရသည်။

ထပ်မံပြုလုပ်မည့်အစည်းအဝေးများတွင် လူဝင်မှုကြီးကြပ်ရေးကိစ္စ၊ ကိုရိုနာဗိုင်းရပ်စ်စမ်းသပ်မှုကိစ္စ၊ ဆေးရုံများနှင့် ပြည်သူ့ကျန်းမာရေးဌာနများတွင် လုပ်ကိုင်ဆောင်ရွက်မည့် ကိစ္စများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

အများပြည်သူသွားလာသည့် နေရာများတွင် စောင့်ထိန်းရမည့် ကျင့်ဝတ်များနှင့် စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်ပြီး ပြောဆိုရန် နည်းလမ်းများကိုလည်း ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်အစိုးရက သီတင်းနှစ်ပတ်ကြာ သီးခြားခွဲနေရမည်ဆိုသည့် ကန့်သတ်ချက်ကို အားကစားသမားများနှင့် တာဝန်ရှိသူများအပေါ် ခြွင်းချက်ပေးရန်လည်း စဉ်းစားလျက်ရှိကြောင်း သိရသည်။

ထို့အပြင် သီးခြားခွဲနေရမည်ဆိုသည့် ကိစ္စအပေါ် ခြွင်းချက်ပေးမည့်အစား အားကစားသမားများနှင့် သက်ဆိုင်သူများကို အိုလံပစ်ရွာတွင်သာ နေထိုင်ကြရန်နှင့် အပြင်မထွက်ကြရန် မေတ္တာရပ်ခံနိုင်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းအဖွဲ့သည် ယခုနှစ်မကုန်မီတွင် ယာယီအစီရင်ခံစာတစ်စောင် ထုတ်ပြန်ရန်ရှိကြောင်းလည်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အမေရိကန်နိုင်ငံ၌ ကိုဗစ် – ၁၉ ရောဂါကြောင့် သေဆုံးသူ ၄၀၀၀၀၀ ကျော်အထိ ရှိလာနိုင်

**ဝါရှင်တန် စက်တင်ဘာ ၅**

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အမေရိကန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် သေဆုံးသူ ၄၁၀၀၀၀ သို့ ရောက်ရှိလာနိုင်ကြောင်း အမေရိကန်ဝါရှင်တန်တက္ကသိုလ် ကျန်းမာရေးဆိုင်ရာစာရင်းပြုစုမှု သုတေသနဌာန၏ နောက်ဆုံးထုတ်ပြန်ခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါ ကြိုတင်ခန့်မှန်းချက်အရ သိရသည်။

ရာသီဥတုအခြေအနေနှင့် ပြည်သူလူထု၏ ကိုဗစ်-၁၉ အပေါ် အလေးထားဂရုပြုမှုလျော့ကျလာသည်နှင့်အညီ အမေရိကန်၌ ဒီဇင်ဘာလတွင် တစ်ရက်အတွင်း ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူ ၃၀၀၀ ကျော်အထိ ရှိလာနိုင်ကြောင်းနှင့် လာမည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် အမေရိကန်၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ စုစုပေါင်း ၄၁၀၀၀၀ အထိ ရှိလာနိုင်ကြောင်း အဆိုပါအဖွဲ့အစည်း၏ စက်တင်ဘာ ၃ ရက် ထုတ်ပြန်ခဲ့သော ကြိုတင်ခန့်မှန်းချက်တွင် ဖော်ပြလိုက်သည်။

လက်ရှိအချိန်မှ နှစ်ကုန်အထိ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၂၅၀၀၀ တိုးလာဖွယ်ရှိကြောင်း၊ သို့သော်လည်း အမေရိကန်နိုင်ငံအနေဖြင့် ပါးစပ်နှာခေါင်းစည်း တပ်ဆင်ရမည့် အမိန့်ကို တင်းကျပ်စွာ ဆောင်ရွက်ပါက နှစ်ကုန်ချိန်တွင် သေဆုံးသူ စုစုပေါင်းမှာ ၂၈၈၀၀၀ ခန့်သာရှိမည်ဖြစ်ကြောင်း၊ အမေရိကန်အစိုးရအနေဖြင့် မည်သည့်ကြိုတင်ကာကွယ်မှုလုပ်ဆောင်ထားခြင်းမရှိလျှင် သေဆုံးသူ ၆၂၀၀၀၀ အထိ ရှိလာနိုင်ကြောင်း အဆိုပါအဖွဲ့အစည်း၏ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထို့အပြင် ထုတ်ပြန်ကြေညာချက်တွင် အမေရိကန်နိုင်ငံ၌ နှာခေါင်းစည်းအသုံးပြုမှုသည် ဩဂုတ်လဆန်းတွင် အမြင့်ဆုံးသို့ ရောက်ရှိလာခဲ့ပြီးနောက် အသုံးပြုမှု ပြန်လည်ကျဆင်းလာကြောင်း ဆက်လက်ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်၏ စက်တင်ဘာ ၄ ရက် ညနေပိုင်းအချိန်ထုတ်ပြန်ချက်အရ အမေရိကန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၆ ဒသမ ၁၇၆ သန်းကျော်အထိ ရှိလာခဲ့ကြောင်း၊ သေဆုံးသူပေါင်းမှာလည်း ၁၈၇၀၀၀ ကျော်အထိ ရှိလာကြောင်း သိရသည်။ **ဆင်ဟွာ**

# ကိုဗစ် - ၁၉ ကြောင့် ဖြစ်ပေါ်လာရသော ကလေးများ၏ စိတ်ဖိစီးမှု

• • • • • ခြူးစန္ဒီနွေး • • • • •

**ကိုဗစ် -၁၉ ကြောင့် တစ်ကမ္ဘာလုံးက လူတွေဟာအလုပ်အကိုင်တွေ ထိခိုက်ရပြီး ပုံမှန်ဘဝနေထိုင်မှုအတိုင်း လွတ်လွတ်လပ်လပ်သွားလာနေထိုင်လို့မရတဲ့အတွက် စိတ်ဖိစီးမှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့ကြရပါတယ်။ လူကြီးတွေလိုပဲ ကလေးတွေလည်း စိတ်ဖိစီးမှုဆိုတာကတော့ အနည်းနဲ့အများ ရှိကြတာပါပဲ။**



ကလေးများကို ကျောင်းလိုက်ပို့သည့်မိဘများကို မတ် ၅ ရက်က တွေ့ရစဉ်။

### စစ်တမ်းကောက်ယူ

ဂျပန် နိုင်ငံမှာတော့ ကလေး လေးပုံသုံးပုံ နီးပါးခန့်ဟာ ကိုဗစ်–၁၉ ကြောင့် စိတ်ဖိစီးမှုလက္ခဏာတွေ ပြသတယ်လို့ စစ်တမ်းကောက်ယူမှုတစ်ခုအရ သိရပါတယ်။ ကိုဗစ်–၁၉ ကို အရင်းပြုပြီး ကလေးတွေကြားမှာ ခွဲခြားဆက်ဆံမှုတွေ၊ နှိမ့်ချဆက်ဆံတာတွေ ရှိနေမှာကို ဂျပန်နိုင်ငံက ပညာရေးအရာရှိတွေ စိုးရိမ်နေကြရပါတယ်။ ကိုဗစ် – ၁၉ ဟာ ကလေးတွေအပေါ် ဘယ်လောက်အထိ ရိုက်ခတ်သလဲဆိုတာကို သိဖို့အတွက် ကလေးသူငယ်ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားစင်တာကနေ ဇွန်လကနေ ဇူလိုင်လအတွင်းမှာ စစ်တမ်းကောက်ယူမှု ပြုလုပ်ခဲ့ပါတယ်။

### လျှို့ဝှက်ထားမယ်

စစ်တမ်းကောက်ယူမှုအရ ကလေး ၇၂ ရာခိုင်နှုန်းမှာ စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုတွေ ရှိနေတာကို တွေ့ရှိရပါတယ်။ ကိုဗစ်– ၁၉ ကြောင့် စိတ်ရှုပ်ထွေးရပြီး သူတို့ရဲ့ အာရုံစူးစိုက်နိုင်စွမ်းမှာ လာပြီးထိခိုက်တယ်လို့ ကလေးတွေက ဖြေကြားကြပါတယ်။

တကယ်လို့များ မိသားစုဝင်ထဲက တစ်ယောက်ယောက်မှာ ကိုဗစ်– ၁၉ ကူးစက်ခံရမှု တွေ့လာပြီဆိုရင် ဘယ်လိုလုပ်မလဲလို့ မေးမြန်းရာမှာတော့ ကလေးသုံးပုံတစ်ပုံဟာ လျှို့ဝှက်ထားမယ်လို့ ဖြေခဲ့ကြပါတယ်။ တခြားသောလူတွေဟာလည်း ဒီနည်းလမ်းအတိုင်းပဲ ကျင့်သုံးကြမယ်လို့ ယုံကြည်ကြောင်း ၄၇ ရာခိုင်နှုန်းက ဖြေကြားခဲ့ကြပါတယ်။

### ခွဲခြားဆက်ဆံမှုတွေ ပေါ်လာနိုင်

မိမိနဲ့ သက်တူရွယ်တူ သူငယ်ချင်းက ကိုဗစ် – ၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာပြီဆိုရင် သူတို့နဲ့ ပြန်ပြီးဆော့ကစားမှု ပြုလုပ်ဦးမှာလားလို့ မေးမြန်းရာမှာတော့ ၂၂ ရာခိုင်နှုန်းဟာ ကိုဗစ်– ၁၉ က ပြန်လည်သက်သာလာတဲ့ သူငယ်ချင်းနဲ့ မကစားချင်တော့ဘူးလို့ ပြောပါတယ်။ ဒီလိုဖြေကြားချက်တွေကို စုဆောင်းမိတဲ့နောက်မှာတော့ ကိုဗစ် – ၁၉ ကူးစက်ခံရပြီး ပြန်လည်ကျန်းမာလာသူတွေအပေါ် ခွဲခြားဆက်ဆံမှုတွေနဲ့ အနိုင်ကျင့်ခံရမှုဆီ ဦးတည်သွားနိုင်တယ်လို့ လေ့လာသုံးသပ်သူတွေက ပြောပါတယ်။ နွေရာသီအားလပ်ရက်ကာလကလည်း ပြီးဆုံးသွားပါပြီ။ အခု ကလေးတွေ စိုးရိမ်နေကြတာလည်း အဲဒီအချက်ပါပဲ။

### စိတ်ဖိစီးမှုနှင့်ရင်ဆိုင်ရ

တချို့သော ကျောင်းတွေလည်း ပြန်ဖွင့်နေပြီဖြစ်တာကြောင့် နေထိုင်မှုဘဝပုံစံသစ်အောက်မှာ ကလေးတွေဟာ စိတ်ဖိအားအောက် ရောက်နေတယ်လို့ အခုလို စစ်တမ်းကောက်ယူမှုကို ပြုလုပ်ခဲ့တဲ့ ဒေါက်တာ ဟန်ဂိုင် မာယူမီကလည်း ပြောပါတယ်။ ကလေးတွေရဲ့ စိုးရိမ်ပူပန်မှု၊ စိတ်သောကတွေကို အရွယ်ရောက်ပြီးသား လူကြီးတွေက အချိန်ပေးနားထောင်သင့်ပြီး အားပေးမှုတွေလုပ်ဆောင်သင့်တယ်လို့ ဒေါက်တာ ဟန်ဂိုင် မာယူမီကပြောပါတယ်။

### အနိုင်ကျင့်ခံရ

ကိုဗစ် – ၁၉ နဲ့ ပတ်သက်ပြီး ခွဲခြားဆက်ဆံခံရမှုတွေကတော့ အစကတည်းက ပေါ်ပေါက်ခဲ့ပြီးသားပါ။ နီဂါတာခရိုင်မှာဆိုရင် အနိုင်ကျင့်မှုတွေ ရှစ်ခုထက်မနည်း ရှိနေတယ်လို့ တိုင်ကြားမှုတွေအရ သိရပါတယ်။

အနိုင်ကျင့်ခံရတဲ့ ကလေးအများစုရဲ့ မိဘတွေကတော့ ဆေးဝန်ထမ်းတွေ၊ ဒါမှမဟုတ်ရင် ကူးစက်မှုမြင့်တဲ့နေရာတွေကို သွားလာခဲ့ကြသူတွေပါပဲ။ တချို့ကလေးတွေဆိုရင် ကိုရိုနာလို့တောင် အခေါ်ခံရတာတွေ ရှိနေပါတယ်။ နာရာခရိုင်မှာတော့ တချို့သောကျောင်းသားတွေဟာ တက္ကသိုလ်အတွင်း ကိုဗစ်– ၁၉ ကူးစက်ပျံ့နှံ့မှုတွေကြောင့် ဆရာဖြစ်လက်မှတ်ရမယ့် ဝင်ခွင့်သင်တန်းမှာ ဝင်ရောက်ဖြေဆိုဖို့ ငြင်းဆိုကြပါတယ်။

### ကြောက်လန့်တကြားဖြစ်ရ

စိုင်တာမာ ခရိုင်မှာတော့ ကျောင်းသားမိဘတစ်ဦးက သူ့ရဲ့ စိုးရိမ်ပူပန်မှုတွေကို အင်န်အိတ်ချ်ကေကို ပြောပြပါတယ်။ သူ့ရဲ့သမီးဖြစ်သူဟာ ကိုဗစ် – ၁၉ ကူးစက်မှာကို ကြောက်တဲ့အတွက် တစ်ခါတလေမှာ ကျောင်းမသွားချင်ဘူးလို့ ပြောပါတယ်။

ကျောင်းမသွားဘဲ အိမ်မှာပဲနေဖို့ အမေဖြစ်သူကို ပြောပါတယ်။ အဲဒီနောက် ကျောင်းမှာ ကိုဗစ်– ၁၉ ကူးစက်မှုရှိလာလို့အရေးပေါ်ပိတ်လိုက်ရတဲ့အခါမှာတော့ သမီးဖြစ်သူဟာ ကြောက်လန့်တကြား ဖြစ်ရတယ်လို့ ပြောပြပါတယ်။ နောက်ပိုင်းမှာ အဲဒီမိန်းကလေးငယ်ဟာ ကြောက်ရွံ့မှုတွေ ပြင်းထန်နေတဲ့အတွက် မိဘတွေဟာ ကိုဗစ်–၁၉ နဲ့ ပတ်သက်တဲ့သတင်းတွေကို ကန့်သတ်ထားရတယ်လို့ မိဘတွေက ပြောပါတယ်။ နောက်ပြီး ရောဂါကူးစက်ခံရတဲ့ အခြားကလေးတွေအပေါ်မှာလည်း ခွဲခြား ဆက်ဆံမှုတွေ မလုပ်ကြဖို့ သမီးကို မှာထားရတယ်လို့ မိခင်ဖြစ်သူက ပြောပါတယ်။

> **“စစ်တမ်းကောက်ယူမှုအရ ကလေး ၇၂ ရာခိုင်နှုန်းမှာ စိတ်ပိုင်းဆိုင်ရာ ဖိစီးမှုတွေ ရှိနေတာကို တွေ့ရှိရပါတယ်။ ကိုဗစ်- ၁၉ ကြောင့် စိတ်ရှုပ်ထွေးရပြီး သူတို့ရဲ့ အာရုံစူးစိုက်နိုင်စွမ်းမှာ လာပြီးထိခိုက်တယ်လို့ ကလေးတွေက ဖြေကြားကြပါတယ်”**

### အကြံပြုထား

ကျောင်းတွေမှာ အနိုင်ကျင့်မှုတွေ၊ နှိမ့်ချဆက်ဆံမှုတွေပေါ်လာတဲ့အတွက် ဂျပန်ပညာရေးဝန်ကြီးဌာနဟာ ဩဂုတ် ၂၅ ရက်မှာတော့ အကြံပြုချက် ထုတ်ပြန်ခဲ့ရပါတယ်။ ရောဂါကူးစက်ခံရသူတွေအပေါ်မှာ စာနာစိတ်ထားကြဖို့ ကျောင်းသားတွေကို တိုက်တွန်းရပါတယ်။

နောက်ပြီး ကျောင်းသားတွေ ကိုဗစ်– ၁၉ နဲ့ ပတ်သက်ပြီး သိပ္ပံနည်းကျ ရှင်းပြပေးဖို့ ဆရာတွေကို တာဝန်ပေးထားရပါတယ်။ ကျောင်းပတ်ဝန်းကျင်မှာ ကူးစက်ခံရသူတွေနဲ့ ပတ်သက်ပြီး နှိမ့်ချဆက်ဆံမှုတွေ၊ အနိုင်ကျင့်မှုတွေ မရှိအောင် အကြံပြုထားပါတယ်။

### စိတ်ထွက်ပေါက် ဖန်တီးပေး

ကိုဗစ်– ၁၉ ကူးစက်ခံရသူတွေအပေါ် အဆိုးမြင်မှုတွေ များလာရင် နောက်ပိုင်းမှာ ရောဂါရှိတာကို မပြောဘဲ လျှို့ဝှက်ထားမှုတွေ ဖြစ်လာနိုင်ပါတယ်။ ပရဟိတအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ 3 Keys အဖွဲ့ဝင်တွေကတော့ ကိုဗစ်– ၁၉ ကြောင့် စိုးရိမ်ပူပန်မှုတွေ ဖြစ်နေရတဲ့ ကလေးတွေကို အားပေးမှုတွေ ပြုလုပ်ပေးပြီး အွန်လိုင်းမှာ သူတို့အတွက် စိတ်ထွက်ပေါက်ရမယ့် နေရာလေး ဖန်တီးပေးထားပါတယ်။

### ရင်ဖွင့်လာ

ကလေးတွေရဲ့ စိတ်ခံစားမှုကို အွန်လိုင်းကနေ တစ်ဆင့် ရင်ဖွင့်နိုင်အောင် ပြုလုပ်ပေးထားတာပဲဖြစ်ပါတယ်။ အဲဒီဝက်ဘ်ဆိုက်နာမည်ကိုတော့ မက်စ်လို့ အမည်ပေးထားပြီး မိဘဆွေမျိုးတွေနဲ့ သူငယ်ချင်းတွေကို ရင်ဖွင့်လို့ မရတဲ့ကလေးတွေအတွက် ရည်ရွယ်ပြီး ဖွင့်ပေးထားတာပါ။

အသက် ၁၀ နှစ်နဲ့ ၁၉ နှစ်ကြား ကလေးတွေအတွက် ရည်ရွယ်တဲ့ ဝက်ဘ်ဆိုက်လည်း ဖြစ်ပါတယ်။ အသုံးပြုသူရဲ့ စိတ်ခံစားမှု၊ စိုးရိမ်မှုနဲ့ နေရာတွေကို လိုက်ပြီး သင့်လျော်တဲ့ အကြံဉာဏ်တွေ ပေးပါတယ်။ ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်မှာတော့ အဲဒီဝန်ဆောင်မှုကို အသုံးပြုတဲ့ လူပေါင်း တစ်သန်းနီးပါးရှိတယ်လို့ သိရပါတယ်။

မတ်လနှောင်းပိုင်း ကျောင်းတွေ ပိတ်လိုက်ရတဲ့ အချိန်ကစလို့ မိသားစုပြဿနာတွေ အပါအဝင် သူတို့ရဲ့ စိတ်ခံစားချက်တွေကို ရင်ဖွင့်လာကြပါတယ်။

### စဉ်းစားပေးဖို့လို

ဇွန်လ ကျောင်းတွေပြန်ဖွင့်လာတဲ့ အချိန်မှာတော့ သူငယ်ချင်းတွေကြား ဆက်ဆံရေးနဲ့ သူငယ်ချင်းတွေရဲ့ ခွဲခြား ဆက်ဆံမှုတွေအကြောင်းကို ပိုပြီးရင်ဖွင့်လာကြပါတယ်။ ကလေးတွေအပေါ်မှာ ဖိအားတွေ ထပ်ပေးမယ့်အစား သူတို့စိတ်သက်သာရာရစေမယ့် အရာလေးတွေကို လူကြီးတွေက လုပ်ဆောင်ပေးသင့်တယ်လို့ 3 Keys တည်ထောင်သူ မိုရီယာမာတာကဲက ပြောပါတယ်။

လူတိုင်း စိတ်ဖိအားများရတဲ့ ကိုဗစ် – ၁၉ ကာလမှာ ကလေးတွေရဲ့ စိတ်ခံစားမှုကို ပစ်ပယ်မထားဘဲ အလေးထား စဉ်းစားပေးဖို့ဆိုတာလည်း အမှန်တကယ်လုပ်သင့်တဲ့ အချက်တစ်ချက်ပါပဲ။ ။

ကိုးကား – အင်န်အိတ်ချ်ကေ

---

## နိုင်ငံတကာသတင်းတိုထွာ

### ဘရာဇီးနိုင်ငံတွင် ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူ ၁၂၅၀၀၀ ကျော်လာ

**ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၅**

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ဘရာဇီးနိုင်ငံတွင် ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူ ၉၀၇ ဦး တိုးလာသည့်အတွက် သေဆုံးသူအရေအတွက်မှာ ၁၂၅၀၀၀ ကျော်လာပြီဟု ဘရာဇီးအစိုးရက စက်တင်ဘာ ၄ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ကူးစက်ခံရသူအရေအတွက်မှာ နောက်ထပ် ၅၁၁၉၄ ဦး တိုးလာရာ စုစုပေါင်း ၄၀၉၂၈၃၂ ဦးအထိ ရှိလာသည်။ လူဦးရေအထူထပ်ဆုံးနှင့် ကူးစက်မှုအမြင့်ဆုံးဖြစ်သည့် ဆောပိုလိုတွင် သေဆုံးသူ ၃၁၀၉၁ ဦး ရှိပြီး ကူးစက်ခံရသူပေါင်း ၈၄၅၀၁၆ ဦး ရှိသည်။

ရီယိုဒီဂျနေးရိုးမြို့တွင် ကူးစက်ခံရသူပေါင်း ၂၃၂၄၈၉ ဦး ရှိပြီး သေဆုံးသူ ၁၆၄၆၇ ဦး ရှိသည်။ ဘရာဇီးနိုင်ငံသည် အမေရိကန်ပြီးလျှင်ကမ္ဘာပေါ်တွင် ကိုဗစ် – ၁၉ ကူးစက်ခံရမှု ဒုတိယအမြင့်ဆုံး နိုင်ငံဖြစ်သည်။

ဆင်ဟွာ

### ကိုဗစ် -၁၉ ကာလအတွင်း ဗီယက်နမ်ရှိ ကျောင်းသားများ စာသင်နှစ်တစ်နှစ်ပြန်စ

**ဟနွိုင်း စက်တင်ဘာ ၅**

ဗီယက်နမ်နိုင်ငံရှိ ကျောင်းသားပေါင်း ၂၃ သန်းနီးပါးမှာ ကိုဗစ်– ၁၉ ကာလအတွင်း ၎င်းတို့၏ စာသင်နှစ် တစ်နှစ် ပြန်စလိုက်ပြီဖြစ်သည်။ စက်တင်ဘာ ၅ ရက်တွင် စာသင်နှစ် ပြန်လည်စတင်ပြီဖြစ်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

မူလတန်းကြို ကျောင်းသားပေါင်း ၅ ဒသမ ၄ သန်းနီးပါးရှိပြီး မူလတန်းတက်ရောက်နေသူ ၈ ဒသမ ၇ သန်းရှိသည်။ အလယ်တန်းတက်ရောက်နေသူ ခြောက်သန်းကျော်ရှိပြီး အထက်တန်းကျောင်းသား ၂ ဒသမ ၈ သန်းရှိသည်ဟု သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

စက်တင်ဘာ ၅ ရက်က နိုင်ငံတစ်ဝန်းကျောင်းများတွင် ဖွင့်ပွဲအခမ်းအနားများ ကျင်းပခဲ့ကြပြီး ပညာရေးနှင့် လေ့ကျင့်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအောက်တွင် ဖွင့်ပွဲအခမ်းအနားကို လူမှုဝေးကွာအစီအစဉ်အတိုင်း ကျင်းပကြောင်း သိရသည်။

ဆင်ဟွာ

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၆၃ ရက် သာ**

**လိုတော့သည်။**

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဇ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ကိုဗစ်-၁၉ကာလ စည်းကမ်းနှင့်အညီ မဲပေးနိုင်ရေးညှိနှိုင်းဆွေးနွေး

**သီပေါ စက်တင်ဘာ ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာနှင့် ကိုဗစ်-၁၉ ကာလ စည်းကမ်းနှင့်အညီ မဲပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၄ ရက်က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာထားပြီးဖြစ်သည်နှင့်အညီ မဲရုံများကို လုံခြုံမှုရှိရေးနှင့် အများပြည်သူသွားလာမှု လွယ်ကူသည့်နေရာများ၌ ဖွင့်လှစ်ရေးကိစ္စရပ်များ၊ မဲစာရင်းတွင် မှတ်ပုံတင်နံပါတ်များ ထပ်ရှိနေမှုမရှိစေရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့နေသည့် ကာလဖြစ်သည့်အတွက် မဲရုံများ၏ လူစုလူဝေး မဖြစ်စေရန် အဆိုင်းများတိုးချဲ့ကာ စီစဉ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးစိုင်းမင်းလွင်က အခြေခံမဲဆန္ဒရှင်စာရင်းများ ကောက်ယူမှု၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်နယ်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့၏ ညွှန်ကြားချက်များကို ရှင်းလင်းတင်ပြပြီး အဖွဲ့ခွဲဝင်များ၏ တင်ပြချက်အပေါ် မြို့နယ်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

သီပေါမြို့နယ်တွင် ကျေးရွာအုပ်စု ၆၇ အုပ်စု၊ ရပ်ကွက် ၁၁ ရပ်ကွက်တို့တွင် ဆန္ဒမဲပေးခွင့်ရှိသူ ၁၃၅၇၉၉ ဦးရှိပြီး မဲရုံ ၁၁၁ ရုံ ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရွေးကောက်ပွဲများသည်-

- ➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

## ဝန်းသိုမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး ကွင်းဆင်းစစ်ဆေး

**ဝန်းသို စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူများ မဲပေးခွင့်ရရှိစေရန် မြို့နယ်ဌာနဆိုင်ရာများက မဲစာရင်း မှန်ကန်တိကျစေရေးပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိဦးစိုးရွှေ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမြတ်မျိုးထွန်း၊ မြို့နယ်ဌာနဆိုင်ရာများနှင့် ရပ်ကျေးကော်မရှင်အဖွဲ့တို့သည် ဂျိုးတောင်အုပ်စု မှန်ပင်ကျေးရွာ၊ မော်နိုင်းအုပ်စု မော်နိုင်းကျေးရွာ၊ မော်ခါးအုပ်စု မော်ခါးကျေးရွာများသို့ ကွင်းဆင်း၍ တစ်အိမ်ထောင်စုချင်းအလိုက် မဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး ပထမအကြိမ် ကြေညာထားသော မဲစာရင်းများနှင့် တိုက်ဆိုင် လိုက်လံစစ်ဆေးဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ဝန်းသိုမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့်အတူ မြို့နယ်အဆင့် ဌာနဆိုင်ရာများကလည်း ရပ်ကွက်၊ ကျေးရွာများအလိုက် တာဝန်ခွဲဝေ၍ အဖွဲ့ ၁၆ ဖွဲ့ခွဲကာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မွေးကြူဇင်**

## ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .

# လူတိုင်းက ဆင်ခြင်ရမည်



ဆိုရှယ်မီဒီယာတွင် ရေးသားနေကြသူများသည် တာဝန်သိစိတ်၊ အမှန်တကယ် စေတနာဖြင့် ရေးသားတင်ပြရန် လိုအပ်ပါကြောင်း၊ အရေးကြီးသည်မှာ အချက်အလက်များ မှန်ကန်ရန်ဖြစ်ပါကြောင်း၊ တချို့သည် မစဉ်းစားဘဲ၊ မှန်ခြင်း၊ မမှန်ခြင်းကို ဂရုမစိုက်ဘဲ ဆိုရှယ်မီဒီယာပေါ်တွင် ရေးသားတင်ပြကြပါကြောင်း၊ ဆိုရှယ်မီဒီယာတွင် တင်ပြရာတွင် မှန်ကန်မှုရှိရန် ပထမအချက်ဖြစ်ကြောင်း၊ မှန်ကန်ပြီး အများအတွက် အကျိုးရှိရန်လည်း စဉ်းစားရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ယခုလုပ်နေရသည့် လုပ်ငန်းများကို ပိုမိုခက်ခဲစေသည့် ကိစ္စများကို ဆိုရှယ်မီဒီယာများတွင် ရေးသားတင်ပြခြင်းကို လူတိုင်းက ဆင်ခြင်ရမည် ဖြစ်ပါကြောင်း။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဂုတ်လ ၂၈ ရက်နေ့က ရခိုင်ပြည်နယ်အတွင်း COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေး သတင်းမှ ကောက်နုတ်ချက်)

## ကိုဗစ်–၁၉ ရောဂါပိုးရှိသူ ၈၂ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၂၅၃ ဦး ရှိသွားပြီ

နေပြည်တော် စက်တင်ဘာ ၅

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၈၂ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၂၅၃ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၁၂၅၃ ဦးအနက် သေဆုံးသူ ခုနစ်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၇၁ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၃၆၆ ဦးနှင့် စက်တင်ဘာ ၄ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၅ ရက် မွန်းတည့် ၁၂ နာရီ အတွင်း စောင့်ကြည့်လူနာအသစ် ၁၁၉ ဦး ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၆၆၄၃၃ | ၁၂၅၃ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၇၁ | ၇ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၇၆၆

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၆၆ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၅၇၅ | ၆ |
| ၂ | ရခိုင် | ၅၁၆ | |
| ၃ | ပဲခူး | ၄၀ | ၁ |
| ၄ | မွန် | ၂၂ | |
| ၅ | မန္တလေး | ၂၀ | |
| ၆ | ချင်း | ၁၉ | |
| ၇ | နေပြည်တော် | ၁၂ | |
| ၈ | စစ်ကိုင်း | ၁၀ | |
| ၉ | ရှမ်း(တောင်) | ၉ | |
| ၁၀ | ကရင် | ၆ | |
| ၁၁ | တနင်္သာရီ | ၆ | |
| ၁၂ | မကွေး | ၅ | |
| ၁၃ | ရှမ်း(မြောက်) | ၄ | |
| ၁၄ | ဧရာဝတီ | ၄ | |
| ၁၅ | ရှမ်း(ရှေ့) | ၃ | |
| ၁၆ | ကချင် | ၂ | |
| | စုစုပေါင်း | ၁၂၅၃ | ၇ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၅-၉-၂၀၂၀ ရက်၊ ည (၈:၀၀) နာရီ

### ၅-၉-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၃၉၀၂၄၀ | ၃၆၃၆၂၈၄ | ၁၉၂၁၄၆ |
| ၂။ | ဘရာဇီး | ၄၀၉၁၈၀၁ | ၃၂၇၈၂၄၃ | ၁၂၅၅၈၄ |
| ၃။ | အိန္ဒိယ | ၄၀၃၄၃၃၉ | ၃၁၁၂၆၆၉ | ၆၉၇၄၉ |
| ၄။ | ရုရှား | ၁၀၂၀၃၁၀ | ၈၃၈၁၂၆ | ၁၇၇၅၉ |
| ၅။ | ပီရူး | ၆၇၆၈၄၈ | ၄၉၈၅၂၃ | ၂၉၅၅၄ |
| ၆။ | ကိုလံဘီယာ | ၆၅၀၀၆၂ | ၄၉၈၂၂၁ | ၂၀၈၈၈ |
| ၇။ | တောင်အာဖရိက | ၆၃၅၀၇၈ | ၅၅၇၈၁၈ | ၁၄၆၇၈ |
| ၈။ | မက္ကဆီကို | ၆၂၃၀၉၀ | ၄၃၄၆၆၇ | ၆၆၈၅၁ |
| ၉။ | စပိန် | ၅၁၇၁၃၃ | စိစစ်ဆဲ | ၂၉၄၁၈ |
| ၁၀။ | အာဂျင်တီးနား | ၄၆၁၈၈၂ | ၃၄၀၃၈၁ | ၉၆၈၅ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၅- ၉ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၂၃၄၅၇၀ | ၁၆၁၆၆၈ | ၃၇၉၀ |
| အင်ဒိုနီးရှား | ၁၉၀၆၆၅ | ၁၃၆၄၀၁ | ၇၉၄၀ |
| စင်ကာပူ | ၅၆၉၈၂ | ၅၆၁၇၄ | ၂၇ |
| မလေးရှား | ၉၃၉၀ | ၉၁၁၃ | ၁၂၈ |
| ထိုင်း | ၃၄၃၈ | ၃၂၇၉ | ၅၈ |
| မြန်မာ | ၁၂၅၃ | ၃၇၁ | ၇ |
| ဗီယက်နမ် | ၁၀၄၉ | ၇၈၆ | ၃၅ |
| ကမ္ဘောဒီးယား | ၂၇၄ | ၂၇၂ | ၀ |
| ဘရူနိုင်း | ၁၄၅ | ၁၃၉ | ၃ |
| လာအို | ၂၂ | ၂၁ | ၀ |

(၄-၉-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
(၅-၉-၂၀၂၀)ရက်နေ့၊ မွန်းတည့်(၁၂: ၀၀)နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 1134 | ၆၃ နှစ် | ကျား | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-989) | မရှိ | ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြင်းခြံမြို့) |
| 1135 | ၆၆ နှစ် | မ | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-989) | မရှိ | ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြင်းခြံမြို့) |
| 1136 | ၄၉ နှစ် | ကျား | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-989) | မရှိ | ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြင်းခြံမြို့) |
| 1137 | ၁၈ နှစ် | ကျား | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-989) | မရှိ | ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြင်းခြံမြို့) |
| 1138 | ၂၉ နှစ် | ကျား | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-989) | မရှိ | ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြင်းခြံမြို့) |
| 1139 | ၅၇ နှစ် | ကျား | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-989) | မရှိ | ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြင်းခြံမြို့) |
| 1140 | ၂၃ နှစ် | ကျား | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-988) | မရှိ | ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြင်းခြံမြို့) |
| 1141 | ၂၂ နှစ် | ကျား | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-988) | မရှိ | ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မြင်းခြံမြို့) |
| *1142 | ၃၈ နှစ် | မ | ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 1143 | ၆၀ နှစ် | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1144 | ၅၂ နှစ် | ကျား | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1145 | ၇၆ နှစ် | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1146 | ၂၇ နှစ် | ကျား | ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1147 | ၅၁ နှစ် | မ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေ ရောဂါကု ဆေးရုံကြီး) |
| 1148 | ၃၆ နှစ် | မ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေ ရောဂါကု ဆေးရုံကြီး) |
| 1149 | ၁၈ နှစ် | မ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေ ရောဂါကု ဆေးရုံကြီး) |
| 1150 | ၃၁ နှစ် | မ | ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေ ရောဂါကု ဆေးရုံကြီး) |
| 1151 | ၄၈ နှစ် | မ | ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေ ရောဂါကု ဆေးရုံကြီး) |
| 1152 | ၂၅ နှစ် | ကျား | ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျိုက်ထိုမြို့နယ်) |
| 1153 | ၂၀ နှစ် | ကျား | ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော် | မရှိ | မရှိ | နေပြည်တော် ခုတင် (၁,၀၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (နေပြည်တော် ခုတင် ၁၀၀၀ ဆံ့အထွေထွေ ရောဂါကု ဆေးရုံကြီး) |
| 1154 | ၂၂ နှစ် | မ | တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (စိစစ်ဆဲ) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တွံတေးမြို့နယ်) |
| 1155 | ၃၇ နှစ် | မ | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် | မရှိ | မရှိ | နေပြည်တော် ခုတင် (၁,၀၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဇေယျာသီရိမြို့နယ်) |
| *1156 | ၄၁ နှစ် | မ | တပ်ကုန်းမြို့နယ်၊ နေပြည်တော် | မရှိ | မရှိ | နေပြည်တော် ခုတင် (၁,၀၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဇေယျာသီရိမြို့နယ်) |
| *1157 | ၄၀ နှစ် | မ | ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် | မရှိ | မရှိ | နေပြည်တော် ခုတင် (၁,၀၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဒက္ခိဏသီရိမြို့နယ်) |
| 1158 | ၄၄ နှစ် | ကျား | ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော် | ရှိ (Case-587) | မရှိ | နေပြည်တော် ခုတင် (၁,၀၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လယ်ဝေးမြို့နယ်) |
| 1159 | ၃၃ နှစ် | ကျား | ပျဉ်းမနားမြို့နယ်၊ နေပြည်တော် | မရှိ | မရှိ | နေပြည်တော် ခုတင် (၁,၀၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဇမ္ဗူသီရိမြို့နယ်) |
| 1160 | ၃၆ နှစ် | ကျား | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | မရှိ | မရှိ | နေပြည်တော် ခုတင် (၁,၀၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဇမ္ဗူသီရိမြို့နယ်) |
| 1161 | ၃၃ နှစ် | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 1162 | ၃၃ နှစ် | ကျား | ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း စံပြ အထွေထွေရောဂါကု ဆေးရုံကြီး) |
| 1163 | ၄၃ နှစ် | မ | ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း စံပြ အထွေထွေရောဂါကု ဆေးရုံကြီး) |
| 1164 | ၃၇ နှစ် | ကျား | ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း စံပြ အထွေထွေရောဂါကု ဆေးရုံကြီး) |
| 1165 | ၂၈ နှစ် | မ | ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ပုဏ္ဏားကျွန်းမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပုဏ္ဏားကျွန်းမြို့နယ်) |
| 1166 | ၁၆ နှစ် | ကျား | ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-782) | မရှိ | ပြည်သူ့ဆေးရုံ၊ ပုဏ္ဏားကျွန်းမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပုဏ္ဏားကျွန်းမြို့နယ်) |
| 1167 | ၃၈ နှစ် | မ | ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-782) | မရှိ | ပြည်သူ့ဆေးရုံ၊ ပုဏ္ဏားကျွန်းမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပုဏ္ဏားကျွန်းမြို့နယ်) |
| 1168 | ၃၉ နှစ် | ကျား | ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ဘူးသီးတောင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘူးသီးတောင်မြို့နယ်) |
| 1169 | ၆၁ နှစ် | မ | ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ဘူးသီးတောင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘူးသီးတောင်မြို့နယ်) |
| 1170 | ၂၄ နှစ် | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 1171 | ၃၈ နှစ် | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကျောက်ဖြူမြို့နယ်) |
| 1172 | ၆၇ နှစ် | မ | ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-864) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်) |
| 1173 | ၂၃ နှစ် | မ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-738) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်) |
| 1174 | ၅၂ နှစ် | မ | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (စိစစ်ဆဲ) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်) |
| 1175 | ၆၄ နှစ် | မ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-734) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်) |
| 1176 | ၂၃ နှစ် | မ | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (စိစစ်ဆဲ) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်) |
| 1177 | ၁၅ နှစ် | မ | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (စိစစ်ဆဲ) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်) |
| 1178 | ၂၇ နှစ် | မ | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (စိစစ်ဆဲ) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်) |
| 1179 | ၁၃ နှစ် | ကျား | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (စိစစ်ဆဲ) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်) |
| 1180 | ၅ နှစ် | မ | ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (စိစစ်ဆဲ) | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်) |
| 1181 | ၂၁ နှစ် | မ | ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (စိစစ်ဆဲ) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်) |
| 1182 | ၂၁ နှစ် | မ | ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (စိစစ်ဆဲ) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်) |
| 1183 | ၅၃ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း စံပြ အထွေထွေရောဂါကု ဆေးရုံကြီး) |
| 1184 | ၁၉ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း စံပြ အထွေထွေရောဂါကု ဆေးရုံကြီး) |
| 1185 | ၂၄ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း စံပြ အထွေထွေရောဂါကု ဆေးရုံကြီး) |
| 1186 | ၂၆ နှစ် | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း စံပြ အထွေထွေရောဂါကု ဆေးရုံကြီး) |
| 1187 | ၂၆ နှစ် | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း စံပြ အထွေထွေရောဂါကု ဆေးရုံကြီး) |
| 1188 | ၃၀ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း စံပြ အထွေထွေရောဂါကု ဆေးရုံကြီး) |
| 1189 | ၃၄ နှစ် | ကျား | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ဆေးရုံကြီး) |
| 1190 | ၃၅ နှစ် | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ဆေးရုံကြီး) |
| 1191 | ၄၃ နှစ် | ကျား | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ဆေးရုံကြီး) |
| 1192 | ၂၆ နှစ် | မ | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1019) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ဆေးရုံကြီး) |

စာမျက်နှာ ၁၈ သို့

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၅–၉–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၅–၉ –၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်)ဓာတ်ခွဲ နမူနာ (၇၄၅)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၁၄၇) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၃၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၂၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၇၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၅၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၃၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၇) ခု၊
- အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၅၂) ခုနှင့်
- စုစုပေါင်း (၁,၆၉၁)ခုအား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- • COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၇) ဦး တွေ့ရှိရပါသည်။

၂။ (၅–၉–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၁,၂၅၃) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၁၂)ဦး (Case – 345, 359, 420, 421, 422, 423, 424, 425, 426, 430, 431, 434) ရှိသဖြင့် စုစုပေါင်း (၃၇၁) ဦးရှိပါသည်။ ၎င်းတို့အနက် (၃၆၆) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၇)ဦး ရှိပါသည်။

၅။ (၄–၉–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၅–၉–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၁၉) ဦးရှိပါသည်။

၆။ ဓာတ်ခွဲစစ်ဆေးမှုများ ပြီးစီးချိန်နှင့် သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြုလူနာသစ်များ၏ သတင်းအချက်အလက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

(၅-၉-၂၀၂၀) ရက်နေ့အတွက် ည (၈:၀၀) နာရီအချိန်အထိ ဓာတ်ခွဲစစ်ဆေးခဲ့သော နမူနာ (၁,၆၉၁) ခုအနက် အတည်ပြုလူနာ (၃၇) ဦး တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါ သည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး | မြင်းခြံမြို့နယ် | ၁ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | သဃ်န်းကျွန်းမြို့နယ် | ၇ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၁ |
| | | တောင်ဥက္ကလာပမြို့နယ် | ၃ |
| | | ဒဂုံမြို့နယ် | ၁ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် | ၃ |
| | | မင်္ဂလာဒုံမြို့နယ် | ၁ |
| | | တာမွေမြို့နယ် | ၁ |
| | | စမ်းချောင်းမြို့နယ် | ၂ |
| | | သာကေတမြို့နယ် | ၂ |
| | | ဒေါပုံမြို့နယ် | ၁ |
| | | ပုဇွန်တောင်မြို့နယ် | ၁ |
| | | ပန်းပဲတန်းမြို့နယ် ** | ၄ |
| ၃ | ရခိုင်ပြည်နယ် | စစ်တွေမြို့နယ် | ၁ |
| | | ကျောက်ဖြူမြို့နယ် | ၅ |
| ၄ | နေပြည်တော် | ဇမ္ဗူသီရိမြို့နယ် | ၁ |
| ၅ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | လားရှိုးမြို့နယ် * | ၁ |
| ၆ | ဧရာဝတီတိုင်းဒေသကြီး | သာပေါင်းမြို့နယ် | ၁ |

(*) ရခိုင်ပြည်နယ်သို့ ခရီးသွားရာဇဝင်ရှိပါသဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် အသွားအလာ ကန့်သတ် ထားရှိပါသည်။

(**) ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးတွင် အသွားအလာ ကန့်သတ်ထားရှိပါသည်။

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၅-၉-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ

| | |
|---|---|
| (၅-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၄၅) ခု |
| (၅-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၄၇) ခု |
| (၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၃၉) ခု |
| (၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၂၄) ခု |
| (၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (စစ်တွေမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၆) ခု |
| (၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ကျောက်ဖြူမြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၉) ခု |
| (၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (ပုသိမ်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁) ခု |
| (၅-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၁) ခု |
| (၅-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး (မူဆယ်မြို့) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇) ခု |
| (၅-၉-၂၀၂၀) ရက်နေ့တွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၃၇) ဦး |

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၅-၉-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၃၇) ဦး | (၁,၂၅၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁၂) ဦး | (၃၇၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၇) ဦး |

*စာမျက်နှာ ၁၇ မှ*

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 1193 | ၂၉ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1027) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ဆေးရုံကြီး) |
| 1194 | ၃၁ နှစ် | ကျား | ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (စိစစ်ဆဲ) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်) |
| 1195 | ၂၄ နှစ် | ကျား | ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (စိစစ်ဆဲ) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်) |
| 1196 | ၃၆ နှစ် | ကျား | ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (စိစစ်ဆဲ) | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်) |
| 1197 | ၁ နှစ် | ကျား | ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (စိစစ်ဆဲ) | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်) |
| 1198 | ၂၅ နှစ် | ကျား | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-743) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်) |
| 1199 | ၄၃ နှစ် | ကျား | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-861) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ထန်းတပင်မြို့နယ်) |
| 1200 | ၂၃ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-823) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တောင်ဥက္ကလာပ မြို့နယ်) |
| 1201 | ၂၆ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-823) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တောင်ဥက္ကလာပ မြို့နယ်) |
| 1202 | ၂၂ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-823) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တောင်ဥက္ကလာပ မြို့နယ်) |
| 1203 | ၃၈ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-823) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တောင်ဥက္ကလာပ မြို့နယ်) |
| 1204 | ၂၄ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-823) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တောင်ဥက္ကလာပ မြို့နယ်) |
| 1205 | ၂၉ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-823) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တောင်ဥက္ကလာပ မြို့နယ်) |
| 1206 | ၁၉ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-823) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တောင်ဥက္ကလာပ မြို့နယ်) |
| 1207 | ၂၃ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-823) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တောင်ဥက္ကလာပ မြို့နယ်) |
| 1208 | ၃၅ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-823) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တောင်ဥက္ကလာပ မြို့နယ်) |
| *1209 | ၃၁ နှစ် | ကျား | ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မိုင်းယန်းမြို့နယ်) |
| *1210 | ၃၂ နှစ် | ကျား | ရသေ့တောင်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မိုင်းယန်းမြို့နယ်) |
| 1211 | ၁၇ နှစ် | ကျား | မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မိုင်းယန်းမြို့နယ်) |
| 1212 | ၂၃ နှစ် | မ | သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ သန်လျင်မြို့) |
| 1213 | ၃၃ နှစ် | ကျား | ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ္ဃလမြို့ တိုက်နယ်ဆေးရုံ) |
| 1214 | ၂၉ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့) |
| 1215 | ၃၃ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |
| *1216 | ၃၁ နှစ် | ကျား | ကလောမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) | မရှိ | မရှိ | အမှတ် (၂) တပ်မတော်ဆေးရုံ ခုတင် (၇၀၀) အောင်ပန်း | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကလောမြို့နယ်) |

* ရခိုင်ပြည်နယ်အတွင်းရှိ ရောဂါပိုးကူးစက်ပြန့်ပွားလျက်ရှိသော မြို့နယ်များသို့ ခရီးသွားရာဇဝင်ရှိသဖြင့် အသွားအလာကန့်သတ်ထားရှိသူ

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် စက်တင်ဘာ ၅** – COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။ **သတင်းစဉ်**







## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၂၅ ရက်နေ့မှ စက်တင်ဘာလ ၁ ရက်နေ့အထိ ထွက်ရှိသော စာအုပ်စာရင်း

*စက်တင်ဘာ ၄ ရက်မှအဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁၄ | ရင်ခွင်ဦးသို့ ပြန်ခဲ့သည် | မြနှောင်းညို | စိတ်ကူးချိုချို | ၃၅၀၀ |
| ၁၅ | လက်ရွေးစင်ဆောင်းပါး ( ၉ ) ပုဒ် | သရဝဏ်(ပြည်) | Global Piece Group | ၁၅၀၀ |
| ၁၆ | ရိုးရာမှသည် ခေတ်သစ်သို့ | ဗဂျီအောင်စိုး | စာနဒီ | ၄၀၀၀ |
| ၁၇ | စာမဲ့ကဗျာ | ဗဂျီအောင်စိုး | စာနဒီ | ၂၅၀၀ |
| ၁၈ | Star Dust Community Vol.2 No.2 | ဗဂျီအောင်စိုး | ရွှေလာဘ်စာပေ | ၃၅၀၀ |
| ၁၉ | ငြိမ်းချမ်းရေးကဗျာရွတ်ပွဲတော် | မောင်နွေထက်၊ ဥုးမန္တလေး | နှစ်ကာလများ | ၂၀၀၀ |
| ၂၀ | နိုးနေတဲ့ ကဗျာ | မောင်နေသစ် (ရေဦး) | နှစ်ကာလများ | ၂၅၀၀ |
| ၂၁ | မှော်ပလ္လင် (ဇာတ်သိမ်း) | ကကြိုးသျှင် | ပတ္တမြားသိုက် | ၄၀၀၀ |
| ၂၂ | မမက ဆယ့်တစ်လီ | သျှင်မ | ပတ္တမြားသိုက် | ၄၀၀၀ |
| ၂၃ | ပဋ္ဌာန်း အနှစ်ချုပ် | သီတဂူ အရှင်ဒေဝိန္ဒာဘိဝံသ | မဇ္ဈိမ | ၄၀၀၀ |
| ၂၄ | လောင်စာ | ကောင်းစံသာ(ရေကြည်) | ကိုလတ် | ၃၀၀၀ |
| ၂၅ | Blacklist | ဝေယံနွယ် | ကိုလတ် | ၃၀၀၀ |
| ၂၆ | နံရံ၏ အခြားတစ်ဖက်၌ | ရှိုင်း | ကိုလတ် | ၂၀၀၀ |

*(ဆက်လက်ဖော်ပြပါမည်)*

## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅ - ၉ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၂၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၅၅/၅၈၅ ကျပ် | ၅၈၅/၅၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၆၅/၆၀၀ ကျပ် | ၆၀၀/၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၀၅/၃၃၅ ကျပ် | ၅၆၅/၅၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၅၀ ကျပ် | ၆၉၀/၇၁၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၃ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၈၁ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၈ . ၀၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၅ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၅၅ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၂ . ၇၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၀၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၄၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၂ . ၂၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၁ . ၃၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၅၀၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၄၉ | ၄၈၅၁၀၀ |
| MTSH | ၃၆၅၀ | ၃၆၅၀ | ၃၃၉ | ၁၂၂၄၈၅၀ |
| MCB | ၈၀၀၀ | ၇၉၀၀ | ၂၈ | ၂၂၂၅၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၂၀ | ၄၄၀၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၆၈၉ | ၁၉၂၈၈၅၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၁၈ | ၅၅၈၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm


HTOO
ဟဲ့ကောင် လုံးလေး... ဘယ်သွားမလို့လဲ...
လမ်းထိပ်ကို သွားမလို့...
ကိုရိုနာဗိုင်းရပ်စ်က လူကြီး လူငယ်မရွေးဘူး ကူးစက်ပျံ့နှံ့နိုင်သတဲ့ နော်..
အိမ်ထဲက အိမ်အပြင် မထွက်တာ အကောင်းဆုံးပဲ
ဦးလေးကျတော့ လမ်းပေါ်ထွက် နေပြီးတော့
နေပါဦး..မင်းက ဘာကိစ္စထွက်လာ တာလဲ..
အိမ်က ဈေးဝယ် ခိုင်းလိုက်လို့
မလွဲသာလို့ အပြင်ထွက်ရမယ် ဆိုရင် Mask တပ်ရမယ်.. Mask မတပ်ရင် ဘယ်ဈေးဆိုင်ကမှ ဈေး ရောင်းမပေးဘူး...မင်းမှာ Mask ပါလား
ဟောဒီမှာ.. အမေတပ် နေတဲ့ Mask ကိုယူလာ ခဲ့တယ်..ကဲ
ဟဲ့ ...ဟဲ့... သူများသုံးပြီးသား Mask ကိုမသုံး သင့်ဘူး...
လမ်းဘေးအမှိုက်ပုံးထဲ လွှင့်ပစ် လိုက်.. ငါ့ဆီက Mask အသစ် တစ်ခုယူပြီး တပ်သွားကွာ...အိမ် ရောက်ရင် လက်ကိုဆပ်ပြာနဲ့
ဆေးဖို့မမေ့နဲ့နော်
ဟုတ်.. ကျေးဇူးပါ


အိမ်မှာ နေတာပဲ ကောင်းတယ်
2020
ဟေ့...ကစားနေကြတာလား...ငါ လည်းပါမယ်...
အဲဒါဆို နှာခေါင်းစည်း တပ်ခဲ့...
အေး..နှာခေါင်းစည်း တပ်လာပြီ...ဘာလုပ် တမ်းကစားနေတာ လဲဟ..
ငါက ဆရာဝန်... သူက သူနာပြုလေ..
ဒါဆို ငါက ဘာလုပ်ရမှာ လဲဟင်..
?
နင်က လူနာ လုပ်ရမှာလေ..
ဘာ...
တော်ပြီ.. နင်တို့ နဲ့ မဆော့တော့ဘူး... ငါ့ဟာ ငါ အိမ်ပြန်ပြီး စတေးဟုမ်းတော့ မယ်ဟေ့...


ပေါက်စန်


ချစ်ချစ်
ကိုယ့်ကြောင့် သူတစ်ပါးစိတ်ကို အနှောင့်အယှက် ဖြစ်အောင် မလုပ်ရ ဘူး…
သူတစ်ပါး စိတ်ဆင်းရဲ အောင်လုပ်ရင် ငရဲကြီး တတ်တယ်ကွယ့်…
မှတ်ထားနော် ချစ်ချစ်…
ဟုတ်ကဲ့ ဘိုးဘိုး
ဘိုးဘိုး သမီး ရေခဲမုန့် စားချင်တယ် ဝယ်ပေးပါနော်…
ချောင်းဆိုး နေတာလေ… မစားရဘူး…
သူတစ်ပါးကို စိတ်ဆင်းရဲအောင် မလုပ်ရဘူး ဆို…
အဲဒါ… သမီး စိတ်ဆင်းရဲသွားပြီ ဘိုးဘိုး ငရဲကြီးတော့မယ်… ဟွန်း…


အေးကွာ.. ခွေးရူးပါ မှုန်နေတာဆိုတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ..
ငြော..
ငါ့မျက်လုံးရဲ့ အစွမ်းက အဲ့ဒီလို ကောင်းတာ.. တာ…
အမလေး
ဒုတ်..
ကွာ.. ကျွတ်.. ကျွတ်..
အဲ့ဒါပဲကွ.. မျက်လုံးဘယ်လောက်ပဲ ကောင်းကောင်း.. အဝေးကိုဘယ်လိုပဲ မြင်နိုင်မြင်နိုင်.. ကိုယ့်အနားက အန္တရာယ် ဖြစ်နိုင်တာကို သတိမထားရင် ဒုက္ခ ရောက်ပဲလေ.. ဟားဟား..


လက်ကို ခဏ ခဏ ဆေးပါ…
ဟင်…
ဟာ…
အို…
ဘယ်… ကျော်…
ငါးလေးတွေကိုဘာလို့ ကန်ထဲကနေထုတ်ပြီး တစ်နေရာစီ ပျောက်ခွဲထားရတာလဲ…
သူတို့လည်း ခပ်ခွာခွာ နေကြရမယ် လေ မေမေရဲ့ "ကိုဗစ်" ကြီးက ရှိနေသေး တဲ့ဟာကို…

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ကမ္ဘာကြီး နေမကောင်းတဲ့အခါ

**ကေ – ဂျူဝယ်လ်**

**ကလေးလေးတို့ရေ မမတို့ ကလေးတို့အားလုံးနေကြတဲ့ မြန်မာနိုင်ငံဟာ ရာသီဥတုဖောက်ပြန်လာမှုဒဏ်ကို ဒုတိယအဆိုးရွားဆုံးခံစားနေရတဲ့ နိုင်ငံတွေထဲမှာ ပါဝင်ပါတယ်။ ရာသီဥတုဖောက်ပြန်တာက မမတို့နေထိုင်တဲ့ ကမ္ဘာကြီး နေမကောင်းတာနဲ့ အတူတူပါပဲ။ ဒီတစ်ပတ်မှာတော့ ကမ္ဘာကြီးနေမကောင်းရင်ဖြစ်တဲ့ ရာသီဥတုဖောက်ပြန်တယ်ဆိုတာ ဘာလဲဆိုတာကို ကလေးတို့ကို ပြောပြချင်ပါတယ်။**

ကမ္ဘာကြီးရဲ့အပေါ်မှာ နေရောင်ခြည်ကို တိုက်ရိုက် မရနိုင်အောင် ကာကွယ်ပေးထားတဲ့ လေထုအလွှာကြီးတွေ ရှိသတဲ့။ အဲဒီထဲမှာ ဓာတ်ငွေ့တွေ အများကြီးပါတာပေ့ါကွယ်။ သူတို့က ကမ္ဘာမြေကြီးပေါ် နေရောင်တိုက်ရိုက်မကျအောင် ကာဆီးထားပေးတာပေ့ါ။ လူသားတွေက အခုနောက်ပိုင်းမှာ လောင်စာတွေ သုံးကြတာ၊ သစ်ပင်တွေ ခုတ်လှဲကြတာ ကြောင့် ထွက်ပေါ်လာတဲ့အပူတွေ၊ ကာဗွန်ဒိုင်အောက်ဆိုက်တွေဟာ ကမ္ဘာကြီးကို ကာကွယ်ပေးတဲ့ လေထုထဲကို ရောက်သွားတဲ့အခါ မှန်လုံအိမ်ဓာတ်ငွေ့တွေ ပိုများလာတာပေ့ါ။

မမတို့နိုင်ငံမှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့က ၂၂၀ Mt အထိ ရှိနေတာပါ။ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ၊ လျှပ်စစ်နဲ့အပူသုံးစွဲမှုတွေ၊ ဒီဇယ်လောင်စာတွေသုံးနေတာတွေနဲ့ စွန့်ပစ်မှုတွေ၊ လယ်ယာမြေပြောင်းလဲတာတွေနဲ့ သစ်တောတွေကို ခုတ်ပစ်တာတွေကြောင့် အခုလို ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေ များလာရတာပေ့ါ။ ကမ္ဘာကြီးတစ်ခုလုံးမှာတော့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုထည်က ၅၀၆၀၀ Mt ရှိပါသတဲ့။ အဲဒီလို ကာဗွန်ဒိုင်အောက်ဆိုက်များများပါတဲ့ လေထုကြီး မှန်လုံအိမ်ဓာတ်ငွေ့တွေ များလာလေလေ ရာသီဥတုတွေ ဖောက်ပြန်လာလေလေ ပေ့ါကွယ်။

### အကျိုးဆက်တွေ

ဆောင်းရာသီမှာ ပုံမှန်မဟုတ်တဲ့ အအေးမျိုးအထိ ဖြစ်လာတာ၊ နွေရာသီမှာ ပုံမှန်မဟုတ်တဲ့ အပူချိန်မျိုး ဖြစ်တာ၊ မိုးခေါင်တာ၊ မိုးကြီးတာ၊ လေပြင်းတိုက်တာ၊ မိုးကြိုးမုန်တိုင်းနဲ့ အခြားမုန်တိုင်းအမျိုးမျိုးတို့ တိုက်ခတ်တာတွေဟာ ရာသီဥတု ဖောက်ပြန်မှုတွေပဲပေ့ါ ကလေးတို့ရေ။

အကျိုးဆက်အနေနဲ့ကတော့ မိုးတွေရွာရမယ့်အချိန်မှာ မရွာဘဲ မိုးခေါင်တာ၊ မိုးရွာတဲ့အခါမှာလည်း မရပ်မနား အလွန်အမင်းရွာသွန်းလို့ ရေတွေကြီးတာ၊ ပင်လယ်ရေမျက်နှာပြင်တွေ မြင့်တက်ပြီး ရေတိုက်စားကုန်တာတွေ ကြုံရတတ်တာပေ့ါ။ ဥပမာပြောရရင် နာဂစ်မုန်တိုင်းကြီး ၂၀၀၈ ခုနှစ်မှာ မမတို့နိုင်ငံကို တိုက်ခတ်ခဲ့တယ်။ တစ်ခါမှ မကြုံခဲ့ဖူးတဲ့ မုန်တိုင်းကြီးရဲ့ ရက်စက်မှုကြောင့် လူဦးရေ ၁၃၈၀၀၀ ခန့် သေဆုံးခဲ့ပြီး ၈၀၀၀၀၀ လောက်က အိမ်တွေမရှိတော့ဘဲ အခြားနေရာတွေကို ပြောင်းရွှေ့ နေထိုင်ခဲ့ရတယ်။ ဒါဟာ ရာသီဥတုဖောက်ပြန်မှုအတွက် မမတို့ခံစားခဲ့ရတဲ့ ထင်ရှားတဲ့အရာတစ်ခုပေ့ါ။ ဒါတင်မက သေးပါဘူး။ ကလေးမြို့မှာ ရေတွေကြီးလို့ လူတွေ ဒုက္ခရောက်တာတွေလည်း အများကြီးရှိခဲ့ပါတယ်။




### ဘယ်လို တွန်းလှန်ကြမလဲ

ရာသီဥတု ဖောက်ပြန်တာတွေကို တွန်းလှန်ဖို့နည်းလမ်းတွေတော့ ရှိပါတယ်။ အဲဒါကတော့ သစ်ပင်တွေကို ချစ်ခင်မြတ်နိုးပြီး မပြတ်စိုက်ပျိုးတာ၊ သစ်ပင်တွေ ခုတ်လှဲမှုကို တားမြစ်တာ၊ မြစ်ကမ်းနားက လမုတောတွေ၊ ဒီရေတောတွေကို ပိုမိုရှင်သန်အောင် ကြိုးပမ်းတာနဲ့ လောင်စာတွေ အသုံးပြုတာကို ရှောင်ကြဉ်တာ၊ တောင်ယာတွေ မီးရှို့တာနဲ့ သစ်ရွက်မီးရှို့တာတွေကိုလည်း ရှောင်ကြဉ်သင့်ပါတယ်။

ကလေးတို့ဟာ မလိုအပ်ဘဲ အဲကွန်း၊ တီဗွီ အစရှိတဲ့ အီလက်ထရွန်နစ်ပစ္စည်းတွေကို လျှော့သုံးကြမယ်၊ကားစီးမယ့်အစား လမ်းလျှောက်ကြမယ်၊ မလိုအပ်တဲ့ အသုံးအဆောင်တွေက လျှော့ချကြတာနဲ့ ဒေသထွက်ကုန်တွေကို အားပေးတာအပြင် ပလတ်စတစ်သုံးစွဲမှုကို လျှော့ချတာတွေကနေ ရာသီဥတုဖောက်ပြန်မှုကို တားဆီးကာကွယ်နိုင်ပါတယ်နော်။ ကလေးတို့လည်း ကမ္ဘာကြီးနေမကောင်းတဲ့ ဘေးကနေ ကာကွယ်ပေးလိုက်ကြပါဦးနော်။

## လောကဝတ် (Etiquette)

# အိမ်မှာနေကြတဲ့အခါ လိုက်နာစရာ

**မမမေ**

**မင်္ဂလာပါကလေးတို့ရေ။ အားလုံးပဲ ကိုဗစ်–၁၉ ကြောင့် ပုရွက်ဆိတ်လေးတွေလို ကိုယ့်အိမ်မှာပဲ ကိုယ်နေကြရတာပေ့ါ။ ဒီလိုအချိန်မှာ ယဉ်ကျေးပျူငှာတဲ့ လောကဝတ်ကလေးတွေကို လေ့ကျင့်ရင်း လူတော်လူကောင်းလေးတွေဖြစ်လာဖို့ ကြိုးစားနေကြမယ်လို့ မမက ထင်ပါတယ်။ ဒါကြောင့် ကလေးတို့ အထောက်အကူဖြစ်စေဖို့အတွက် အချက်အလက်အချို့ကို မျှဝေပါရစေ။**

### ချွေတာပါ

လုပ်ငန်းတွေအားလုံးက ကိုဗစ်–၁၉ ရောဂါကြီးကြောင့် ရပ်တန့်နေကြရတာပေ့ါကွယ်။ ဒါကြောင့် မေမေတို့ ဖေဖေတို့မှာ အရင်ကလို ဝင်ငွေမကောင်းနိုင်တာမျိုးဖြစ်နိုင်ပါတယ်။ ဒီကြားထဲ ရောဂါဘယတွေက ကာကွယ်ဖို့ ကလေးတို့ကို အာဟာရပြည့်ဝအောင် ကျွေးမွေးပြုစုနေကြရတာပေ့ါ။ အဲဒီတော့ ကလေးတို့ကလည်း ပြန်ပြီး သိတတ်တဲ့အနေနဲ့ မလိုအပ်ဘဲ မုန့်ပဲသရေစာတွေ၊ ကစားစရာတွေကို ပူဆာတာမျိုး မလုပ်သင့်ပါဘူး။ ဒါ့အပြင် လျှပ်စစ်အသုံးပြုပြီး တီဗွီတွေကြည့်တာ၊ ပန်ကာတွေ၊ အဲကွန်းတွေ ဖွင့်တာမျိုးလည်း မလုပ်သင့်ဘဲ အတတ်နိုင်ဆုံး ချွေတာသင့်ပါတယ်။





### စည်းကမ်းပိုရှိ

အိမ်မှာ နေရတဲ့အချိန် များလေလေ ကလေးတို့က ပိုဆော့ရလေလေ မဟုတ်လား။ ဆော့ကစားပြီးတဲ့အချိန်တိုင်းမှာ ပစ္စည်းတွေကို နေရာတကျပြန်ထားတာ၊ အိမ်သန့်ရှင်းရေးကို ပိုလုပ်တာနဲ့ အမှိုက်တွေ မဖွတာကလည်း မေမေတို့ ဖေဖေတို့ကို ကူညီရာအများကြီး ရောက်ပါတယ်။

### တည့်အောင်နေ

အိမ်က လူကြီးသူမတွေနဲ့ရော၊ ညီအစ်ကို မောင်နှမတွေနဲ့ရော အားလုံးနဲ့ အဆင်ပြေမှ အိမ်မှာနေရတာ ပိုပြီး ပျော်စရာကောင်းတာပေ့ါကွယ်။ တစ်ယောက်နဲ့ တစ်ယောက် တည့်တည့်ရှုရှုမရှိ အချိန်တိုင်း ရန်ဖြစ်လိုက်၊ စိတ်ကောက်လိုက်ဆိုရင် လူကြီးတွေလည်း စိတ်ညစ်ရသလို ကလေးတို့လည်း ပျော်စရာ ဘယ်ကောင်းပါ့မလဲ။ ဒါကြောင့် အားလုံးနဲ့ အဆင်ပြေအောင် ကလေးတို့က လိမ္မာရမယ်၊ အပြောချိုသာရမယ်၊ လူကြီးတွေကို ကူညီပေးရမယ်နော်။

### လေ့လာပါ

ဒီကာလမှာ ကလေးတို့ စိတ်ဝင်စားတဲ့ လက်မှုပညာ ဒါမှဟုတ် စာပေဘာသာရပ် တစ်ခုခုကို လေ့လာဆည်းပူးဖို့ အကောင်းဆုံး အချိန်ပါပဲ။ ကျောင်းစာတွေနဲ့ပဲ အမြဲ အချိန်ကုန်နေရတဲ့ ကလေးတို့အတွက် ကိုဗစ်–၁၉ ကာလမှာ ကိုယ်သင်ယူချင်တာကို အွန်လိုင်းကနေ သင်နိုင်သလို၊ လူကြီးတွေဆီကနေတစ်ဆင့်လည်း သင်ယူနိုင်တာမို့ အိမ်မှာနေချိန်လေးကို အကျိုးရှိအောင် တစ်ခုခုကို သင်ယူလိုက်ပါလို့ မမက တိုက်တွန်းပါတယ်။

### အဆက်အသွယ်မပြတ်စေနဲ့

သူငယ်ချင်းတွေနဲ့ဖြစ်ဖြစ်၊ ဆရာ၊ ဆရာမတွေနဲ့ဖြစ်ဖြစ် လောကကြီးတစ်ခုလုံးနဲ့ဖြစ်ဖြစ် အဆက်အသွယ် မပြတ်အောင်တော့ ကလေးတို့က လေ့လာနေဖို့ လိုပါတယ်။ ဥပမာပြောရရင် သတင်းတွေကနေ ကလေးတို့ နေထိုင်ရာနေရာမှာ ဘာတွေဖြစ်နေသလဲဆိုတာ သိနိုင်သလို၊ သူငယ်ချင်းတွေဆီကို ဖုန်းဆက်ရင်းကနေ ကျောင်းတွေ ဘယ်တော့ဖွင့်မလဲဆိုတာကို သိနိုင်ပါတယ်။ ဒါကြောင့် သတင်းတွေ ကြည့်ပါ၊ ဖုန်းနဲ့ ခင်မင်သူတွေဆီ ဆက်ပါ။ ကဲ–လုပ်ကြည့်လိုက်ကြပါတော့နော်။

# နိုင်ငံတကာအနုပညာ သတင်းပဒေသာ

## The Batman ရုပ်ရှင်ထုတ်လုပ်ရေး ရပ်ဆိုင်း

ဟောလိဝုဒ်မင်းသား ရောဘတ်ပတ်တင်ဆန် ပါဝင်သရုပ်ဆောင်မယ့် The Batman ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးကတော့ ရပ်နားလိုက်ရပါတယ်။ ရိုက်ကူး ရေးမှာ ပါဝင်တဲ့ အဖွဲ့သားတစ်ဦးမှာ ကိုဗစ် -၁၉ စမ်းသပ်တွေ့ရှိခဲ့တဲ့နောက် ရိုက်ကူးရေးကို ရပ်နားလိုက်ရတယ်လို့ ဝင်းနားဘရားသား ရုပ်ရှင်ထုတ်လုပ်ရေးက ပြောပါတယ်။

ဝင်းနားဘရားသား ကုမ္ပဏီလီမိတက်ကတော့ The Batman အဖွဲ့သားထဲက တစ်ဦးမှာ ကိုဗစ်- ၁၉ ကူးစက်ခံထားရပြီး သီးခြားခွဲထားတယ်လို့သာ ပြောခဲ့ပြီး ဘယ်သူကူးစက်ခံထားရတယ်ဆိုတာကို ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပါဘူး။ ဒါပေမယ့်လည်း ကူးစက်ခံရသူဟာ အဓိကသရုပ်ဆောင် ရောဘတ်ပတ်တင်ဆန် ဖြစ်တယ်လို့လည်း သတင်းတွေ ထွက်ပေါ်လာပါတယ်။

ရောဘတ်ပတ်တင်ဆန်မှာ ကိုဗစ်- ၁၉ ကူးစက်ခံထားရတာကြောင့် ယူကေမှာ ပြုလုပ်နေတဲ့ ရိုက်ကူးရေးကို ရပ်နားလိုက်ရတယ်လို့လည်း ဖော်ပြလာကြပါတယ်။ လန်ဒန်တစ်ဝိုက်ရိုက်ကူးရေးကို ရပ်နားထားရတာ ရက်အနည်းငယ်ကြာ ရှိပြီဖြစ်ပြီး ကိုဗစ်- ၁၉ ရောဂါကြောင့် ခြောက်လကြာ ရပ်နားပြီးမှ ပြန်စခွင့်ရတဲ့ ရိုက်ကူးရေးလည်း ဖြစ်ပါတယ်။ The Batman ရုပ်ရှင်ကားကို လာမယ့်နှစ် ခြောက်လပိုင်းမှာ ရုံတင်နိုင်မယ်လို့ ခန့်မှန်းထားပေမယ့် ၂၀၂၁ အောက်တိုဘာလအထိ ရွှေ့ဆိုင်းထားပါတယ်။ ပြီးခဲ့တဲ့လအတွင်းကပဲ The Batman ရဲ့ ပထမဆုံးနမူနာ ထွက်ရှိခဲ့ပါတယ်။ **စကိုင်းနယူး**



ဟောလိဝုဒ်မင်းသား ရောဘတ်ပတ်တင်ဆန်

## သည်ရော့ခ်ဂျွန်ဆင်တို့ တစ်မိသားစုလုံး ကိုဗစ်-၁၉ ကူးစက်ခံထားရ

တစ်မိသားစုလုံး ကိုဗစ် – ၁၉ ကူးစက်ခံထားရတယ်လို့ ဟောလိဝုဒ်ရုပ်ရှင်မင်းသား ဒဝိန်းသည်ရော့ခ်ဂျွန်ဆင်ကိုယ်တိုင် ပြောကြားခဲ့ပါတယ်။

သမီးနှစ်ယောက်စလုံးမှာ ကိုဗစ်– ၁၉ ကူးစက်ခံထားရပြီး အပျော့စားရောဂါလက္ခဏာလေးတွေသာ ပြတယ်လို့ သည်ရော့ခ်က အင်စတာဂရမ်ကနေ ပြောကြားခဲ့ပါတယ်။ သည်ရော့ခ်ဂျွန်ဆင်တို့ မိသားစုနဲ့ ရင်းနှီးတဲ့ မိတ်ဆွေဆီကနေ ကူးစက်ခံရတာဖြစ်ပြီး အသွားအလာပိတ်ဆို့ ကန့်သတ်ထားစဉ်ကာလမှာ စည်းကမ်းတကျ နေထိုင်ခဲ့တယ်လို့ သည်ရော့ခ်က ပြောပါတယ်။ အခုဆိုရင် တစ်မိသားစုလုံး အဖျားသက်သာလာပြီး ကျန်းမာရေးလည်း ပြန်ကောင်းလာပြီလို့ ပြောပါတယ်။ ဒါပေမယ့် ကိုဗစ်– ၁၉ နဲ့ ပတ်သက်ပြီး ဂရုတစိုက်ရှိကြဖို့ ပရိသတ်တွေကို သည်ရော့ခ်က တိုက်တွန်းခဲ့ပါတယ်။

ကိုဗစ်– ၁၉ ကာလအတွင်းမှာ နိုင်ငံရေးတွေ မရောထွေးဘဲ လူတွေ မှန်မှန်ကန်ကန် လုပ်ဆောင်ရမယ့်အရာတစ်ခုကတော့ နှာခေါင်းစည်းတပ်ဆင်ရမှာဖြစ်တယ်လို့ သူက ဆက်ပြောပါတယ်။ နှာခေါင်းစည်းတပ်ဆင်ဖို့ လူတိုင်းလူတိုင်းမှာ တာဝန်ရှိတယ်လို့ သည်ရော့ခ်က ပြောကြားခဲ့ပါတယ်။ **စကိုင်းနယူး**

ခြူး



# မြန်မာစာနှင့် ပါဠိ(၃)

**မောင်ခင်မင် (ဓနုဖြူ)**

"မြန်မာစာအရေးအသား မပေါ်ခင်ကတည်းက ကျွန်တော်တို့ မြန်မာတွေ ပါဠိနဲ့အကျွမ်းတဝင်ဖြစ်နေပြီဆိုတဲ့ အယူအဆကို အခုဆရာ့ရှင်းပြမှပဲ သိရပါတယ် ဆရာ။ သိပ်ကျေးဇူးတင်ပါတယ်"

"စာမရှိသေးပေမဲ့ ဘာသာစကားက ရှိနေပြီလေ။ အဲဒီအချက်ကို သတိပြုမိဖို့ လိုတာပေါ့။ ပုဂံခေတ်က မြန်မာစာတွေ ပါဠိဘာသာကျွမ်းကျင်ပုံကို ဖော်ပြနေတဲ့၊ ထင်ရှားတဲ့ အထောက်အထားတွေကို ပညာရှင်တွေက ဖော်ထုတ်ပြထားတာ ရှိပါတယ်"

"သိချင်ပါတယ် ဆရာ"

"အထောက်အထားတစ်ခုက မြစေတီပါဠိကျောက်စာပဲ။ ရာဇကုမာရ်ကျောက်စာလို့လဲ ခေါ်တာပေါ့။ ဒီကျောက်စာအကြောင်း မင်းသိပြီးသားပါ"

"သိပါတယ် ဆရာ"

"မြစေတီ ရာဇကုမာရ်ကျောက်စာက ပျူ၊မွန်၊ ပါဠိ၊ မြန်မာဆိုတဲ့ ဘာသာလေးမျိုးနဲ့ အကြောင်းအရာ အတူတူကိုရေးထိုးတာ မဟုတ်လား။ စိတ်ဝင်စားဖို့ ကောင်းတာတစ်ခုက ပျူ၊ မွန်၊ မြန်မာကျောက်စာတွေကို စကားပြေနဲ့ရေးထားပေမဲ့ ပါဠိကျောက်စာက ဂါထာတွေနဲ့ ဖွဲ့ထားတာပဲ။ ပြီးတော့ ဟိုကျောက်စာသုံးဖက်မှာ မပါတဲ့ ဝိသေသကလေးတွေလဲပါတယ်"

"ဘယ်လိုဝိသေသတွေလဲ ဆရာ"

"ရာဇကုမာရ်အကြောင်း ဖော်ပြတဲ့အခါ ဟိုကျောက်စာတွေမှာ' ရာဇကုမာရ်' လို့ပဲ သာမန်ဖော်ပြတယ်။ ပါဠိကျောက်စာမှာတော့ 'ရာဇကုမာရ် ရောနာမနာမတောအမစ္စော' လို့ပါတယ်။ အဓိပ္ပာယ်က အမည်အားဖြင့် ရာဇကုမာရ်လို့ခေါ်တယ်၊ အမတ်ဖြစ်တယ်လို့ဆိုလိုတာပဲ။ ပြီးတော့ မင်းမှုရေးရာတွေမှာ မင်းနဲ့အတူကြောင့်ကြအားထုတ်ပြုလုပ်တတ်တဲ့ အမတ်လဲဖြစ်တယ်။ သတိတရားရှိတယ်။ အမြော်အမြင် ပညာရှိတယ်ဆိုတဲ့ ရာဇကုမာရ်ရဲ့ ဂုဏ်အရည်အသွေးတွေကိုလည်း ဖော်ပြထားတယ်။ တစ်နေရာမှာလဲ ရာဇကုမာရ်ကို 'မဟာ မစ္စော' လို့ ဖော်ပြတယ်။ အမတ်ကြီးပေါ့"

"သြော်… စိတ်ဝင်စားစရာပဲနော် ဆရာ"

"အဲဒီအထောက်အထားတွေအရ ရာဇကုမာရ်ဟာ နာမည်အားဖြင့်သာ ရာဇကုမာရ်ဖြစ်တယ်။ အမတ်၊ အမတ်ကြီးလို့လဲ ဖော်ပြတယ်။ ဒ့ါအပြင် မင်းသိတဲ့အတိုင်း ကျောက်စာ လေးမျက်နှာစလုံးမှာ ရာဇကုမာရ်ဟာ တြိလောက ဝဋံသကာဒေဝီမိဖုရားရဲ့ သားဖြစ်တယ်လို့သာ ဖော်ပြတယ်။ ကျန်စစ်သားမင်းကြီးရဲ့သားလို့ တိုက်ရိုက်ဖော်ပြတာ မတွေ့ရဘူး။ ဒ့ါအပြင် ရာဇကုမာရ်က ကျန်စစ်သားကို ခေါ်တဲ့စကားမှာ 'ငါ့သခင်' လို့ပဲခေါ်တယ်။ 'ဖခင်၊ အဖ' ဆိုတဲ့စကား မသုံးဘူး။ အဲဒီအထောက်အထားတွေအရ ရာဇကုမာရ်ဟာ ကျန်စစ်သားမင်းရဲ့သားလို့ တိုက်ရိုက်ဖော်ပြတဲ့ အထောက်အထား မတွေ့ရဘူးလို့ ပါဠိပညာရှင် ဆရာကြီးဦးကျော်ရှိန်က 'ရာဇကုမာရ် ပြဿနာ'စာတမ်းမှာ ဖော်ထုတ်ပြဖူးတယ်။ အကျယ်ပြောရင်တော့ အများကြီးပေါ့။ ဒီနေရာမှာ ပြောချင်တာက မြစေတီပါဠိကျောက်စာရဲ့ အရေးပါတဲ့ အထောက်အထား တန်ဖိုးပါပဲ"

"မှတ်သားထားပါ့မယ် ဆရာ"

"မြစေတီပါဠိကျောက်စာက ဂါထာတွေဟာ သဒ္ဒါနည်းလဲကျ ဆန်းဂိုဏ်းလည်းကျတယ်လို့ ပါဠိပညာရှင်တွေက မိန့်ဆိုထားတယ်"

"နောက်သာဓက တစ်ခုက 'ရွှေဂူကြီးဘုရား ပါဠိကျောက်စာပဲ' အလောင်းစည်သူမင်းကြီးရဲ့ ကောင်းမှု ရွှေဂူကြီးဘုရားမှာ ရေးထိုးတားတာလေ။ အကြောင်းအရာက မင်းကြီးဘုရားဆုပန်တဲ့ အကြောင်းပဲ ဂါထာ ၁၀၀ နဲ့ ရေးဖွဲ့စီကုံးထားတယ်။ အဆင်တန်ဆာတွေနဲ့ လှလှပပရေးဖွဲ့ထားတာမို့ ပုဂံခေတ်က မြန်မာစာတွေလဲ ပါဠိဘာသာ ကျွမ်းကျင်ပုံကို ဖော်ပြနေတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"နောက် သာဓကတစ်ခုကတော့ ပါဠိသဒ္ဒါကျမ်းကြီးတစ်ကျမ်းပဲ"

"'သဒ္ဒနီတိ' လို့ခေါ်တယ်။ ပြုစုတဲ့ပုဂ္ဂိုလ်က ရှင်အဂ္ဂဝံသတဲ့။ အလောင်းစည်သူမင်းကြီး လက်ထက် သက္ကရာဇ် ၅၀၀ ကျော်မှာ ရေးသားပြုစုတယ် လို့သိရတယ်"

"နာမည်တော့ ကြားဖူးပါတယ် ဆရာ"

"ပါဠိသဒ္ဒါကျမ်းဆိုရင် ကစ္စည်းသဒ္ဒါကျမ်းကြီးကို ရည်ညွှန်းလေ့ရှိကြတယ်။ ကစ္စည်းသဒ္ဒါကျမ်းကိုအခြေခံပြီး ပါဠိသဒ္ဒါကျမ်းတွေ ရေးကြတယ်။ သဒ္ဒနီတိကတော့ ကျမ်းပြုပုဂ္ဂိုလ်ရဲ့ ကြိုးပမ်းမှုနဲ့ သီးခြားပေါ်ထွက်လာတဲ့ ကျမ်းဖြစ်တယ်လို့ ပညာရှင်တွေ ဖော်ပြကြတယ်။ ပိဋကတ်ကျမ်းဂန်တွေကို သက္ကတကျမ်းတွေရော ကျယ်ကျယ်ပြန့်ပြန့် ကိုးကားပြီး ပြုစုထားတာမို့ အင်မတန်ကောင်းမွန်ပြည့်စုံတဲ့ ကျမ်းဖြစ်တယ်လို့ ရည်ညွှန်းကြတယ်။ ဒီကျမ်းလောက် ပြည့်စုံတဲ့ ပါဠိသဒ္ဒါကျမ်း မပေါ်ဖူးသေးဘူးလို့ ပညာရှင်တွေ မိန့်ဆိုကြတယ်။ သီဟိုဠ်က သံဃာတွေသဒ္ဒနီတိကို တွေ့တဲ့အခါ ရှင်အဂ္ဂဝံသရဲ့ ပညာဉာဏ်ကြီးမားပုံကို ချီးကျူးကြရတယ်လို့ဆိုကြတယ်။ မင်းလဲ ပါဠိအခြေခံရှိတဲ့သူဆိုတော့ ဆက်ပြီး လေ့လာပေါ့ကွာ"

"ဟုတ်ကဲ့ပါ ဆရာ"

"ပုဂံခေတ်မှာ ပေါ်ပေါက်တဲ့ ပါဠိသဒ္ဒါကျမ်းတွေ ရှိပါတယ်။ ပါဠိစာပေသမိုင်းလို စာအုပ်မျိုးတွေမှာ လေ့လာကြည့်ပေါ့ကွာ။ ဒီနေရာမှာ ဆရာကြီး ဦးဖေမောင်တင်ရဲ့ အဆိုအမိန့်တစ်ခုကို ပြောပြချင်တယ်။ ဆရာကြီး က ဘယ်လိုမိန့်ဆိုသလဲဆိုရင် ပုဂံသားတွေဟာ ပါဠိဘာသာစကားကို အားကြိုးမာန်တက်လေ့လာသင်ယူပြီး ကျမ်းတွေပြုစုကြတာ။ သဒ္ဒနီတိလို အင်မတန်ကောင်းတဲ့ သဒ္ဒါကျမ်းကြီးပြုစုနိုင်တဲ့အထိ တတ်မြောက်ကြတယ်တဲ့။ ပါဠိဘာသာကို ဘယ်လောက်အာရုံစိုက်သလဲဆိုရင် မြန်မာဘာသာစကားကို လေ့လာတဲ့ မြန်မာသဒ္ဒါကျမ်း တစ်စောင်တစ်ဖွဲ့ပြုစုဖို့တောင် စိတ်မကူးမိကြတဲ့အတွက် ပါဠိသဒ္ဒါကျမ်းတွေ ပေါ်ပေါက်ခဲ့ပေမဲ့ မြန်မာသဒ္ဒါကျမ်းရယ်လို့ တစ်စောင်တစ်ဖွဲ့မှ မပေါ်ပေါက်ခဲ့တာဟာ မှတ်သားစရာကောင်းတဲ့ အချက်ပါပဲတဲ့။ အဲဒီသဘောမျိုး မိန့်ကြားခဲ့တာပါ"

"သြော်…မြန်မာသဒ္ဒါကျမ်းတစ်စောင်မှမပေါ်ခဲ့ဘူးလား ဆရာ"

"ဟုတ်တယ်လေ။ ပေါ်ပေါက်ခဲ့တဲ့ သဒ္ဒါကျမ်းတွေက ပါဠိသဒ္ဒါတွေပဲ။ မြန်မာသဒ္ဒါလို့ နာမည်တပ်ထားတဲ့ ကျမ်းမျိုး နည်းနည်းပါးပါးတော့ ပေါ်ပေါက်ပါတယ်။ ဒါပေမဲ့ ပါဠိသဒ္ဒါပုံစံအတိုင်း ရေးထားတဲ့ သဒ္ဒါကျမ်းတွေလေ"

"ပုဂံခေတ်က ကုန်းဘောင်ခေတ်ကုန်တဲ့အထိ မြန်မာသဒ္ဒါကျမ်းရယ်လို့ တစ်စောင်မှ မပေါ်ခဲ့ဘူး"

"သြော်"

"သာဓက တစ်ခုပြောမယ်။ 'ကုန်းဘောင်ခေတ်ကုန်တဲ့အချိန်မှာ ပုံနှိပ်တဲ့မိုင်းခိုင်းမြို့စားဦးယံရဲ့ 'ပိဋကတ်သမိုင်းစာတမ်း'ဆိုတဲ့ စာအုပ်ထွက်လာတယ်။ မင်း လေ့လာဖူးမှာပေါ့"

"လေ့လာဖူးပါတယ် ဆရာ"

"ဦးယံက မင်းတုန်းမင်းရဲ့ပိဋကတ်တိုက်မှူးလေ။ စာကြည့်တိုက်မှူးပေါ့။ အဲဒီကျမ်းမှာ မင်းတုန်းမင်းရဲ့ ပိဋကတ်တိုက်မှာရှိတဲ့ စာအုပ်စာရင်းကို အကုန်ဖော်ပြထားတယ်။ ပါဠိပိဋကတ်စာပေတွေရော၊ မြန်မာစာပေတွေရောပဲ။ သဒ္ဒါကျမ်းကဏ္ဍမှာ ပါဠိသဒ္ဒါကျမ်းတွေ အများကြီးပါပေမဲ့ မြန်မာသဒ္ဒါကျမ်းနာမည်တစ်ခုမှ မပါဘူးလေ။ ဒါဟာ မြန်မာသဒ္ဒါကျမ်း မပေါ်ပေါက်ခဲ့တဲ့ သာဓကပဲ"။ ။

> **"ပါဠိသဒ္ဒါကျမ်းဆိုရင် ကစ္စည်းသဒ္ဒါကျမ်းကြီးကို ရည်ညွှန်းလေ့ရှိကြတယ်။ ကစ္စည်းသဒ္ဒါကျမ်းကိုအခြေခံပြီး ပါဠိသဒ္ဒါကျမ်းတွေ ရေးကြတယ်။ သဒ္ဒနီတိကတော့ ကျမ်းပြုပုဂ္ဂိုလ်ရဲ့ ကြိုးပမ်းမှုနဲ့ သီးခြားပေါ်ထွက်လာတဲ့ ကျမ်းဖြစ်တယ်လို့ ပညာရှင်တွေ ဖော်ပြကြတယ်။ ပိဋကတ်ကျမ်းဂန်တွေကို သက္ကတကျမ်းတွေရော ကျယ်ကျယ်ပြန့်ပြန့်ကိုးကားပြီး ပြုစုထားတာမို့ အင်မတန်ကောင်းမွန်ပြည့်စုံတဲ့ ကျမ်းဖြစ်တယ်လို့ ရည်ညွှန်းကြတယ်။ ဒီကျမ်းလောက်ပြည့်စုံတဲ့ ပါဠိသဒ္ဒါကျမ်းမပေါ်ဖူးသေးဘူးလို့ ပညာရှင်တွေ မိန့်ဆိုကြတယ်။**

## တောင်သူလယ်သမားများသို့ အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံအများစုတွင် (၂၀၂၀) ပြည့်နှစ် မိုးရာသီအတွင်း စီးဝင်ရေပမာဏမှာ ယခင်နှစ်များက ကာလတူပမာဏထက် နည်းပါးလျက်ရှိသည့်အတွက် သိုလှောင်ရေပမာဏမှာလည်း လျော့နည်းကျဆင်းလျက်ရှိပါသည်။

ထို့ပြင် ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ပုံမှန် မိုးစပါးစိုက်ပျိုးရေပေးဝေခြင်းအပြင် ယခင် မိုးစပါးစိုက်ပျိုးရေပေးဝေရန် မလိုအပ်သည့် မိုးကောင်းသောက်ဒေသများတွင်လည်း ဖြည့်စွက်ရေများ ပေးဝေနေရသည့် အခြေအနေများ ကြုံတွေ့နေရပါသဖြင့် ယခုနှစ်လျာထား မိုးစပါးစိုက်ကေများ ပြည့်မီစွာ ရေပေးဝေနိုင်ရန်နှင့် လာမည့်နွေစပါးရာသီတွင်လည်း ဆည်အတွင်း ကျန်ရှိသိုလှောင်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံများ ယခင်နှစ် လျာထားပမာဏများအတိုင်း ပြည့်မီစွာ စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့်သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်ရန်အတွက် ရေအသုံးချသူများအဖွဲ့များနှင့်အတူ ဆည်ရေကို စနစ်တကျ ချွေတာသုံးစွဲလျက်ရှိသည့်အပြင် အားလုံးသော တောင်သူလယ်သမားများနှင့် ပြည်သူများမှလည်း မိမိတို့ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ပေါင်မြို့နယ်၌ အလုပ်ပေး ငွေပေး စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပေါင် စက်တင်ဘာ ၅**

မွန်ပြည်နယ် ပေါင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများသည် ဩဂုတ်လ စတုတ္ထပတ်က မြို့နယ်အတွင်း အလုပ်ပေး ငွေပေး (Cash For Work) စီမံကိန်းဖြင့် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများ အချိန်မီ ပြီးစီးစေရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီစေရေးအတွက် ကွင်းဆင်းစစ်ဆေးသည်။

ကျေးရွာများ၌ ဆောင်ရွက်နေသော Cash For Work စီမံကိန်း လုပ်ငန်းများမှာ ကုန်ထုတ်လမ်းကျောက်ရောမြေသားလမ်းခင်းခြင်း လုပ်ငန်းတစ်ခု၊ မြေသားလမ်းခင်းခြင်းနှင့် ရေမြောင်းတူးဖော်သည့် လုပ်ငန်းနှစ်ခု၊ ကုန်ထုတ်လမ်းကျောက်ရောမြေခင်းခြင်း လုပ်ငန်းတစ်ခု၊ ကျောက်ရောမြေသား လမ်းခင်းခြင်းနှင့် ရေမြောင်းတူးဖော်ခြင်း လုပ်ငန်းတစ်ခု၊ ကျောက်မြေသားလမ်းခင်းခြင်း လုပ်ငန်းတစ်ခုတို့ ဆောင်ရွက်ခြင်းဖြစ်ပြီး စီမံကိန်းလုပ်ငန်းများအားလုံးမှာ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပေါင်မြို့နယ်တွင် ကျေးရွာတစ်ရွာလျှင် ငွေကျပ် သိန်း ၁၀၀ ဖြင့် ရွာသူရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်စေပြီး ကိုဗစ်– ၁၉ ကာလအတွင်း ကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေရန် စီမံကိန်းတွင် ပါဝင်လုပ်ကိုင်သူများအား တစ်ရက်လျှင် လုပ်အားခငွေကျပ် ၆၀၀၀ နှုန်းဖြင့် ချက်ချင်းပေးချေသည့်စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မိုးဝင်း(ကျေးလက်)**

## မိုးကောင်းမြို့၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်

**မိုးကောင်း စက်တင်ဘာ ၅**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အသိပညာပေး လက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများ အခမဲ့ဝေငှပေးသည့် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုကို စက်တင်ဘာ ၄ ရက်က လူစည်ကားရာနေရာများဖြစ်သည့် မီးပွိုင့်လမ်းဆုံ၊ မြို့မစည်ပင်သာယာဈေးကြီးနှင့် ယာယီပုံကျဈေးတို့၌ ပြုလုပ်သည်။

မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရန် ရည်ရွယ်လျက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မကြီး ဦးဆောင်ပြီး အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း အသိအမှတ်ပြုလက်မှတ်ရ အထက(၂) အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းမှ စေတနာ့ဝန်ထမ်း လူငယ်အဖွဲ့ဝင်များက လူစည်ကားရာနေရာများဖြစ်ကြသည့် မီးပွိုင့်လမ်းဆုံ၊ မြို့မစည်ပင်သာယာဈေးကြီးနှင့် ယာယီပုံကျဈေးတို့တွင် ဈေးရောင်းချနေသည့် ဈေးသည်များနှင့် ဈေးဝယ်လာသူများ၊ လမ်းသွားလမ်းလာပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ရေး ပညာပေးစာစောင်များနှင့် နှာခေါင်းစည်းများ အခမဲ့ဝေပေးခြင်းဖြစ်သည်။

**ဝင်းနိုင်(ကချင်မြေ)**

သစ်ပင်နည်းလာ၊ တို့ကမ္ဘာ
လွန်စွာပူအေး ဥတုဘေး

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အထွေထွေစီးပွားရေးသမဝါယမအသင်းက ထုတ်ဝေသည့်
(၂၀၂၁) ခုနှစ် ပြက္ခဒိန် ထွက်ရှိ
ထွက်ပြီ

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အထွေထွေစီးပွားရေးသမဝါယမအသင်းက (၂၀၂၁) ခုနှစ် ပြက္ခဒိန်ကို ရွှေကြက်ယက်ဆုတောင်းပြည့်မြတ်စွာဘုရားပုံတော်ဖြင့် ထုတ်ဝေပါသည်။ ပြက္ခဒိန်တွင် ဆရာစံဇာဂဏီဘိုဓ်၏ -

- ဆောက်လုပ်ရေးရက်ကောင်းများ
- လက်ထပ်ရန်ကောင်းသောရက်များ
- လုပ်ငန်းစတင်ရန်ကောင်းသောရက်များ
- ခရီးသွားခြင်းဆောင်ရွက်ရန်ကောင်းသောရက်များ
- အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်ကောင်းသောရက်များ
- အိမ်ပြောင်းအိမ်တက်ပြုရန်ကောင်းသောရက်များ
- ထီထိုးရန်ကောင်းသောရက်များ

စသည့် ဆောင်ရန် ရှောင်ရန် အခါတော်ပေးရက်များ ဖော်ပြပါရှိပါသည်။




ဝယ်ယူရရှိနိုင်မည့်နေရာများ
- ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အထွေထွေစီးပွားရေးသမဝါယမအသင်း၊ ဖုန်း ၀၆၇-၃ ၄၁၂၇၇၁၊
- ထုတ်လုပ်ရေးဌာနခွဲ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂၈) သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁ - ၈၂၀၁၉၃၆၊ ၀၁ - ၈၃၇၁၃၄၀၊ အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၊
- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်၊ ရုပ်စာပေတိုက်၊

## အင်းစိန်ကားလမ်းကူး ရထားခုံးကျော် လက်တက်တံတားသစ်(မင်းကြီးလမ်းဘက်ခြမ်း)တည်ဆောက်မှု ၈၅ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အင်းစိန် ကားလမ်းကူး ရထားခုံးကျော်တံတား အမှတ်(၂) ပင်မတံတားကြီး၏ ဝဲဘက်၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာန(တံတား)က ကြီးကြပ်၍ A1 ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူကာ ၂၀၁၉ ခုနှစ် မေလမှ စတင်တည်ဆောက်ခဲ့သည့် ရထားခုံးကျော် လက်တက်တံတားသစ်(မင်းကြီးလမ်းဘက်ခြမ်း) တည်ဆောက်မှုများမှာ လက်ရှိအချိန်တွင် ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားသည် အရှည် ၄၄၁ ပေရှိ ကွန်ကရစ်ကြမ်းခင်း တံတားဖြစ်ပြီး ချဉ်းကပ်တံတားအရှည်မှာ ၁၂၃ ပေဖြစ်သည်။ ယာဉ်များအတွက် အဆင်းတစ်လမ်းသွားဖြစ်ပြီး အကျယ် ၁၆ ပေရှိကာ လူသွားလမ်းအကျယ်မှာ တစ်ဖက် သုံးပေဖြစ်သည်။ တံတားခန်းဖွင့် နှစ်ခန်း၊ ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မ နှစ်ခန်း၊ ဘိုးပိုင်သံကူကွန်ကရစ် အုတ်မြစ်ဖြင့် ပြုလုပ်ထားသည့် တံတားတိုင်များဖြင့် တည်ဆောက်ထားသည်။

အဆိုပါ ခုံးကျော်လက်တက်တံတားသစ် တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးပြီးစီး၍ မော်တော်ယာဉ်များ အဆင်ပြေစွာ ဖြတ်သန်းသွားလာ အသုံးပြုနိုင်ရေးအတွက် အင်းစိန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက တံတားတည်ဆောက်ပြီးစီးနေမှု အခြေအနေများကို စက်တင်ဘာ ၄ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးကာ တည်ဆောက်ရေး တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှုအခြေအနေ၊ တံတားကြမ်းခင်း ကွန်ကရစ်လောင်းရန် ကျန်ရှိနေမှုအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် စက်တင်ဘာလကုန်ပိုင်းတွင် ပြီးစီးအောင် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့ကြသည်။

**မြင့်ဦး(အင်းစိန်)**



## မြင်းခြံနှင့် ပခုက္ကူဘက်မှ ဝင်လာသူများအား ညောင်ဦးမြို့၌ ကျန်းမာရေးစစ်ဆေးနေ

**ညောင်ဦး စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သည့်အနေဖြင့် မြင်းခြံမြို့နှင့် ပခုက္ကူမြို့ဘက်မှ ညောင်ဦးမြို့နယ်သို့ ဝင်ရောက်လာသည့် ကား၊ ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်များကို စက်တင်ဘာ ၄ ရက် နံနက် ၆ နာရီမှစ၍ ကျန်းမာရေး စစ်ဆေးရေးဂိတ် ဖွင့်လှစ်ပြီး စစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရသည်။



ညောင်ဦးမြို့အဝင်၌ ဖွင့်လှစ်ထားသော ကျန်းမာရေးစစ်ဆေးရေးဂိတ်၌ စောင့်ဆိုင်းနေသူများ

စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မြင်းခြံမြို့နှင့် ပခုက္ကူမြို့တို့ဘက်မှ ဝင်ရောက်လာသည့် ယာဉ်အမျိုးမျိုးကို ရပ်တန့်စေပြီး ယာဉ်ပေါ်ပါသူများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်း စနစ်တကျ တပ်ဆင်စေခြင်း၊ ခရီးသွားမှတ်တမ်းယူခြင်း၊ ကားနံပါတ်နှင့် ဖုန်းနံပါတ် မှတ်တမ်းယူခြင်းများ ပြုလုပ်လျက်ရှိကြောင်း ညောင်ဦးခရိုင် လက်ထောက်ကျန်းမာရေးမှူး ဦးသန်းလင်းအောင်၏ ပြောကြားချက်အရ သိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ စက်တင်ဘာ ၅ ရက် အထိ ပခုက္ကူ၌ ကိုဗစ်-၁၉ အတည်ပြုလူနာ မရှိသေးသော်လည်း မြင်းခြံမြို့နယ်အတွင်း၌ အတည်ပြုလူနာ ၁၃ ဦးအထိရှိနေပြီဖြစ်ကြောင်း သိရသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**

## မိုးနဲမြို့ နမ့်စလိုင်ချောင်း တာရိုးကျိုးမှု ပြန်လည်ပြုပြင်

**မိုးနဲ စက်တင်ဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် နမ့်မော်ဆွမ့်ကျေးရွာအုပ်စု ကွင်းအမှတ်(၃၉)အနီး နမ့်စလိုင်ချောင်း ရေတိုက်စားမှုကြောင့် တာရိုးကျိုးပေါက်မှုဖြစ်ပွားခဲ့သည့်နေရာတွင် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် တောင်သူများစုပေါင်း၍ ပြန်လည်ပြုပြင်လျက်ရှိသည်။

လင်းခေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနိုးဝေနှင့် အဖွဲ့ဝင်များ၊ မိုးနဲမြို့နယ် စီမံ ခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးစိုးထွန်းနှင့် အဖွဲ့ဝင်များက စက်တင်ဘာ ၃ ရက်က ပြုပြင်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး မိုးတွင်းကာလ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးနှင့် တာရိုးခိုင်ခံ့စေရေးအတွက် တာရိုးကျိုးပေါက်သည့်နေရာတွင် ယာယီမြေသားဖြင့် အမြန်ဆုံး ပြန်လည်ပြုပြင်သွားရန်နှင့် လိုအပ်မည့် ကုန်ကျစရိတ်ကို တွက်ချက်တင်ပြသွားရန် စသည်တို့ကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက တာဝန်ရှိသူများအား မှာကြားသည်။

**မျိုးညွန့်ရွှေ(ပြန်/ဆက်)**

## မလှိုင်မြို့၌ တောင်သူ ၇၀၉ ဦးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ပေးအပ်

**မလှိုင် စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်အတွင်းမှ တောင်သူ ၇၀၉ ဦးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ပေးအပ်ပွဲကို မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၄ ရက်က ပြုလုပ်သည်။

ပုံစံ(၇)များပေးအပ်ပွဲတွင် မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းအောင်က အမှာစကားပြောကြားပြီး မိတ္ထီလာခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှဦးစီးမှူး ဦးသန်းလှိုင်က ပုံစံ(၇) ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ဒေသခံတောင်သူများအနေဖြင့် သိရှိလိုက်နာရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များကို တာဝန်ရှိသူများက တောင်သူလယ်သမား ကိုယ်စားလှယ်များထံ ပေးအပ်သည်။

မလှိုင်မြို့နယ်ရှိ ကျေးရွာအုပ်စုပေါင်း ၃၀ မှ လယ်ယာမြေ ၁၆၅၈ ဒသမ ၆၄ ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များကို တောင်သူပေါင်း ၇၀၉ ဦးအား ပေးအပ်ခြင်းဖြစ်ပြီး မြို့နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ချပေးသည့် ကွင်းပေါင်း ၁၆၉ ကွင်းရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ပုံစံ(၇)များ ပေးအပ်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းအောင်၊ မိတ္ထီလာခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးသန်းလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

**ဘိုဘို(မလှိုင်)**

## ပုဂ္ဂလိက(ကော်ဖီ)စိုက်ခင်းလုပ်ငန်းရှင်များအား အသိပေးအကြောင်းကြားခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ သစ်တောနယ်မြေ (ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော)များအတွင်းရှိ ပုဂ္ဂလိက (ကော်ဖီ) စိုက်ခင်းများအနက် သစ်တောဦးစီးဌာနနှင့် စာချုပ်ချုပ်ဆိုရန်ကျန်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် သစ်တောဦးစီးဌာနနှင့် စာချုပ်ချုပ်ဆိုနိုင်ရေး အောက်ဖော်ပြပါရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ ၂၀၂၀ ပြည့် နှစ် စက်တင်ဘာ ၃၀ရက်နောက်ဆုံးထားပြီး ဆက်သွယ်ဆောင်ရွက်ရန်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ပုဂ္ဂလိက (ကော်ဖီ)စိုက်ပျိုးခွင့် ပိတ်သိမ်းသွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

- ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး
  မန္တလေးမြို့ ဖုန်း-၀၉-၂၀၀၀၄၅၂၊ ၀၂-၄၀၅၈၀၁၇
- လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်၊
  ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၀၇၉၀၁၁၃၃၊ ၀၈၅-၂၀၂၁၅၃၀
- ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်မြို့
  ဖုန်း-၀၉-၉၇၇၄၀၄၁၇၀၊ ၀၉-၇၉၁၀၇၅၅၀၅

**မန္တလေးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန**

## ဥက္ကလာဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်

ဥက္ကလာဂေါက်ကွင်းတွင် ဂေါက်သီးရိုက်ကစားသမား ဦးဝေဖြိုးမောင်သည် စက်တင်ဘာ ၃ရက် ညနေ ၃ နာရီက ကစားဖော်များဖြစ်သော ဦးဇော်ဝင်းထွန်း၊ ဦးစိုးထွန်းအောင်၊ ဦးအောင်ကျော်စိုးတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၂၄)၌ Titleist No.3 ဘောလုံးကို XXIO Iron No.6 တုတ်ဖြင့် (၁၆၇)ကိုက်အကွာ အဝေးမှရိုက်ရာ တစ်ချက်တည်းကျင်းဝင် (Hole In One)သွားခဲ့သည်။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3M/5358 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ၂၀-၈-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၈)ပါ ကိုကျော်ဆန်းဦး(ခ)မုဟမ္မဒ် အမီးရ်ဟာမ်ဇားၡ မနန္ဒာအောင်(ခ) ရှိုင်းနာဇ်ဘီနှင့် အများသိစေရန် ကြော်ငြာအား ပြန်လည်ကန့်ကွက်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ မနန္ဒာအောင်(ခ)ရှိုင်းနာဇ်ဘီ၏ လွှဲအပ်ချက်အရ ၎င်း၏ (၁၀-၇-၂၀၂၀)ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၁)ပါ "**တရားဝင်ဇနီးအဖြစ် ယနေ့တိုင်အတည်ဖြစ်လျက်ရှိနေကြောင်း** "ကြော်ငြာအား စွန့်လွှတ်ခြင်းမရှိ စွဲမြဲစွာ ဆက်လက်အတည်ပြု၍ ကိုကျော်ဆန်းဦး(ခ)မုဟမ္မဒ် အမီးရ်ဟာမ်ဇားနှင့် အများသိစေရန် အောက်ပါအတိုင်း ထပ်မံ၍ကန့်ကွက်ကြေညာ အပ်ပါသည်။

၁။ ကျွန်ုပ်မိတ်ဆွေ၏ အထက်အပိုဒ်ပါ ကြော်ငြာ ကြေးမုံသတင်းစာတွင်ပါပြီး နောက်မှပြုလုပ်သော လူကြီးမင်း၏ ကြော်ငြာတွင်ပါရှိသည့် "**၁၀-၇-၂၀၂၀ရက်တွင် အသိသက်သေများရှေ့၌ ကွာရှင်းပြတ်စဲခဲ့ပြီး**" ဆိုသော စကားရပ်ပါစာ၏ မူရင်းမဟုတ်သော စာချုပ်မိတ္တူနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့(ဗဟို)(ပန်းဘဲတန်း)ထံမှ ဖဿဝါမွေ့သတ် အဆုံးအဖြတ်အတည်ပြုချက်ရရှိပြီးဆိုသော စကားရပ်ပါစာ၏မိတ္တူကို ကျွန်ုပ်၏မိတ်ဆွေက လူကြီးမင်း၏ အထက်ခေါင်းစဉ်ပါ သတင်းစာကြော်ငြာထည့်ပြီး (၄)ရက်အကြာ ၂၄-၈-၂၀၂၀ရက်တွင်ကမှ လက်ခံရရှိခဲ့ကြောင်း ပြောဆို လွှဲအပ်ချက်အရသိရှိရပါသည်။ ထို့အပြင် အစ္စလာမ်ဥပဒေဖဿဝါမွေ့သတ်ဆိုသောစကားကို ငြင်းဆိုပါသည်။ ဖဿဝါမွေ့သတ် အဆုံးအဖြတ်သည် အစ္စလာမ် ဥပဒေမဟုတ်ပါ။ အစ္စလာမ်ဥပဒေတွင်လည်းကောင်း၊ မြန်မာနိုင်ငံ၏တရားရုံးများက လက်ခံကျင့်သုံးနေသော တည်ဆဲ အစ္စလာမ်ဆိုင်ရာ ဥပဒေများတွင်လည်းကောင်း "**ဖဿဝါမွေ့သတ် အဆုံးအဖြတ်**"ကို ဥပဒေအဖြစ် ပြဋ္ဌာန်းထားခြင်းမရှိပါ။

၂။ အထက်အပိုဒ်(၁)ပါ စာ(၂)စောင်နှင့် လူကြီးမင်း၏ကြေညာချက်ကို ဝဟီဖြစ်သည့်ကျမ်းတော်မြတ်ကုရ်အာန်ပါ လမ်းညွှန်ပြဋ္ဌာန်းချက် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရသည့် အစ္စလာမ်ဘာသာကို သက်ဝင်ယုံကြည်သူစစ်မှန်သည့် မူဆလင်ဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေက လုံးဝ(လုံးဝ) လက်မခံပါ။

၃။ အစ္စလာမ်ဘာသာကို သက်ဝင်ယုံကြည်သူများ(မုအ်မင်)သည် ကျမ်းတော်မြတ်ကုရ်အာန်ပါ လမ်းညွှန်ပြဋ္ဌာန်းချက်၊ ပညတ်ချက်စည်းမျဉ်းစည်းကမ်းများကို လိုက်နာရပြီး မလိုက်နာသူ၊ ချိုးဖောက်သူသည် လွဲမှားသူ(ဇွာလွင်)ဟုလည်းကောင်း၊ ထိုအတိုင်းစီရင်ဆုံးဖြတ်ခြင်း မပြုသူသည် " ငြင်းဆန်သူ" (ကာဖွေရ်)နှင့် "လွဲမှားသူ"(ဇွာလင်)ဖြစ်သည်ဟုလည်းကောင်း၊ မုက္ခပါဒ်တော်(၄:၅၉၊ ၅:၄၄-၄၅)တို့တွင် လမ်းညွှန်ပြဋ္ဌာန်းချက်ရှိပါသည်။

၄။ ထို့ပြင် လူကြီးမင်း၏ကြေညာချက်သည် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးထားသည့် **"အမျိုးသမီးများအားနည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပုံစံအားလုံး ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်(CEDAW)**ပါ အပိုဒ်(၁၆)ကို ငြိစွန်းနေသည့် အတွက် မြန်မာ့အမျိုးသမီးဖြစ်သည့် ကျွန်ုပ်မိတ်ဆွေ၏ အခွင့်အရေးအားထိပါးနေပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ မနန္ဒာအောင်(ခ)ရှိုင်းနာဇ်ဘီဘီနှင့် ကိုကျော်ဆန်းဦး(ခ)မုဟမ္မဒ်၏ အမီးရ်ဟာမ်ဇားတို့၏ **(၂၆-၂-၂၀၁၆)ရက်စွဲပါ " နိကာဟ်လက်ထပ်မင်္ဂလာစာချုပ်" သည် ပျက်ပြယ်ခြင်းမရှိ ယနေ့တိုင် တရားဝင်အတည်ဖြစ်လျက်ရှိနေပါကြောင်းနှင့်** ထိမ်းမြားမှုတည်မြဲနေစဉ်ကာလအတွင်း လူကြီးမင်းသည် အခြားအမျိုးသမီးတစ်ဦးနှင့် ထပ်မံထိမ်းမြားခြင်း ပြုပါက (သို့မဟုတ်)လင်မယားအဖြစ် တရားမဝင် နေထိုင်ပေါင်းသင်းခြင်းပြုပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏တည်ဆဲ ဥပဒေဖြစ်သော " **၂၀၁၅ ခုနှစ်၊ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေ**"အရ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း ကိုကျော်ဆန်းဦး(ခ)မုဟမ္မဒ် အမီးရ်ဟာမ်ဇားနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **မနန္ဒာအောင်** | **ဒေါ်လှမိုးသူ** |
| **၁၂/ကတတ(နိုင်)၀၃၀၆၆၃** | **[ B.Sc(Phy),Credit (Q-1), PGDL,LL.B, LL.M(Part 1)]** |
| | **အထက်တန်းရှေ့နေ(စဉ်- ၄၉၄၂၁)** |
| | **ခြံအမှတ် ၅၊ လုပ်သားလမ်း၊ (င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၁- ၅၇၀၁၇၇၊ ၀၉- ၈၇၂၇၂၇၃၉၆** |

## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာန၊ တိုက်ကြီးမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့ရှိ သစ်တောကြိုးဝိုင်းများအတွင်း ပုဂ္ဂလိက (ကျွန်း၊ သစ်မာ၊ စက်မှုကုန်ကြမ်း၊ အခြား၊ နှစ်ရှည်)စိုက်ခင်းများ တည်ထောင်စိုက်ပျိုးသူများ အသိပေးအကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာန၊ တိုက်ကြီးမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့ရှိ သစ်တောကြိုးဝိုင်းများအတွင်း ပုဂ္ဂလိကစိုက်ခင်းများ၊ (ကျွန်း၊ သစ်မာ၊ စက်မှုကုန်ကြမ်း၊ (ဝါး၊ လျှော်ဖြူ၊ ရော်ဘာ၊ ဆီအုန်း၊ ကြံ၊ ပီလောပီနံ၊ နှစ်ရှည်) တည်ထောင်စိုက်ပျိုးပြီး မြေငှားရမ်းခများပေးသွင်းရန် ကျန်ရှိသော လုပ်ငန်းရှင်များအနေဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာနသို့ ၃၀-၉-၂၀၂၀ရက် နောက်ဆုံးထားပေးသွင်းကြပါရန်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ်မှစတင်၍ ဘဏ္ဍာနှစ်ကျော်လွန်ပါက (၁)ရက်လျှင် ဒဏ်ကြေးငွေကျပ် (၅၀၀၀ိ/-)ပေးဆောင်ရမည်ဖြစ်ပြီး ရက်၃၀အတွင်း ပေးသွင်းခြင်း မရှိပါက စာချုပ်ရုပ်စဲပြီး တရားစွဲဆိုခြင်းခံရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပုဂ္ဂလိက သစ်တောစိုက်ခင်း တည်ထောင် သူများအနေဖြင့် မြေငှားရမ်းခများ အားသတ်မှတ်ရက်အတွင်း အမြန်ဆုံးပေးသွင်းနိုင်ပါရန် ကြိုတင်အသိပေး နှိုးဆော်အကြောင်းကြား ပါသည်။

**သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်**

**ဖခင် အမည်မှန်**

မြင်းခြံမြို့နယ်၊ ငါ့နန်းကျေးရွာ အထက(ခွဲ) သတ္တမတန်းမှ မောင်ရဲသုအောင် ၉/မခန(နိုင်)၃၂၈၈၂၁၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၉/မခန(နိုင်)၁၂၈၁၇၁ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ ကျားတိုင်းကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်လှိုင်းထက်အောင် ၉/မခန(နိုင်) ၃၀၉၁၄၀၏ ဖခင်အမည်မှန်မှာ ဦးနိုင်ကို ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ ပျဉ်းမတော အလယ်တန်းကျောင်း ပဉ္စမတန်းမှ မသက်ဝေလွင်၏ဖခင် ဦးဇာခြည်လင်း၏ အမည်မှန်မှာ ဦးဇာကြည်လင်း ၉/ကပတ(နိုင်)၁၅၂၀၅၂ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်ကျော်ဘ ၁၁/မဘတ(နိုင်)၀၁၈၆၁၆၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၁၀၊ မြေကွက်အမှတ် (၇၃၀/က)၊ မြေဧရိယာ (အလျားပေ ၂၀xအနံပေ ၆၀)ရှိ မြေကွက်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ၅-၃-၁၉၉၂ ရက်စွဲပါ ရွှေ့ပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်အမှတ်စဉ် (၂၃၂၈၁)ဖြင့် ဦးသက်ထွန်း(T/RGN.၀၀၇၃၂၉)မှ အမည်ပေါက်အဖြစ် မှတ်သားတည်ရှိ၍လည်းကောင်း၊ အလားတူ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ သကမ-၁၀၊ မြေကွက်အမှတ် (၇၃၀/ခ)၊ မြေဧရိယာ (အလျားပေ ၂၀xအနံပေ၆၀) ရှိမြေကွက်သည် အဆိုပါဌာန၌ပင် ၁-၃-၁၉၉၄ရက်စွဲပါ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်အမှတ်စဉ် (၂၇၁၂၈)ဖြင့် ဒေါ်နီလာ (TME.၀၃၂၄၁၅)မှ အမည်ပေါက်အဖြစ် မှတ်သားတည်ရှိ၍ ယင်းမြေကွက် နှစ်ကွက်နှင့် မြေကွက်ပေါ်ရှိ အမှတ် (၇၃၀/က+ခ)၊ သခင်မြလမ်း၊ ၁၂/ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သော နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူပြီး အပေါင်အနှံ အရှုပ်အရှင်းလုံးဝကင်းရှင်းကြောင်း ဝန်ခံပြောဆိုလာသူ ဒေါ်စိုးစိုး ၅/ဒပယ(နိုင်)၀၀၈၅၆၂ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ် ယူရန် ကျွန်ုပ် မိတ်ဆွေက စရန်ငွေများလက်ရောက်ပေးချေထားပြီးဖြစ်ပါသည်။

အထက်အရောင်းအဝယ်ပါကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မျှမရှိခဲ့ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**

| | |
|---|---|
| **ဦးအောင်နိုင်စိုး (LL.B)** | **ဒေါ်ဇင်ဇင်နိုင် (LL.B) D.B.L** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၉၈၈၂) (၂၉-၄-၂၀၁၄)** | **(စဉ်-၁၄၀၉၂) (၁၆-၁-၂၀၁၈)** |

**အမှတ် (၁၄၇၀/က)၊ ထူပါရုံ (၁၃)လမ်းအရှေ့၊ ၁/ထူပါရုံရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၅၇၂၉၃၃၄၄၊ ၀၉-၇၉၈၁၉၂၉၉**

## အများသိစေရန် ကြေညာခြင်း

ဦးချစ်လှိုင်-ဒေါ်ခင်ကြည်တို့တွင် သားသမီး လေးဦးရှိပြီး (၁) ဦးစိန်ဝင်း (ခ) ဦးစိန်ဝင်းဌေး၊ (၂) ဒေါ်ဖြူဖြူဝင်း၊ (၃) ဒေါ်သက်သက်ဝင်း၊ (၄) ဒေါ်လှဲ့လှဲ့ဝင်းတို့ ဖြစ်ကြပါသည်။ ဦးချစ်လှိုင်မှာ လွန်ခဲ့သော အနှစ် ၂၀ခန့်က ကွယ်လွန်သွားခဲ့ပြီး ဒေါ်ခင်ကြည်နှင့် အထက်ပါသားသမီးလေးဦးကျန်ရှိခဲ့ပါသည်။ ဦးချစ်လှိုင်ကွယ်လွန်ပြီးနောက် တပ်ကုန်းမြို့နယ်၊ ခရမ်းစပ်ကုန်းအုပ်စု၊ခရမ်းစပ်ကုန်းကျေးရွာတွင် ၂ဒသမ ၀၀ဧကခန့် ကျယ်ဝန်းသည့် ဝိုင်းမြေကွက်နှင့် (၄x၅)ပင်ပတ်လည် နှစ်ထပ်အိမ်အောက်ထပ် အုပ်ခံပျဉ်ထောင်သွပ် မိုးနေအိမ်တစ်လုံးနှင့် (၃x၃)ပင် တစ်ထပ်တိုက်သွပ်မိုးဈေးဆိုင်တစ်လုံး၊ (၃x၃)ပင် ဂိုဒေါင်တစ်လုံးတို့ ကျန်ရှိခဲ့သည့်အပြင် တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ နယ်မြေ (၄)ရှိ ပေ (၁၂၀x၆၀)ကျယ်ဝန်းသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၄x၄)ပင် နှစ်ထပ်တိုက်နေအိမ် တစ်လုံး (၃x၃)ပင် ပျဉ်ခင်းထရံကာ သွပ်မိုးအဆောက်အအုံတစ်လုံး၊ (၁၃၀၈)ခရမ်းစပ်ကုန်းအရှေ့ကွင်း၌ ဦးပိုင်အမှတ် (၁၈၂)တွင် ဧက ၁ဒသမ၁၈ဧက၊ ဦးပိုင်အမှတ် (၈၁)တွင် ယာ ၃ဒသမ၃၃ဧက၊ ဦးပိုင်အမှတ် (၂၃၂)တွင် ယာ ၄ဒသမ၈၅ဧက၊ ကွင်းအမှတ် (၁၃၁၂) ဗုဒ္ဓအိုင်ကွင်း၊ ဦးပိုင်အမှတ် (၇၂)တွင် လယ်၀ဒသမ၉၂ဧကတို့ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများအပြင် ကျန်ရှိခဲ့သည်။ အထက်ပါမရွှေ့ပြောင်းနိုင်သောပစ္စည်းများအပြင် ရွှေ့ပြောင်း၍ ရသောပစ္စည်းများအဖြစ် ရွှေ၊ ငွေ၊ လှည်း၊ နွား၊ စပါးခြွေစက်တို့ကျန်ရှိခဲ့ပါသည်။ ဦးချစ်လှိုင် ကွယ်လွန်ပြီးနောက် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ရွှေ့ပြောင်း၍ ရသောပစ္စည်းများသည် အမွေဆက်ခံခွင့်ရှိသူ မောင်နှမများထဲ၌ အကြီးဆုံးဖြစ်သူ ဦးစိန်ဝင်း(ခ)ဦးစိန်ဝင်းဌေး၏ လက်ဝယ်တွင်ထားရှိပါသည်။ ဦးချစ်လှိုင် ကျန်ရှိခဲ့သော အမွေဆိုင်ပစ္စည်းများအား အမည်ပြောင်းခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း အခြားစီမံခန့်ခွဲမှုအရပ်ရပ်တို့အား ဆောင်ရွက်ခြင်းများကို ကန့်ကွက်ထားကြောင်း၊ ပြုလုပ်ပါက ဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနများသို့ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သက်သက်ဝင်း(ဘ)ဦးချစ်လှိုင်**
**၉/တကန(နိုင်)၀၀၁၈၆၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဘယ/၇၅၅၉ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းကိုကို ၆/ထဝန(နိုင်)၀၂၄၃၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ထားဝယ်)**

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 1L/4029 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းရုံး (ထားဝယ်)**

### မွေးသက္ကရာဇ်အမှန်

ဦးသိန်းထိုက်၏သား လောင်းလုံးမြို့နယ်၊ ကျောက်နီမော်ကျေးရွာ အထက(ကျောက်နီမော်) Grade- 10 မှ မောင်ကောင်းဝေယံဖြိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၈-၂၀၀၃ ဖြစ်ပါကြောင်း။

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 2J/1537 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြိတ်)**

### မွေးသက္ကရာဇ်အမှန်

ဦးအောင်ဇော်လတ်၏သား လောင်းလုံး မြို့နယ်၊ ကျောက်နီမော်ကျေးရွာ အထက(ကျောက်နီမော်) Grade- 10 မှ မောင်ဒီရဲကို၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၁-၂၀၀၆ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ပဲခူးခရိုင်တရားရုံးတော် ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁၃၀

| | | |
|---|---|---|
| ဒေါ်မျိုးမျိုးဝင်း | နှင့် | ၁။ ဦးဌေးမောင် |
| | | ၂။ ဒေါ်စန်းစန်းခင် |
| **တရားလို** | | **တရားပြိုင်များ** |

ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ ရပ်ကွက်ကြီး(၂)၊ အမှတ်(၂/၁၅၅)နေ တရားပြိုင် ဦးဌေးမောင်(ဘ)ဦးသောင်း၊(၂) ဒေါ်စန်းစန်းခင်(ဘ) ဦးအောင်သွင်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်မျိုးမျိုးဝင်းက ချေးငွေကျပ်သိန်း(၂၀၀)ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ၊ ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၀ပြည့်နှစ် စက်တင်ဘာ ၁၇ ရက် (၁၃၈၂ ခုနှစ် တော်သလင်းလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ်ဩဂုတ် ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်မျိုးထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ပဲခူးခရိုင်တရားရုံး**




## ကန့်ကွက်နိုင်ပါကြောင်း

တောင်ငူမြို့၊ မိုးကောင်း ကျေးရွာအုပ်စု၊ ကရင်ချောင်းကျေးရွာမှ ပိုင်ရှင် ဦးသိန်းလှိုင်မြင့် ၇/တငန (နိုင်)၁၀၃၄၃၂၏ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည့် မီလျှံနာ အမည်ဖြင့် မုန့်ဖတ်ခြောက်၊ မုန့်တီခြောက်အား ကန့်ကွက်လိုလျှင် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးသိန်းလှိုင်မြင့်**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စ၊ မြေကွက်အမှတ် -၆၈၆၊ မြေကွက်တည်နေရာအမှတ် -၆၈၆၊ သီဂီလမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒေါ်အုံးကြည် ၁၂/ဥကမ(နိုင်)၁၃၇၄၄၃နှင့် ဒေါ်သန်းကြည် ၁၂/ဥကမ(နိုင်)၀၈၈၂၄၂ အမည်ပေါက် နှစ် ၃၀ ဂရန်မြေအား အမည်ပေါက်နှစ်ဦးအနက် အမည်ပေါက်တစ်ဦးဖြစ်သူ (အစ်မ) ဒေါ်သန်းကြည်သည် ၁၅-၁၀-၂၀၁၀ ရက်တွင် အပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အုံးကြည်(ခ)ဒေါ်အုန်းကြည် ၁၂/ဥကမ(နိုင်)၁၃၇၄၄၃ မှ အမွေဆက်ခံခွင့်ရှိကြောင်း၊ ဒဂုံမြို့နယ်တရားရုံး၊ ကျမ်းကျိန်လွှာအမှတ်-၁၂/၄၇၅/၁၉၊ မြေစာရင်းမှတ်ချက်ရှိ (၁၉၉၅)ခုနှစ်တွင် ဒေါ်အုန်းကြည်မှ မြေပုံကူးလျှောက်ထားခဲ့ခြင်းမှာ အဆောက်အအုံဆောက်လုပ်ရန် လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်သန်းကြည်၏ သေဆုံးမှုမှတ်တမ်းတွင် ဆရာဝန်လက်မှတ်ပါရှိပြီး ဆေးရုံတံဆိပ်အဝိုင်းမပါရှိခြင်းမှာ အရေးပေါ်အခြေအနေဖြင့် သေဆုံးခြင်းဖြစ်သည့်အတွက် ဆေးရုံကြီးတာဝန်ရှိသူမှ ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူပါကြောင်း ကျမ်းကျိန်လွှာသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက် ဂရန်မူရင်းတို့တင်ပြ၍ ဒေါ်အုံးကြည်ထံမှ G.P No. ၂၇၂၇၁/ ၁၉ (၇-၁၀-၉) ဖြင့်ရရှိသူ ဒေါ်ကြူကြူသင်း ၁၂/ဥကမ(နိုင်)၁၀၁၁၅၇၇မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက် ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြေပေးမိန့်လျှောက်ထားမှုအတွက် ကန့်ကွက်လွှာခေါ်ယူသည့် ကြော်ငြာစာ

၁။ မြန်အောင်မြို့၊ အမှတ် (၁)ရပ်ကွက်၊ စိန်ဝတ်မှုံကွက်သစ်၊ အကွက်အမှတ် (၁၀)၊ တဲကြီးကုန်းတောင်ရပ်၊ ဦးပိုင် (၂၆၁)၊ ဧရိယာ ၀ဒသမ ၂၉၂ဧကအား မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနရုံးမြေအဖြစ်အသုံးပြုရန် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးမှ အောက်ပါအတိုင်း မြေပေးမိန့်လျှောက်ထားလာပါသည်-

မြောက်လားသော်-ဦးကျော်သိန်း၊ အရှေ့လားသော်-မီးရထားလမ်း၊ တောင်လားသော်-မီးရထားမြေ၊ အနောက်လား သော်-မင်းရဲကျော်စွာလမ်း

၂။ ယခုမြေကွက်ကို လူနေအိမ်အသုံးပြုရန် ဖြစ်ပါသည်။

၃။ ယခုမြေကွက်ကို မည်သည့်အတွက် မြေပေးမိန့်မပေးသင့်ကြောင်း အကြောင်းပြနိုင်သူ မည်သူမဆို သိစေလိုက်သည်မှာ မြေပေးမိန့် ပေးခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ပေးပို့ရမည်။ ကန့်ကွက်လွှာအားလုံးကို စာဖြင့်ရေးသားကြရမည်။ အထက်ဖော်ပြထားသည့် နေ့၏နောက်ပိုင်းတွင် ပေးပို့မည့်ကန့်ကွက်လွှာများကို လက်ခံလိမ့်မည်မဟုတ်ပါ။

၄။ အကယ်၍ သတ်မှတ်ရက်တွင် သို့မဟုတ် ထိုနေ့မတိုင်မီ ကန့်ကွက်လွှာများကို လက်ခံရရှိခြင်းမရှိပါက ထိုမြေကို အဆိုပါမြေပေးမိန့် လျှောက်ထားသူကို ထုတ်ပေးမည်ဖြစ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြန်အောင်မြို့**

# စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများအား ၁၁-၈-၂၀၂၀ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၁၅-၉-၂၀၂၀** ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများ အနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူ ရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည် တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၂၀၃၃၁၊ ၀၃၆-၂၀၃၃၈)သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် Digital Radio(9 Band)များ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အတွက်လိုအပ်သော အောက်ဖော်ပြပါ Digital Radio (9 Band)(45000 Nos)ကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

Digital Radio(9 Band) 45000 Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၃-၉-၂၀၂၀)ရက်မှ (၁၂-၉-၂၀၂၀)ရက်ထိ နေ့စဉ် နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၄-၉-၂၀၂၀ရက် နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် စက်ပစ္စည်းစာရင်း အသေးစိတ်အချက် အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော်(တပ်ကုန်း)
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၉ ခုနှစ် တရားမအထွေထွေအယူခံမှုအမှတ်-၄

၁။ ဦးအောင်မြင့် **နှင့်** ဒေါ်နန်းစောထွေး (၄င်း၏အခွင့်ရ
၂။ ဒေါ်ဝင်း ကိုယ်စားလှယ် ဦးဝင်းကြွယ်)
**အယူခံတရားလိုများ** **အယူခံတရားပြိုင်**

၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၉ ရက်စွဲပါ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမ အယူခံမှုအမှတ် ၄၃/၂၀၁၈ အမှုတွင် ချမှတ်သောဒီကရီကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ စစ်ကိုင်းလမ်း၊ အခန်းအမှတ် ၁၀၁၊ တိုက်အမှတ် (L-3)နေ အယူခံတရားပြိုင် ဒေါ်နန်း စောထွေး (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးဝင်းကြွယ်) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

